# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နယုန်လကွယ်နေ့ ၂၀၁၅ ခုနှစ်၊ ဇွန် ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၅၄]


**အေးစေ မြဲစေ မေတ္တာရေ**

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# မြန်မာဘောလုံးအသင်း၏စွမ်းဆောင်မှုများကို ပြည်သူတစ်ရပ်လုံးဝမ်းမြောက်

နေပြည်တော် ဇွန် ၁၅

**(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဘောလုံးဗိုလ်လုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသည့် ဘောလုံးသမားများအား ဗိုလ်လုပွဲမတိုင်မီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုအားပေးစကား ပြောကြားခဲ့သည်။**

နိုင်ငံတော်သမ္မတက သမိုင်းဝင်မည့် ဘောလုံးဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့် မြန်မာ့ဘောလုံးအသင်း၏ စွမ်းဆောင်မှုများကို မိမိအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြပါကြောင်း၊ ယနေ့ကစားမည့် ဘောလုံးဗိုလ်လုပွဲ၌ မြန်မာလူငယ်ဘောလုံးသမားများ အနေဖြင့် အားကစားစိတ်ဓာတ်ကို အခြေခံပြီး စိတ်ဓာတ်မြင့်မြင့်မားမားနှင့် မြန်မာ့စွမ်းရည်ကိုပြသပြီး မြန်မာ့ဂုဏ်ကို ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများအားလုံးကလည်း တစ်ခဲနက်မြန်မာ ဘောလုံးအသင်းကို မိမိနှင့်အတူ အားပေးနေကြမည်

*စာမျက်နှာ ၉ ကော်လံ ၁* ❁




ဓာတ်ပုံ - စိုးညွန့် (ခေတ္တစင်ကာပူ)




# ပြည်သူအားလုံး၏ နှစ်သိမ့်အားပေးမှုကို ရရှိခဲ့သည့် မြန်မာအသင်း ငွေတံဆိပ်ဆွတ်ခူး

သတင်း စာမျက်နှာ-၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ရှေးဟောင်းအမွေအနှစ်များထိန်းသိမ်း

ရှေးဟောင်းအမွေအနှစ်များသည် နိုင်ငံနှင့်လူမျိုးတို့၏ သမိုင်းကြောင်းနောက်ခံနှင့်ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသည့်အတွက် နိုင်ငံတိုင်းက အလေးထားကာကွယ်စောင့်ရှောက်ထိန်းသိမ်းထားလျက်ရှိပါသည်။ ကမ္ဘာတည်အောင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်ကြမည်ဆိုလျှင် နိုင်ငံနှင့်လူမျိုးတို့သည်လည်း ကမ္ဘာတည်သရွေ့တည်တံ့နေမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အလေးထားထိန်းသိမ်းစောင့်ရှောက်နေကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့် ပုဂံခေတ်မတိုင်မီ ထွန်းကားခဲ့သော ပျူခေတ်ရှေးဟောင်းအမွေအနှစ်များကို အစောဆုံးအဖြစ်ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့များသည် ပျူရှေးဟောင်းယဉ်ကျေးမှု မြို့များဖြစ်ပါသည်။ ဤရှေးဟောင်းမြို့များအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခေတ်အဆက်ဆက်တည်ရှိခဲ့သော ရှေးဟောင်းအမွေအနှစ်များအားလုံးကို စနစ်တကျထိန်းသိမ်းရန်လိုအပ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇွန် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအနီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်သို့ရောက်ရှိစဉ် ဒေသခံပြည်သူများအတွက် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လူကြောင့်လည်းကောင်း ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရာတွင်ထားရှိရသည့် စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် ရှေးဟောင်းသုတေသနပညာရှင် မျိုးဆက်သစ်များမွေးထုတ်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း လူတိုင်းလိုက်နာသင့်သော စည်းကမ်းချက်များမှာလည်း မှတ်သားလိုက်နာဖွယ်ရာပင် ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၌ သမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ သဘာဝရှုခင်း၊ တိရစ္ဆာန်၊ အပင်ဖွဲ့တည်မှု၊ ရေအရင်းအမြစ်စသည်တို့ကို ထိခိုက်စေသည့် ဆောင်ရွက်ခြင်းများ ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် ယဉ်ကျေးမှုဇုန်နယ်မြေများအတွင်း ရွှေကျင်ခြင်း၊ မြေတူးခြင်း၊ ရေကန်တူးခြင်း၊ ကျောက်ထုတ်ခြင်း၊ တောင်ပူစာနှင့်တောင်ကုန်းများဖြိုဖျက်ခြင်း၊ ကန်၊ မြောင်း၊ လျှို၊ ချိုင့်၊ လွင်ပြင်များမြေဖို့ခြင်းနှင့် သဘာဝရှုခင်း၊ ရှုကွက်ကို ပျက်စီးစေနိုင်သော ဆောင်ရွက်လုပ်ကိုင်မှုများလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် သာသနိကအဆောက်အအုံများ၊ စေတီပုထိုးကျောင်းကန်အမျိုးမျိုးတို့ကို ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးခြင်း၊ အခြား တူးဆွခြင်း၊ ခြောက်ပေထက်ပို၍ မြင့်မားသော စီးပွားဖြစ်နှစ်ရှည်ပင်များစိုက်ပျိုးခြင်းတို့ကိုလည်း ခွင့်မပြုကြောင်း သတ်မှတ်ထားပါသည်။

သို့ပါ၍ ရှေးဟောင်းအမွေအနှစ်ဒေသနှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို မူလတည်ရှိနေသည့် အနေအထားအတိုင်းတည်တံ့အောင် ကမ္ဘာ့စံသတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းချက်များကိုလည်း အလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ရှေးဟောင်းပစ္စည်းများအားလုံးသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူများအားလုံး၏သမိုင်းကို ပြောပြနိုင်သော အမွေအနှစ်များဖြစ်ပါသဖြင့် ကမ္ဘာတည်သရွေ့တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံပါနှင့်၊ မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

## သုတေသနဌာနများနှင့် တက္ကသိုလ်များ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်



**နေပြည်တော် ဇွန် ၁၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်သည် ဇွန် ၁၂ ရက်က ကျောက်ဆည်မြို့ရှိ ဇီဝနည်းပညာသုတေသနဌာန (ကျောက်ဆည်)သို့ ရောက်ရှိပြီး သက်ဆိုင်ရာတက္ကသိုလ်နှင့်ကျောင်းများရှိ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ သုတေသန လုပ်ဆောင်နေသော သုတေသီများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တက္ကသိုလ်များအနေဖြင့် အသွင်ကူးပြောင်းရေးကာလအတွင်း Autonomous University များဖြစ်ရန် ဆောင်ရွက်နေသည့် ကာလဖြစ်သဖြင့် ဆောင်ရွက်လျက်ရှိသည့် Autonomous University အဖြစ် ရပ်တည်နိုင်ရေး စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် နိုင်ငံတကာအဆင့်မီ Research Based University များဖြစ်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပြီး သုတေသနဌာနများနှင့်တက္ကသိုလ်များအချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇီဝနည်းပညာ သုတေသနဦးစီးဌာနရှိ ဌာနခွဲအသီးသီးမှ ဓာတ်ခွဲခန်းများနှင့် သုတေသနအစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း)သို့ရောက်ရှိပြီး လက်တွေ့ခန်းများ၊ ဌာနများနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နည်းပညာကျွမ်းကျင်မှုမွမ်းမံသင်တန်းများတွင် တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### မြစိမ်းရောင်စီမံကိန်း ကြည့်ရှုစစ်ဆေး

**လက်ပံတန်း ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ညောင်ဝိုင်းကျေးရွာအုပ်စု ဂရမ်ရွာသစ်ကျေးရွာတွင်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကို ဇွန် ၁၂ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် အဖွဲ့ဝင်များ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့်စိုက်ပျိုးထားသည့် စိုက်ခင်းများနှင့် ဝက်၊ ကြက်မွေးမြူထားရှိမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝ၉၈)




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါက်ချွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၁၀-၅၂၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၁၀၀-၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၁၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၉၀-၈၁၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၁၈၀-၁၂၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

၈-၆-၂၀၁၅မှ ၁၂-၆-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၇၇၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၈၅ ကျပ်ဖြစ်ပြီး လက်လီဆိုင် များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။

(စွမ်းအင်ဝန်ကြီးဌာန)

# အနာဂတ်ကာလတွင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဖူလုံရေးအတွက် အရေးကြီးသောပူးပေါင်းဆောင်ရွက်မှုဖြစ်

နေပြည်တော် ဇွန် ၁၅

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pridiyathorn Devakulaတို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့အကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ (ယာပုံ)**




လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pridiyathorn Devakula တို့၏ ရှေ့မှောက်၌ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ အကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Dr. Narongchai Akrasanee တို့ကလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Dr.Narongchai Akrasanee တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာများကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲ အပြီးတွင် ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီးချုပ်တို့သည် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာစားသုံးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် ၂၆ နှစ်ရှိပြီဖြစ်ကာ ယခုရေးထိုးသည့် နားလည်မှုစာချွန်လွှာသည် ယခင်လက်မှတ်ရေးထိုးခဲ့သော စာချွန်လွှာနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ စွမ်းအင်ဖူလုံရေး၊ အကျိုးစီးပွားဖြစ်ထွန်းရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ဆိုင်ရာ နယ်စပ်ဖြတ်ကျော် လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ယခု နားလည်မှုစာချွန်လွှာတွင် သဘာဝဓာတ်ငွေ့အရည် တင်သွင်းဖြန့်ဖြူးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပါဝင်ပြီး လက်ရှိစွမ်းအင်လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှုကွာဟချက်ကို ကျဉ်းမြောင်းလာစေရန်နှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ဖူလုံရေးအတွက် အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အမျိုးသားလွှတ်တော် ရေးရာဆောင်(I-20)၌ လက်ခံတွေ့ဆုံသည်။



အဆိုပါ ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးဝင်းနောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅) အဆိုပြုလွှာတင်သွင်းခွင့်ရရှိသူများ အမည်စာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၁၅**

မြန်မာ-ဂျပန်အသင်း (MJA) ၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ်-၂၀၁၅) အတွက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအနက်မှ ဘက်စုံထူးချွန်သူ ၂၀ ဦးအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ရှစ်ရက်ကြာ လေ့လာရေးခရီးစဉ်ကို လာမည့် စက်တင်ဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်သည်။

မြန်မာ-ဂျပန် အသင်းသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အမှတ်စာရင်းများညှိနှိုင်းရရှိပြီးဖြစ်၍ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာများတင်သွင်းခွင့်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းအလိုက်မှ အမှတ်အများဆုံးရရှိသူ ငါးဦးစီဖြင့် စုစုပေါင်း ၇၅ ဦး၊ တစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိဇ္ဇာဘာသာတွဲဖြင့် အမှတ်အများဆုံး ရရှိသူ ၁၀ ဦးနှင့် ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ငါးဦး စုစုပေါင်း ထူးချွန်ကျောင်းသားကျောင်းသူ ၁၀၀ ၏ စာရင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပြုလွှာ တင်သွင်းခွင့်ရရှိသူ အမည်စာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများ၌ဖြစ်စေ၊ မြန်မာ-ဂျပန် အသင်းရုံး၌ဖြစ်စေ ဆက်သွယ်စုံစမ်းသိရှိနိုင်ပြီး အဆိုပြုလွှာပုံစံများကို အခမဲ့ ရယူနိုင်သည်။ အဆိုပြုလွှာ တင်သွင်းခွင့်ရှိသူများသည် မိမိတို့ဆန္ဒအရ အဆိုပြုလွှာပုံစံများကို မြန်မာ-ဂျပန် အသင်း(ရန်ကုန်)သို့ ဇူလိုင် ၁၀ ရက် မတိုင်မီ ပေးပို့လျှောက်ထားရမည် ဖြစ်သည်။

မြန်မာ-ဂျပန် အသင်းသည် အဆိုပြုလွှာများကိုစိစစ်၍ လူတွေ့စစ်ဆေးခွင့်ရရှိသူများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့၌ ခေါ်ယူလူတွေ့စစ်ဆေးပြီး ဘက်စုံထူးချွန်သူ ၂၀ ကို အတည်ပြုရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဘက်စုံထူးချွန်သူ ၂၀ အား တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းအလိုက် တစ်ဦးစီဖြင့် ၁၅ဦး၊ တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲမှ နှစ်ဦး၊ ဝိဇ္ဇာဘာသာတွဲမှ နှစ်ဦး၊ ဝိပ္ပံဘာသာတွဲမှတစ်ဦး ရွေးချယ်သွားမည် ဖြစ်ကြောင်း မြန်မာ-ဂျပန်အသင်းက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးသစ်လင်းအုန်းအား ခန့်အပ်

**နေပြည်တော် ဇွန် ၁၆**

ကိုရီးယားဒီမိုကရစ်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဇွန် ၃ ရက်တွင် ပြုံယမ်းမြို့၌ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော် နိုင်ငံရေးဦးဆောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနန်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

# အီတလီနိုင်ငံသံအမတ်ကြီးခန့်အပ် မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီ

**နေပြည်တော် ဇွန် ၁၅**

မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီအား ရန်ကုန်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်ပါသည်။

မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီကို ၁၉၆၅ ခုနှစ်တွင် အီတလီနိုင်ငံ ကူနီယိုမြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် အီတလီနိုင်ငံ မီလန်မြို့ရှိ လူဂျီဘိုကိုနီတက္ကသိုလ်မှ နိုင်ငံရေးဆိုင်ရာ စီးပွားရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့နှင့် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တို့ရှိ အီတလီသံရုံးများနှင့် ဥရောပကောင်စီရှိ အတွင်းရေးမှူးချုပ်ရုံးတို့တွင် တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အမျိုးသားစီမံခန့်ခွဲရေးဆိုင်ရာဌာန၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပထမသံမှူးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဥရောပပေါင်းစည်းရေးဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနရှိ ဥရောပအဖွဲ့အစည်းများဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ အီတလီသံရုံး၌ ပထမသံမှူးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

(သတင်းစဉ်)

# ဟောင်ကောင်သည် စာဒကတက်ဖွယ်ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အောင်မြင်စွာကျော်ဖြတ်ရန် ကြိုးစား




**ဟောင်ကောင် ဇွန် ၁၅**

တရုတ်အားပေးထောက်ခံမှုပြုထားသော စာဒကတက်ဖွယ်ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး အစီအစဉ်အပေါ် ဟောင်ကောင်က ယခုအပတ်တွင်မဲပေးရန် အရှိန်မြှင့်လုပ်ဆောင်နေသည်။ ဒီမိုကရေစီလိုလားသူများက လမ်းလျှောက်ဆန္ဒပြပွဲများပြုလုပ်နေချိန် ရက်သတ္တပတ်အဆုံး စနေ၊ တနင်္ဂနွေလူထုသဘောထား စစ်တမ်းများက လူထုထောက်ခံမှုများသည် ပြောင်းလဲမှုရှိနေကြောင်း ဖော်ပြခဲ့သည်။

သို့သော် တရုတ်အကြီးတန်းအရာရှိများက ဤဖြစ်ရပ်၏နောက်ကွယ်၌ ဟောင်ကောင်သည် စာဒကတက်ဖွယ်ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ပေါ် အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ကြောင်း မျှော်လင့်နေသည်။ အကျိုးဆက်အားဖြင့် အာရှ၏စီးပွားရေးအချက်အချာကျသော ဟောင်ကောင်တွင် သပိတ်မှောက်မှုများ ပိုမိုဖြစ်စေနိုင်ကြောင်း တရုတ်အကြီးတန်းအရာရှိများက သုံးသပ်ထားသည်။

စာဒကတက်ဖွယ်ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး အစီအစဉ်ပေါ် မကျေနပ်သော ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားနေချိန် လွန်ခဲ့သောနှစ်က အဓိကရုဏ်းနှိမ်နင်းရေး ရဲများသည် သပိတ်မှောက်သူများအား နှိမ်နင်းခဲ့သည်။ စာဒကတက်ဖွယ်ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင် တရုတ်က ၂၀၁၇ တွင် ခန့်အပ်မည့် ဟောင်ကောင်ခေါင်းဆောင်နေရာအတွက် တိုက်ရိုက်မဲပေးမှုကို အဆိုပြုထားသည်။

ရဲများက ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် နိုင်ငံရေးအုပ်စုမှ နိုင်ငံရေးသမားကိုးဦးကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးမှုများထဲတွင် ကျောင်းသားတစ်ဦးနှင့် သင်ထောက်ကူပစ္စည်းများလည်း ပါဝင်ကြောင်း မီဒီယာပိုင်းက ဖော်ပြခဲ့သည်။ ပေါက်ကွဲစေတတ်သောပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် ဖမ်းဆီးမှုများသည် မဲပေးမှုနှင့်သက်ဆိုင်ခြင်း ရှိ မရှိကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ရဲဌာနပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ၎င်းကိစ္စကို ငြင်းချက်ထုတ်ထားသည်။

ရဲများသည် ဗုဒ္ဓဟူးနေ့တွင် စတင်ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးအစီအစဉ်ပေါ် အငြင်းပွားမှုမဖြစ်ခင် အစိုးရရုံးဌာနချုပ်များအနီးတွင် ကာကွယ်မှုများ ပြုလုပ်ထားခဲ့သည်။ **(ရိုက်တာ)**




# ဖမ်းဆီးရခက်သည့် စစ်သွေးကြွခေါင်းဆောင် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံး

**ဘေးခါ ဇွန် ၁၅**

အယ်လ်ဂျီးရီးယားရှိ ဓာတ်ငွေ့ထုတ်လုပ်ရာ နယ်မြေတစ်ခုတွင် ဖြစ်ပွားခဲ့သည့် လူအသေအပျောက်ရှိသော တိုက်ခိုက်မှုတစ်ခုအတွက် စွပ်စွဲခံထားရပြီး မြောက်အာဖရိကဒေသကို ဖြတ်သန်းသွားသည့် မှောင်ခိုလမ်းကြောင်းများကို စီစဉ်ဆောင်ရွက်နေသူလည်းဖြစ်သည့် ဘာသာရေး အစွန်းရောက်စစ်သွေးကြွ ဟောင်းတစ်ဦးမှာ လစ်ဗျားနိုင်ငံအတွင်း အမေရိကန်လေကြောင်း တိုက်ခိုက်မှုတွင် သေဆုံးသွားခဲ့ကြောင်း လစ်ဗျားအစိုးရက ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

အယ်လ်ဂျီးရီးယားလူမျိုးဖြစ်သော အဆိုပါစစ်သွေးကြွကို ပြင်သစ်စစ်ဘက်က "ဖမ်းရခက်သူ"ဟူ၍ အမည်ပြောင်ပေးထားခဲ့ပြီး မြောက်အာဖရိကနှင့်ဆာဟာရနယ်စပ်ဒေသတစ်လွှား ထကြွသောင်းကျန်းမှုများ၏ အဓိက လက်သည်လည်းဖြစ်သူ မွတ်ခ်တာဘဲလ်မွတ်ခ်တာသည် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း တရားဝင်လစ်ဗျားအစိုးရက ပြောကြားသည်။

စနေနေ့ညက ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုသည် ဘဲလ်မွတ်ခ်တာကို ပစ်မှတ်ထားခဲ့ကြောင်း၊ အမေရိကန်စစ်ဘက်ကအတည်ပြုခဲ့သော်လည်း ၎င်းသေဆုံးကြောင်းကိုမူ ပြောကြားခြင်းမပြုခဲ့ပေ။

စစ်ဆင်ရေး၏ရလဒ်ကို ပင်တဂွန်က ဆက်လက်အကဲဖြတ်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်စတိဗ်ဝါရင်က ကြေညာချက်တွင်ဖော်ပြထားသည်။

လစ်ဗျားအရှေ့ပိုင်းမြို့ ဘေးဒါတွင် ရုံးစိုက်သည့် နိုင်ငံတကာအသိအမှတ်ပြု လစ်ဗျားအစိုးရက ဘဲလ်မွတ်စ်တာနှင့်အတူ အမည်ဖော်ပြခြင်းမရှိသော အခြားစစ်သွေးကြွခေါင်းဆောင်များလည်း အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရကြောင်း ပြောကြားသည်။ **(ရိုက်တာ)**

# ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ် ထိပ်တန်းအရာရှိများ လာဘ်စားမှုအရှုပ်တော်ပုံနှင့်ကြုံတွေ့

**ဟိုချီမင် ဇွန် ၁၅**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်မှ ထိပ်တန်းအရာရှိနှစ်ဦးကို လက်ထောက်တစ်ဦးက ၎င်းထံမှလာဘ်စားမှုဖြင့် စွပ်စွဲခဲ့သည့် အဆိုပါစွပ်စွဲမှုသည် ၎င်းရာထူးမှ ဖယ်ရှားခံရပြီး ရက်အနည်းငယ်အတွင်း၌ ပေါ်ပေါက်ခဲ့ကြောင်း ဒေသတွင်းအွန်လိုင်းသတင်းစာက ဇွန် ၁၅ ရက်က ဖော်ပြခဲ့သည်။

ငုယင်ဗန်ချောင်သည် ဗီယက်နမ်လူငယ်ဘောလုံးအားကစားလေ့ကျင့်ရေးစင်တာမှ ညွှန်ကြားရေးမှူးဟောင်းဖြစ်ကာ အခြားအလုပ်သမားများနှင့်အတူ ဇွန် ၁ ရက်က အလုပ်မှထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက် ချောင်က ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ လီဟန်ဒန်နှင့် ၎င်း၏လက်ထောက် ထရန်ကွက်တန်တို့နှစ်ဦးသည် ၎င်းတို့တစ်ဦးချင်းစီမှ ဗီယက်နမ်ဒေါင် သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၄၅၈၇)ယူထားကြောင်း ဖော်ထုတ်ခဲ့သည်။

အလုပ်အနားပေးသည်ကို သိလျှင်သိချင်း ချောင်သည် အရာရှိနှစ်ဦးကို လာဘ်စားပိုက်ဆံများ ပြန်ပေးရန် တောင်းဆိုခဲ့သော်လည်း အလုပ်ဖြုတ်ခံရမှုဖြင့်သာ အဆုံးသတ်ခဲ့ရကြောင်း ပြောခဲ့သည်။

ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနထံ ပေးပို့သော ၎င်း၏တိုင်ကြားစာတွင် ချောင်က အဖွဲ့ချုပ်ဥက္ကဋ္ဌဒန်ကို ၂၀၁၄ ဇူလိုင် ၁၅၊ ရက်က ဗီယက်နမ်ဒေါင် သန်း ၁၀၀ ပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ သို့သော် ယခုနှစ်မေလတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌဒန်က ၎င်းငွေများကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ၎င်းအလုပ်ပြုတ်ခြင်းကိစ္စတွင် မကူညီနိုင်ကြောင်း ပြောခဲ့သည်။

ချောင်သည် ၎င်းအတွက် ရှေ့နေငှားရမ်းမည်ဖြစ်ကာ ၎င်း၏စွပ်စွဲချက်များကို ခိုင်မာစေရန် သက်သေအထောက်အထားများကို ရှာဖွေမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းမီဒီယာသို့ ပြောကြားခဲ့သည်။

သို့သော်လည်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒန်ကမူ လာဘ်စားမှုမရှိပါဟု ဆက်လက်ငြင်းဆိုနေဆဲဖြစ်သည်။ **(ဆင်ဟွာ)**

# ကလေးငယ်များအား လိင်ဆိုင်ရာ အလွဲသုံးမှုများအတွက် ဩစတြေးလျ ဖျော်ဖြေရေးလုပ်ငန်းကို စစ်ဆေးသွားမည်

**ဆစ်ဒနီ ဇွန် ၁၅**

ကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုများအတွက် ဩစတြေးလျရှိ ဖျော်ဖြေရေးလုပ်ငန်းများကို တော်ဝင်စုံစမ်းရေးကော်မရှင်က စုံစမ်းစစ်ဆေးမည်ဟု ဒေသမီဒီယာက တနင်္လာနေ့၌ ဖော်ပြသည်။

ဖျော်ဖြေရေး လုပ်ငန်းများဟုဆိုရာတွင် အစိုးရသို့မဟုတ် ပုဂ္ဂလိကဆိုင်ရာ ရုပ်မြင်သံကြားကွန်ရက်များ၊ ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်မြင်သံကြားထုတ်လုပ်သည့် ကုမ္ပဏီများ၊ ပြဇာတ်တင်ဆက်မှုဆိုင်ရာ ကုမ္ပဏီများ၊ ယဉ်ကျေးမှုကျောင်းများနှင့် ကောလိပ်များ၊ တည်းဖြတ်ရေးအေဂျင်စီများနှင့် အခြားအဖွဲ့အစည်းများအားလုံးကို ထည့်သွင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့အကြီးအကဲ ဖိလစ်ရိဒ်က ပြောခဲ့သည်။

၁၉၈၀ ပြည့်နှစ်များက ဩစတြေးလျအနုပညာရှင် ရောဘတ်ဟတ်ချ်စ်သည် ကလေးငယ်အား လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု ၁၀ ခုကို ကျူးလွန်ခဲ့သဖြင့် ၂၀၁၄ ဧပြီလတွင် ထောင်ဒဏ်ခုနစ်နှစ် ကျခံခဲ့ရသည်။ **(ဆင်ဟွာ)**

# မားစ်ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာမှုကြောင့် တောင်ကိုရီးယားတွင် ကျောင်းများပြန်ဖွင့်

**ဆိုးလ် ဇွန် ၁၅**

အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်သော မားစ်ရောဂါဖြစ်ပွားမှုအန္တရာယ်ကြောင့် ပိတ်ထားခဲ့ရသည့် ထောင်ချီသော တောင်ကိုရီးယားရှိကျောင်းများကို ရောဂါဖြစ်ပွားနှုန်းလျော့ကျလာမှုကြောင့် တနင်္လာနေ့က ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံပြင်ပ၌ ရောဂါဖြစ်ပွားသူစုစုပေါင်း ၁၅၀ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္လာနေ့က ပြောခဲ့သည်။ မားစ်ရောဂါပိုး နောက်ထပ်ကူးစက်ခံရသည့်လူနာမှာ ၁၆ ဦးမြောက် သေဆုံးသူဖြစ်သည်ဟု ဝန်ကြီးဌာနက ဆိုသည်။

"ကြီးမားပြီးရှုပ်ထွေးသော ရုတ်တရက်ကပ်ရောဂါကျရောက်မှု"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ခေါ်ဝေါ်သည့် မားစ်ရောဂါပျံ့နှံ့မှုကိုရပ်တန့်စေရန် ကြိုးပမ်းမှုအဖြစ် ဆေးရုံလေးခုကို ပိတ်ထားခဲ့သည်။ သောကြာနေ့က ကျောင်းပေါင်း ၂၉၀၀ ကိုပိတ်ထားခဲ့ရာ တနင်္လာနေ့တွင် ကျောင်းပေါင်း ၄၄၀ ထက်မနည်း ဖွင့်လှစ်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေးကို ထောက်ခံသူများက မားစ်ရောဂါဖြစ်ပွားမှုအပေါ် အစိုးရ၏တုံ့ပြန်ဆောင်ရွက်ချက်ကို အပြင်းအထန်ဝေဖန်လျက်ရှိသည်။ **(ရိုက်တာ)**



# ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပီ ပက်ထရစ် ရှက်ဗ်၏ ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာပြီး ထိုမှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ခရီးစဉ်အတွင်း ဒုတိယသမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆာဂေး ပရီခေါ်ဒ်ကို၏ ဖိတ်ကြားချက်အရ စိန့်ပီတာစဘာဂ်မြို့၌ကျင်းပမည့် စိန့်ပီတာစဘာဂ် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်သို့ တက်ရောက်မည်ဖြစ်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီပိုစပယ်လော့ဖ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒေါက်တာကိုကိုဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတဦးညဏ်ထွန်း (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားမည့်မြန်မာအားကစားသမားများအား တွေ့ဆုံအားပေး

**စင်ကာပူ ဇွန် ၁၅**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့်(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ် ကို ယှဉ်ပြိုင်ကစားကြမည့် မြန်မာ ဘောလုံးအသင်းအား ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် စင်ကာပူနိုင်ငံရှိ မြန်မာဘောလုံးအသင်း တည်းခို နေထိုင်သည့် Day’s Hotel ရှိ အစည်းအဝေးခန်းမ၌ သွားရောက် တွေ့ဆုံ၍ အားပေးစကားပြောကြား သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယ သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဒေါက်တာကိုကိုဦး၊ ဦးတင့်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာဘောလုံး အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြ သည်။

ရှေးဦးစွာ နိုင်ငံတော် ဒုတိယ သမ္မတဦးညဏ်ထွန်းက မြန်မာ ဘောလုံးအသင်း ယှဉ်ပြိုင်ကစားနေမှု ကို နိုင်ငံတော်အကြီးအကဲ အပါ အဝင် တစ်နိုင်ငံလုံးမှ ပြည်သူများက လည်း LED Board ဖြင့် စောင့်မျှော် ကြည့်ရှုနေပါကြောင်း၊ မြန်မာဘောလုံး သမားများ၏ ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုကို တစ်နိုင်ငံ လုံးက အသိအမှတ်ပြုပါကြောင်း၊ မြန်မာဘောလုံးသမိုင်းအသစ် ရေးထိုး လိုက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ ယှဉ်ပြိုင် ကစားရာတွင်လည်း စိတ်ဓာတ်တည်ငြိမ်မှုအပြည့်၊ အပေး အယူကောင်းကောင်းဖြင့် အကောင်း ဆုံးပြင်ဆင်ကစားရန် လိုအပ်ပါ ကြောင်းနှင့် မြန်မာအားကစားသမား များ ကြိုးစားကြမည်ကိုလည်း ယုံကြည် ပါကြောင်း၊ မြန်မာနည်းပြများဖြင့် အောင်မြင်မှုရရှိနေခြင်းသည်လည်း အလွန်ဂုဏ်ယူစရာ ကောင်းမွန်ပါ ကြောင်း၊ မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တမ်းရှိနေသော ရှုံးကြွေးများကို အကောင်းဆုံး ပြန်လည်ပေးဆပ်ခွင့် ရသည့်ပွဲဖြစ်ပါကြောင်း၊ အကောင်းဆုံး စိတ်ဓာတ်နှင့် အကောင်းဆုံး စွမ်း ဆောင်ရည်ကို ပေါင်းစပ်ကာ ယှဉ်ပြိုင် ကစားကြစေလိုကြောင်းနှင့် ယနေ့ ညနေယှဉ်ပြိုင်မည့်ပွဲကို တစ်နိုင်ငံလုံး က ဝမ်းသာအားရ စောင့်မျှော်ကြည့်ရှု နေမည်ဖြစ်ကြောင်း ပြောကြား သည်။



ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်းက ယနေ့ယှဉ်ပြိုင် သော ဗိုလ်လုပွဲကို အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်ရှင်းစင်ကြယ်စွာ အနစ်နာခံ၍ကစားကြရန် လိုအပ်ပါ ကြောင်း၊ တစ်ဖက်အသင်းက မည်သို့ ပင် ဖိအားပေးကစားစေကာမူ မိမိတို့ ၏ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကစားကြရန် လိုအပ်ကြောင်း တိုက် တွန်းပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန်ပြည်ထောင်စု ဂျော့ဝါရှင်တန်တက္ကသိုလ်မှ ကျောင်းသားများ ပြည်ထောင်စုဝန်ကြီးအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

အမေရိကန် ပြည်ထောင်စု ဂျော့ဝါရှင်တန်တက္ကသိုလ်မှ မဟာ ဘွဲ့ရနှင့်ဘွဲ့ကြိုသင်တန်း တက် ရောက်လျက်ရှိသော တက္ကသိုလ် ကျောင်းသား ၁၄ ဦးနှင့် ပါမောက္ခ နှစ် ဦးတို့သည် ဇွန် ၁၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်၊ နေပြည်တော်၊ ပုဂံ၊ အင်းလေးနှင့် ရန်ကုန်မြို့များသို့ ကွင်းဆင်းလေ့လာရေး ခရီးစဉ်အဖြစ် လာရောက်ကြသည်။

အမေရိကန် ပြည်ထောင်စု ဂျော့ဝါရှင်တန်တက္ကသိုလ်မှ လေ့လာ ရေး ကျောင်းသား ၁၄ ဦး၊ ဆရာ နှစ် ဦးနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အမျိုးသားစီမံခန့်ခွဲမှု ကောလိပ်မှ ခရီးသွားလုပ်ငန်းဘာသာရပ် သင်ကြား နေသော ကျောင်းသားခြောက်ဦး တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီး သွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် အား လာရောက်တွေ့ဆုံကာ မိမိ တို့ သုတေသနပြုလုပ်မည့် ခရီးစဉ်များ ကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။




ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စု ဝန်ကြီးက နှုတ်ဆက်အမှာစကားပြော ကြားပြီး အမေရိကန် ပြည်ထောင်စု ဂျော့ဝါရှင်တန်တက္ကသိုလ်မှ ပါမောက္ခ နှစ်ဦးတို့နှင့် အပြန်အလှန်ဆွေးနွေး ခဲ့ကြသည်။ အဆိုပါ လေ့လာရေး အဖွဲ့သည် အင်းလေးဒေသခရီးသွား လုပ်ငန်းအခွင့်အလမ်းများနှင့် ပတ် သက်၍ စာတွေ့လက်တွေ့လုပ်ငန်း စဉ်၊ စေတနာ့ဝန်ထမ်းလုပ်ငန်းစဉ်နှင့် ပညာပေးရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်လေ့လာသုံး သပ်ပြုလုပ်သွားကြမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၎င်းတို့ လေ့လာရေးအဖွဲ့သည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ Online ဖြင့် ဈေးကွက်မြှင့်တင်ခြင်း၊ လူမှုအဖွဲ့အစည်း အခြေခံခရီးသွား လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်ပတ်သက်သည့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်ရန် အဖွဲ့ လေးဖွဲ့ခွဲ၍ သုတေသနပြုလုပ်သွားကြမည် ဖြစ် သည်။

အဆိုပါ စီမံကိန်းအဖွဲ့သည် ပုဂံညောင်ဦး၊ ပခုက္ကူနှင့် အင်းလေး ဒေသများ၌ ဇွန် ၁၆ ရက်မှ ၂၆ ရက်အထိ သိပ္ပံ၊ စာပေ၊ စေတနာ့ဝန်ထမ်းနှင့် ပညာရေး ဆိုင်ရာ(SAVE Tourism) ခရီးသွား လုပ်ငန်းနှင့် လူ့ပ်ရှားမှုများနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) အတွက် အခွင့်အလမ်းများကို ပြသ နိုင်ရန် ကွင်းဆင်းလေ့လာ၍ လက်ရှိ အရင်းအမြစ်များကို သုတေသန ပြုလုပ်ကြပြီး ခရီးသွားလုပ်ငန်းများ မှတစ်ဆင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် စေမည့် နည်းလမ်းများကို အကြံပြု ကြမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## ထစ်ချုန်းမိုး

**ယနေ့နံနက် ၉နာရီ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာ ကွက်ကျား၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မကွေး တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့တွင် နေရာကျဲကျဲ၊ မန္တလေး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ ခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေ ချိန်များမှာ** ကျောက်ဖြူမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၉၃လက်မ၊ ကော့ကရိတ်မြို့နှင့် သထုံမြို့တို့တွင် ၁ ဒသမ ၈၅ လက်မစီတို့ဖြစ်ကြသည်။

# ကိုရီးယားနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ကြောက်မက်ဖွယ်ရာ မားစ်ရောဂါ

အခုတလော တီဗွီ၊ သတင်းစာ ဂျာနယ်တွေမှာ ကိုရီးယားနိုင်ငံမှာ MERS ရောဂါပျံ့နှံ့ပြီး လူတွေ သေနေတဲ့ သတင်းတွေကို တွေ့ရပါလိမ့်မယ်။

ဒီနေ့ညနေ CNN သတင်းကို ကြည့်လိုက်တဲ့အခါ မှာ MERS ရောဂါကြောင့် ကိုရီးယားနိုင်ငံမှာ ၁၀ ယောက်မြောက်လူနာ သေသွားတဲ့ သတင်းကို ကြည့် လိုက်ရပါတယ်။ ကိုရီးယားတစ်နိုင်ငံလုံးမှာ MERS ရောဂါပျံ့နှံ့ပြီး လူနာ ၁၀၀ ကျော်ရှိသွားပြီး လူပေါင်း ၂၀၀၀ ကျော်ကို သွားလာခွင့် လုံးဝပိတ်ဆို့ကန့်သတ်ထားတယ်ဆိုတာလည်း တွေ့လိုက်ရပါတယ်။ CNN သတင်းက ဘာပြောလဲဆိုတော့ အခုလက်ရှိ ကိုရီးယားမှာ ဖြစ်နေတဲ့အခြေအနေဟာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဟောင်ကောင်မှာဖြစ်ခဲ့တဲ့ SARS ရောဂါလို ဖြစ်နေပါတယ်တဲ့။

ကိုရီးယားနိုင်ငံမှာ လူတွေအားလုံးဟာ ထိတ်လန့်ပြီး MERS ရောဂါကြောင့် သေမှာကို အထူးကြောက်နေကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံဟာ ဆက်ဆံကူးလူးမှုများပြားပြီး နေ့စဉ် ကိုရီးယားလေကြောင်းလိုင်းဟာ မြန်မာပြည်ကို ဆိုက်ရောက်နေတယ်။ ၁၆ ရက်နေ့မှာဆိုရင် ကိုရီးယားနိုင်ငံရဲ့ နာမည်ကြီး K - Pop အဖွဲ့ဟာ မြန်မာပြည်ကို လာရောက်ဖျော်ဖြေပါဦးမယ်။

အဲဒီတော့ မြန်မာပြည်ဟာလည်း ခေတ်ပေါ် MERS ရောဂါရဲ့ အန္တရာယ်ကို သိရှိနားလည်ပြီး ဂရုတစိုက်နဲ့ ကြိုတင်ကာကွယ်ထားဖို့ လိုပါလိမ့်မယ်။ ဂျာနယ်တွေထဲမှာလည်း မြန်မာနိုင်ငံ လေဆိပ်ကနေပြီး MERS ရောဂါကို မြန်မာနိုင်ငံထဲ ဝင်မလာအောင် တားဆီးပိတ်ပင်ဖို့ ဆောင်ရွက်နေတဲ့ အကြောင်းတွေ ဖတ်ရလို့ ဝမ်းသာမိပါတယ်။

ဒီလို အခြေအနေတွေကြောင့် MERS ရောဂါအကြောင်းကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြည်သူတွေအားလုံးလည်း သိသင့်တယ်လို့ ယူဆလို့ MERS ရောဂါအကြောင်း အရေးကြီးတဲ့ သိကောင်းစရာအချက်အလက်တွေကို ပြောပြချင်ပါတယ်။

### MERS ရောဂါဆိုတာဘာလဲ

MERS ရောဂါရဲ့ အရှည်ကတော့ Middle East Respiratory Syndrome ပါ။ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တဲ့ရောဂါတစ်ခုပါ။

**Middle East**

အရှေ့အလယ်ပိုင်းပေါ့။ ဒီရောဂါဟာ အရှေ့အလယ်ပိုင်းကစခဲ့တဲ့ ရောဂါဖြစ်လို့ပါ။

**Respiratory**

ရက်စ်ပိုင်ရေထရီ ဆိုတာကတော့ အသက်ရှူလမ်းကြောင်းပေါ့။ ဒီရောဂါဟာ အသက်ရှူလမ်းကြောင်းကို ထိခိုက်ပြီး အသက်ရှူလမ်းကြောင်းနဲ့ ပတ်သက်တဲ့ ရောဂါလက္ခဏာတွေ ဖြစ်တတ်လို့ပါ။

**Syndrome**

ဆိုတာကတော့ ရောဂါစုပေါ့။ ဥပမာပြောရမယ်ဆိုရင် အသက်ရှူကျပ်မယ်၊ ဝမ်းလျှောမယ် ဆိုတဲ့ ရောဂါလက္ခဏာအစုကို ခေါ်တာပေါ့။

MERS ဟာ ကိုရိုနားဗိုင်းရပ်စ် (Corona Virus) ကြောင့် ဖြစ်တဲ့ရောဂါပါ။ ဒီရောဂါပိုးကို ပထမဆုံး ၂၀၁၂ ခုနှစ်မှာ ဆော်ဒီအာရေးဗီးယားနိုင်ငံမှာ စတင်တွေ့ရှိခဲ့တာပါ။ ဒါကြောင့်မို့ MERS ရောဂါကို ဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကိုတော့ MERS - CoV လို့ ခေါ်ပါတယ်။ ကိုရိုနားဗိုင်းရပ်စ်ဆိုတာကတော့ သာမန် နှာစေး၊ ချောင်းဆိုးရောဂါကနေ SARS ရောဂါအထိ ဖြစ်နိုင်စေတဲ့ ဗိုင်းရပ်စ်တွေပါ။




အားလုံးကိုပြန်ပြီး ကြည့်လိုက်မယ်၊ အဓိပ္ပာယ်ဖွင့်ဆိုလိုက်မယ်ဆိုရင် MERS ဆိုတာ Middle East Respiratory Syndrome အရှေ့အလယ်ပိုင်းက ပျံ့နှံ့လာတဲ့ အသက်ရှူလမ်းကြောင်း ထိခိုက်မှုရောဂါစုလို့ ခေါ်ရမှာပေါ့။

### MERS ရောဂါဟာ ဘယ်နိုင်ငံတွေမှာ ဖြစ်နေတာလဲ

ယနေ့အထိ MERS ရောဂါဖြစ်နေတဲ့ နိုင်ငံတွေကတော့ -

**အရှေ့အလယ်ပိုင်း**

- ဂျော်ဒန်၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေးဗီးယား၊ UAE ၊ ယီမင်

**ဥရောပ**

- ပြင်သစ်၊ ဂျာမနီ၊ ယူကေ

**အာဖရိက**

- တူနီးရှား၊ အီဂျစ်

**အာရှ**

- ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်

**အမေရိက**

- ယူအက်စ်အေ၊ အမေရိကန်

### MERS ရောဂါရဲ့ လက္ခဏာတွေက ဘာလဲ

အဓိကလက္ခဏာတွေကတော့-

ဖျားမယ်၊ ချောင်းဆိုးမယ်၊ အသက်ရှူကျပ်မယ် ဆိုတဲ့ အသက်ရှူလမ်းကြောင်းထိခိုက်မှု လက္ခဏာတွေပါပဲ။

သိပ်ဆိုးလာတဲ့အခါမှာတော့ အသက်လုံးဝမရှူနိုင်တော့တဲ့ (Respiratory failure) ရပြီး စက်နဲ့ အသက်ရှူရတဲ့အဆင့်ကို ရောက်သွားပါတယ်။ ဒီဗိုင်းရပ်စ်ဟာ အောက်မှာဖော်ပြထားတဲ့ အခြေအနေမှာတော့ တော်တော်ကို ဆိုးဆိုးရွားရွားဖြစ်စေနိုင်ပါတယ်။

- ကိုယ်ခံအားနည်းနေတဲ့လူတွေ
- အသက်ကြီးတဲ့လူတွေ
- နာတာရှည်ရောဂါရှိတဲ့လူတွေ ဥပမာ- ဆီးချိုရောဂါ
- ကင်ဆာလူနာ
- နာတာရှည်အဆုတ်ရောဂါ

### MERS ရောဂါပိုး ဘယ်လိုကူးစက်လဲ

- ဘယ်လိုကူးစက်တယ်ဆိုတာ သေချာမသိပါ။
- အရှေ့အလယ်ပိုင်း Middle East မှာတော့ ရောဂါပိုးရှိတဲ့ ကုလားအုပ်တွေကနေ ကူးစက်နိုင်ပါတယ်လို့ ယူဆပါတယ်။
- အခုဖြစ်နေတဲ့ MERS ကပ်ရောဂါကြီးမှာတော့ လူနာတွေကို ပြုစုစောင့်ရှောက်ရင်းကနေ ကူးစက်တာပါ။

### MERS ရောဂါဟာ ကူးစက်လွယ်လား

- ကူးစက်နိုင်ပါတယ်။
- ဒါပေမယ့် လူတစ်ယောက်ကနေ တစ်ယောက် ကူးစက်ဖို့ မလွယ်သေးပါဘူး။
- ဒါပေမယ့် အကာအကွယ်မရှိဘဲ လူနာတွေကို ထိတွေ့ကိုင်တွယ်တယ်ဆိုရင်တော့ ကူးမှာပေါ့။

### MERS ရောဂါ ဘယ်ကစတာလဲ

- အဓိက ကူးစက်မှုစတာကို ပြောရမယ်ဆိုရင်တော့ အရှေ့အလယ်ပိုင်း ဒေသမှာရှိတဲ့ ကုလားအုပ်တွေကနေစပြီး လူတွေကို ပျံ့နှံ့တာပါ။

### MERS ကာကွယ်ဆေးရှိလား

- ယနေ့ထက်တိုင် MERS ကာကွယ်ဆေး မရှိပါ။

### MERS ရောဂါကို ဘာဆေးနဲ့ ကုမှာလဲ

- MERS ရောဂါကို ကုတဲ့ဆေးမရှိပါ။ လူနာကို သက်သာအောင် ပြုစုစောင့်ရှောက်ကုသတာပဲရှိပါတယ်။

### ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကနေ MERS ရောဂါကြောင့် ခရီးသွားကန့်သတ်မှုတွေ ရှိပါသလား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီနေ့အထိတော့ ဘယ်နိုင်ငံကို မသွားသင့်ဘူးဆိုတဲ့ ခရီးသွားကန့်သတ်ချက် မထုတ်ပြန်သေးပါဘူး။

### မြန်မာနိုင်ငံနဲ့ MERS

ဘယ်လိုကူးစက်မှန်း သေချာမသိ၊ ကုသစရာဆေးမရှိ၊ ကာကွယ်ဆေး မပေါ်သေးတဲ့ MERS ရောဂါဟာ မြန်မာပြည်ကို ရောက်မလာဘူးလို့ မပြောနိုင်ပါဘူး။

အထူးသဖြင့် ခုလို ကိုရီးယားတစ်နိုင်ငံလုံးမှာ ပျံ့နှံ့ကူးစက်ပြီး လူနာ ၁၀ ယောက်ကျော် အသက်ဆုံးရှုံးပြီး လူပေါင်းရာကျော် ရောဂါကူးစက်နေပြီဖြစ်တဲ့အတွက် ကိုရီးယားနိုင်ငံနဲ့ အကူးအလူး အဆက်အဆံများတဲ့ မြန်မာနိုင်ငံအနေနဲ့ အထူးသတိထားရမယ့် အခြေအနေမှာရှိနေပြီဖြစ်ပါတယ်။ MERS ရောဂါ လူနာများ မြန်မာပြည်ကို ရောက်လာမယ်ဆိုရင် ဘယ်ဆေးရုံမှာထားလို့ ဘယ်လိုကုပြီး ရောဂါမပျံ့နှံ့အောင် ဘယ်လိုကာကွယ်မှာလဲဆိုတာကို အခုကတည်းက ကြိုတင်စဉ်းစားပြင်ဆင်ထားရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။

**(ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ Global Alert and Response (GAR) MERS – CoV Disease Outbreak News (၉-၆-၂၀၁၅)ထုတ် စာစောင်အား ကိုးကားရေးသားထားပါတယ်။)**

**ပါမောက္ခခင်မောင်ဝင်း(အသည်း)**

**ဒီရောဂါပိုးကို ပထမဆုံး ၂၀၁၂ ခုနှစ်မှာ ဆော်ဒီအာရေးဗီးယားနိုင်ငံမှာ စတင်တွေ့ရှိခဲ့တာပါ။ ဒါကြောင့်မို့ MERS ရောဂါကို ဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကိုတော့ MERS - CoV လို့ ခေါ်ပါတယ်။ ကိုရိုနား ဗိုင်းရပ်စ်ဆိုတာကတော့ သာမန် နှာစေး၊ ချောင်းဆိုးရောဂါကနေ SARS ရောဂါအထိ ဖြစ်နိုင်စေတဲ့ ဗိုင်းရပ်စ်တွေပါ။**

---

## (၁၀)ဘီးယာဉ် နောက်ဘီးကျွံကျ၍ တံတားကျိုးကျပျက်စီး

**ဂန့်ဂေါ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရွာစည်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၁၂/၅ နှင့် ၁၁၂/၆ အကြား ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ တံတားအမှတ် (၃/၁၁၃) မဖေးတံတားပေါ်တွင် ဇွန် ၁၄ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က မုံရွာမြို့မှ တမူးမြို့သို့ ငြိမ်းစိုး(၂၉ နှစ်) မုံရွာ မြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်အမှတ် ၉ခ/.... ၁၀ ဘီးယာဉ်သည် စုစုပေါင်း ယာဉ်ကုန်တန်ချိန် ၃၉ တန်ဖြင့် သယ်ဆောင် မောင်းနှင်လာရာ မဖေးတံတားပေါ် ဖြတ်သန်းစဉ် နောက်ဘီးကျွံကျ၍ တံတားကျိုးကျကာ ပျက်စီးသွားသည်။



ယာဉ်မောင်း ငြိမ်းစိုးကို ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိုညိုဝင်း(မကွေး)**

---

## မားစ်ရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၅**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ဦးဆောင်ကျင်းပမည့် Middle East Respiratory Syndrome (MERS) မားစ်ရောဂါအကြောင်း သိကောင်းစရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ကုန်ခန်းမဆောင်(အေ)၌ ဇွန် ၂၁ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာဇော်လင်းအောင်၊ ပါမောက္ခ ဒေါက်တာကြည်ကြည်သင်း၊ ဒေါက်တာစိုးလွင်ငြိမ်းတို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာရန်ဟို့လန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရန်ဟို့လန်အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသားပြုခွင့်ရသူအဖြစ်သာ လျှောက်ထားနိုင်မည်

**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၄ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် သက်ဆိုင်သည့် မေးခွန်းများအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ **မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများအတွက် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသား မိဘနှစ်ပါးတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများအတွက် နိုင်ငံသား



**ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြေကြားစဉ်။** (သတင်းစဉ်)

အဖြစ် အသိအမှတ်ပြုရေး ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၄၃ (က)အရ နိုင်ငံသားပြုခွင့်သာ လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ နိုင်ငံတော်ပြင်ပ၌ မွေးဖွားလာသော သားသမီးများအတွက် (နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)အရ ကလေး မွေးဖွားကြောင်း မွေးစာရင်းနှင့်အတူ မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံးသို့ အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပြင်ပတွင် မွေးဖွားခဲ့သောကလေးအား မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေထိုင်ပါက မိဘ/အုပ်ထိန်းသူ၏ အိမ်ထောင်စု လူဦးရေစာရင်းတွင် နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်း မှတ်တမ်းပုံစံ နိုင်-၈ တို့နှင့်အတူ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ လာရောက်လျှောက်ထားရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသားများ ပြုခွင့်ရသူအဖြစ်သာ လျှောက်ထားနိုင်မည်ဖြစ်ပြီး နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ မွေးဖွားကြောင်း အထောက်အထား လက်မှတ်ပြုလုပ်ပြီး မိဘ /အုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်း



**မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းစဉ်။** (သတင်းစဉ်)

တွင် သား/သမီးအမည် ထည့်သွင်းနိုင်ပါကြောင်းနှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဥပဒေပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ရခိုင်ပြည်နယ်အတွင်းရှိ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ၎င်းတို့နေထိုင်လျက်ရှိသည့်နယ်မြေများမှ အခြားသောနေရာဒေသများသို့ သွားလာခွင့်မပြုရန် မည်သည့်ဥပဒေအရ ကန့်သတ်တားမြစ်ပါသနည်း၊ ထိုသို့ခွင့်မပြုခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်း ဟုတ်၊ မဟုတ်သိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ ယာယီသက်သေခံကတ်မှာ ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ၃(၁)(ဂ)အရ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင်နေထိုင်ပြီး တစ်ဖက်နိုင်ငံရှိ လူမျိုးစုများနှင့် ရုပ်ရည်သွင်ပြင်၊ ဘာသာစကား၊ ဓလေ့ထုံးစံတူညီသည့် မျိုးနွယ်စုတူများအား မြန်မာနိုင်ငံသားဥပဒေဖြင့် စိစစ်နိုင်ခဲ့ခြင်းမရှိသေးမီ ဥပဒေနှင့်အညီ တရားဝင်ကိုင်ဆောင်ခွင့်ပြုရန် ထုတ်ပေးခဲ့ပါကြောင်း။

နိုင်ငံသားဖြစ်သူများအား တိုင်းဒေသကြီး/ပြည်နယ်အတွင်း ခရီးသွားလာခြင်းကို ကန့်သတ်ထားခြင်း မရှိပါကြောင်း၊ ယာယီသက်သေခံကတ်ပြား ကိုင်ဆောင်ထားသူများသည် နိုင်ငံသားဖြစ်ကြောင်း အခိုင်အမာပြောဆို၍ မရသေးသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထောက်ရှု၍ ၎င်းတို့အား မိမိမှတ်ပုံတင်ထားသည့် လိပ်စာမှ ထွက်ခွာမည်ဆိုပါက သက်ဆိုင်ရာသို့ တင်ပြသတင်းပို့သွားလာစေခြင်း ဖြစ်ပါကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများ အနေဖြင့် ၎င်းတို့၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တည်ဆဲဥပဒေများကို လိုက်နာနေထိုင်စေခြင်းသာဖြစ်ပြီး ၎င်းတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်နေခြင်း မဟုတ်ပါကြောင်း ဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တက္ကသိုလ်များစုစည်းမှုအစီအမံရေးဆွဲချိန် ဟုမ္မလင်းမြို့တွင် ကောလိပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၁၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၂ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်လင်းအောင်က ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် မုံရွာတက္ကသိုလ်၌ ခန္တီးခရိုင်နှင့် မော်လိုက်ခရိုင်ရှိ မြို့နယ်အလိုက် နေ့သင်တန်းတက်ရောက်သင်ကြားနေသူများမှာ ခန္တီးမြို့နယ်မှ ၉၂ ဦး၊ ဟုမ္မလင်းမြို့နယ်မှ ၃၇၅ ဦး၊ လေရှီးမြို့နယ်မှ သုံးဦး၊ လဟယ်မြို့နယ်မှ သုံးဦး၊ မော်လိုက်မြို့နယ်မှ ၁၆၀ နှင့် ဖောင်းပြင်မြို့နယ်မှ ၂၂၀ စုစုပေါင်း ၈၅၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း။

ကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအရ ခွင့်ပြုကျောင်းသား ကျောင်းသူ အနည်းဆုံး ဝင်ဆံ့အင်အား ၂၀၀၀ ရှိရမည့်အပြင် အဆောက်အအုံ၊မြေနေရာ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမ အင်အား၊ ဝန်ထမ်းအင်အား၊ သင်ထောက်ကူပစ္စည်းနှင့် ကျောင်းသုံးပရိဘောဂပစ္စည်းများ ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူ ဝင်ဆံ့အင်အား ပြည့်မီသည့်အချိန်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တက္ကသိုလ်များစုစည်းမှုအစီအမံ ရေးဆွဲချိန်တွင်



**ဒုတိယဝန်ကြီး ဒေါက်တာဇော်လင်းအောင် ဖြေကြားစဉ်။** (သတင်းစဉ်)

လည်းကောင်း ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **မန္တလေးနန်းမြို့တော်အတွင်း မြန်မာမင်း လွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် ရည်ရွယ်ကာ မူလပုံစံအတိုင်း မြေနန်းပြာသာဒ်၊ ဇေတဝန်ဆောင်၊ ပြတိုက်၊ တောင်ထားဝယ်ဆောင်၊ မြောက်ထားဝယ်ဆောင်၊ မှန်နန်းဆောင် စသည့် အဆောင်များအား စနစ်တကျ ပြန်လည် တည်ဆောက်ထားသဖြင့် လေ့လာသူများအတွက် နန်းတွင်း



**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် မေးမြန်းစဉ်။** (သတင်းစဉ်)

အလေ့အထများကို လေ့လာမှတ်သားနိုင်ပါကြောင်း၊ ထို့ကြောင့် မန္တလေးနန်းမြို့တော်အတွင်း မြန်မာမင်းလွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်ကြည့်ရှု

**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏ မိတ်ဆွေတစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ယင်းမာပင်ကျေးရွာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အဖွဲ့ဝင် ၂၅ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်း၏ မိသားစုဝင်နှစ်ဦး၊ Myanmar Egress ၏ Enterprising Leader–ship for Democratic Govern–ance (E002) သင်တန်းမှ သင်တန်းမှူး ဦးလှထွန်းခိုင် ခေါင်းဆောင်သည့် ကြီးကြပ်သူများနှင့် သင်တန်းသား သင်တန်းသူ ၅၄ ဦး စုစုပေါင်း ၈၂ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၄ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

# အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၅ ရက် မှ ၁၆ ရက်အထိ ကျင်းပသည့် ACE Information for Businesses-Tariff Reductions, Rules of Origin and Customs Procedures' Seminar သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေနှင့် အလုပ်အမှုဆောင် ဒေါ်လှလှမျိုးတို့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**(မြန်မာ့အလင်း)**

# သင်တန်းသားများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့ကို လေ့လာဆည်းပူးနေသည်နှင့်အညီ Vision ရှိရန်လို

**နေပြည်တော် ဇွန် ၁၅**

Myanmar Egress အဖွဲ့မှ ဦးလှထွန်းခိုင်ဦးစီးသော တာဝန်ရှိသူ ငါးဦးနှင့် သင်တန်းသား ၄၈ ဦးတို့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

အစီအစဉ်အရ Myanmar Egress အဖွဲ့မှ ဦးလှထွန်းခိုင်က မိတ်ဆက်စကား ပြောကြားပြီး သင်တန်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှ ဆောင်ရွက်နေသော အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သင်တန်းသားများမှ ပြည်ပရောက် မဲပေးခွင့်ရှိသူများ၊ ပြည်ပသို့ တရားဝင်သွားရောက်နေထိုင်သဖြင့် ပြည်တွင်း၌ ၁၀ နှစ်ဆက်တိုက်နေထိုင်ခြင်း မရှိသူများ မဲပေးခွင့် ရှိ/မရှိ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားအမည်မဖော်ပြနိုင်၍ တခြားစာရင်းတွင်ပါဝင်သူများအနေဖြင့် မဲပေးခွင့်ရှိ/ မရှိ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အများယုံကြည်လေးစားသူများကို ရွေးချယ်ခန့်အပ်ပုံ၊ ရက်ပေါင်း ၁၈၀ ကျော်လွန်နေထိုင်သူများ မဲပေးနိုင်မှု၊ ရွေးကောက်ပွဲနေ့တွင် မဲရုံတိုင်း၌ ပါတီကိုယ်စားလှယ်များ ထားရှိခွင့် ရှိ/မရှိ၊ မဲရုံများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ခွင့်ပြုမည့်အတိုင်းအတာတို့အား မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီးနောက် နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အနာဂတ်ကို ဦးဆောင်မည့်သူများမှာ လူငယ်များဖြစ်ကြောင်း၊ လူငယ်များကို ပြုစုပျိုးထောင်ရမည် ဖြစ်ကြောင်း၊ Myanmar Egress မှ သင်တန်းသားလူငယ်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့ကို လေ့လာဆည်းပူးနေသည်နှင့်အညီ Vision ရှိရန်လိုကြောင်း၊ Vision ရှိမှသာ Plan ကို ချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ ကော်မရှင်အနေဖြင့် လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အခြေခံမဲစာရင်းပြုစုနေမှုအခြေအနေနှင့် ပြည်သူလူထုအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမည့် ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ရေး ပူးပေါင်းပညာပေး ဆောင်ရွက်ကြရန် ပြောကြားသည်။ **(သတင်းစဉ်)**



# ထိုင်းနိုင်ငံတွင် တက်ရောက်ရမည့် အင်ဂျင်နီယာသင်တန်းများအတွက် နိုင်ငံ့ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများကို ဇူလိုင်လအတွင်း ရွေးချယ်ခေါ်ယူမည်

နေပြည်တော် ဇွန် ၁၆

**ထိုင်းနိုင်ငံတွင် တက်ရောက်ရမည့် အင်ဂျင်နီယာသင်တန်းများအတွက် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများကို ယခုနှစ် ဇူလိုင်လအတွင်း ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့မှ သိရသည်။**

“ဒီအစီအစဉ်မှာ နိုင်ငံ့ဝန်ထမ်းသားသမီးတွေထဲက ဆယ်တန်းအောင်မြင်ကြတဲ့ ကျောင်းသားတွေထဲက စိတ်ပါဝင်စားသူတွေ လျှောက်လို့ရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ သတ်မှတ်အရည်အချင်းတွေနဲ့ ကိုက်ညီသူတွေ လျှောက်ထားနိုင်တဲ့အကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အကြောင်း ကြားထားပါတယ်။ သတ်မှတ်ဝန်ကြီးဌာနတွေကလည်း လျှောက်ထားလိုတဲ့ အရေအတွက်နဲ့ သင်တန်းတွေကို အကြောင်းပြန်ထားပါတယ်။ မကြာခင်မှာ သူတို့ဆီကလာပြီး အရည်အချင်းစစ်ဆေးပြီး အောင်တဲ့သူတွေကို ထိုင်းနိုင်ငံမှာ ပညာသင်ကြားပေးမှာဖြစ်ပါတယ်။ ဘာသာရပ်တွေကတော့ စိတ်ဝင်စားမှုအလိုက် စက်မှုအင်ဂျင်နီယာ ဘာသာရပ်၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့စတဲ့ ခေါင်းစဉ်အလိုက် ရွေးချယ်သွားမှာပါ။ အဓိကကတော့ လူငယ်အင်ဂျင်နီယာတွေအဖြစ် မွေးထုတ်ပေးနိုင်ဖို့ဖြစ်ပါတယ်” ဟု စွမ်းအင်ဝန်ကြီးဌာန ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းမီဒီယာ ပြန်ကြားရေးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းမင်းဦးက ပြောသည်။



**စက်မှုအင်ဂျင်နီယာ သင်တန်းသားများ လုပ်ငန်းခွင်တစ်နေရာ။**

အဆိုပါ အစီအစဉ်တွင် နိုင်ငံ့ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများအနေဖြင့် စွမ်းအင်ဆိုင်ရာအင်ဂျင်နီယာဘာသာရပ်၊ ဘူမိဗေဒ ဘာသာရပ်၊ စက်မှုအင်ဂျင်နီယာ ဘာသာရပ်နှင့် အခြားဘာသာရပ် သင်တန်းများ တက်ရောက်ခွင့်ရရှိရန် စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

ယင်းသင်တန်းများတွင် သင်တန်းကာလ လေးနှစ်တာတက်ရောက်ရမည့် သင်တန်းများလည်း ပါဝင်ပြီး တစ်နိုင်ငံလုံးရှိ နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ကာ ထိုင်းနိုင်ငံမှ လာရောက်စစ်ဆေးမည့် အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုအောင်မြင်ရမည်ဖြစ်ကြောင်း သိရသည်။

“သင်တန်း ရွေးချယ်ခံရရင် လေးနှစ်လောက်တက်ရမှာတွေ ပါပါတယ်။ သင်တန်းကာလအတွင်းမှာ စားစရိတ်လည်း သူတို့ပေးတယ်၊ အသွားအပြန် လေယာဉ်စရိတ်တွေလည်း ထောက်ပံ့ပေးပါတယ်။ ဒီအထဲကမှ ထူးချွန်ကျောင်းသားတွေကို ထိုင်းနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာအဆင့်မြင့်တက္ကသိုလ်တွေနဲ့ ချိတ်ဆက်တက်ရောက်နိုင်အောင် စီစဉ်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒါတွေကို ဆက်လက်ညှိနှိုင်းနေပါတယ်”ဟု ၎င်းကပြောကြားသည်။

ယင်းအစီအစဉ်သည် မြန်မာ-ထိုင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၏ နည်းပညာမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကဏ္ဍ တစ်ခုဖြစ်ကာ အဆိုပါ အစီအစဉ်ကို စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်လျက်ရှိပြီး ဇူလိုင်လအတွင်း ခေါ်ယူမည့် အစီအစဉ်သည် သုံးကြိမ်မြောက် ခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထွက်ပြီးကာလတွင် ရွေးချယ်ခေါ်ယူလေ့ရှိရာ ယခုနှစ်အတွက် ၂၀၁၃ ခုနှစ်တွင် သင်တန်းသား ၄၀ နှင့် ၂၀၁၄ ခုနှစ်တွင် သင်တန်းသား ၃၀ ခေါ်ယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ-ထိုင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင် ပါဝင်သည့် ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ၂၀၀၃ ခုနှစ်မှ စတင်ကာ သက်ဆိုင်ရာ ဘာသာရပ်အလိုက် နိုင်ငံခြား ပညာတော်သင်များ ရွေးချယ် စေလွှတ်ခဲ့ရာ စွမ်းအင်ဆိုင်ရာ မဟာဘွဲ့သုံးဦး၊ ပါရဂူဘွဲ့တစ်ဦး၊ ဘူမိဗေဒနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ ၂၈ ဦး တက်ရောက်အောင်မြင်ပြီးဖြစ်သည်။ ထို့ပြင် ပါရဂူဘွဲ့ နှစ်ဦး၊ မဟာဘွဲ့ နှစ်ဦးနှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်အတွက် အလုပ်သင် အဆင့်မြင့်ဒီပလိုမာသင်တန်းသား ၇၀ တို့ကိုလည်း စေလွှတ်ထားကြောင်း သိရသည်။ **မိုးသူ**

# ကော့သောင်းမြို့တွင် မိုးသည်းထန်၍ မြေပြိုမှုဖြစ်ပွား

**ကော့သောင်း ဇွန် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ဇွန် ၁၅ ရက်နံနက်ပိုင်းက မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့ရာ ပိတောက်ရွှေဝါရပ်ကွက်မြရည်ပုလဲလမ်းဘေးတောင်စောင်းမြေပြိုကျ၍ လူနေအိမ်တစ်လုံးမြေပြိုပိကျပျက်စီးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အခင်းဖြစ်ပွားသည့်မြေအနေအထားအရ တောင်စောင်းတွင်လူနေအိမ်များ အနိမ့်အမြင့်အသီးသီး ဆောက်လုပ်နေထိုင်ရာ အမြင့်ပိုင်းရှိ ဦးထွန်းဦးဆိုသူ ပိုင်ဆိုင်သည့် အိမ်ဆောက်လုပ်ရန်မြေထိန်းနံရံကျောက်တန်းစီ၍ ကွန်ကရစ်တိုင်များ ထူထောင်လက်စအနေအထားမှ ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် စိုက်ထူထားသည့်ကွန်ကရစ်တိုင်များအပါအဝင် မြေထိန်းနံရံနှင့်အတူ အနိမ့်ပိုင်းရှိ ဦးစီပေါ်ဆိုသူပိုင်ဆိုင်သည့် အိမ်ပေါ်သို့ ပိကျခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍မြေပြိုပိကျခံရသည့် အိမ်ပိုင်ရှင် ဦးစီပေါ်ဆိုသူပြင်းထန်စွာ ဒဏ်ရာရရှိသည်မှလွဲ၍ လူသေဆုံးခြင်းမရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မြန်မာ ယူ-၂၃ အသင်း ငွေတံဆိပ်ဆု ဆွတ်ခူး



ထိုင်းအသင်း၏ တိုက်စစ်ကို မြန်မာအသင်းခံစစ်မှူးများ ကာကွယ်ဖျက်ထုတ်စဉ်။ ဓာတ်ပုံ-စိုးညွန့်

❀ ရှေ့ဖုံးမှ

ဖြစ်ပါကြောင်း။ အားကစားပြိုင်ပွဲ အသီးသီးတွင် ယှဉ်ပြိုင်နေကြသည့် မြန်မာ့ဂုဏ်ဆောင်အားကစားသမားများနှင့် အားကစားနည်းပြများ အနေဖြင့် မြန်မာ့စွမ်းရည်ကို ပြသပြီး မြန်မာ့ဂုဏ်ဆောင်နိုင်ရန်အတွက် ရေကုန်ရေခန်းကြိုးစားအားထုတ်နေကြသည့် မြန်မာ့အားကစားသမားများကို မိမိအပါအဝင် ပြည်သူအားလုံး ကြည့်ရှုအားပေးရင်း ဆုမွန်ကောင်းတောင်းလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညပိုင်းက စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ကျင်းပရာ မြန်မာအသင်းမှာ ထိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ကာ ဒုတိယဆုဖြင့် ကျေနပ်နှစ်သိမ့်ခဲ့ရသည်။

မြန်မာယူ-၂၃ အသင်းသည် နှစ် ၄၀ ကျော်ကြာ ဝေးကွာနေသည့် ရွှေဆုကို ပြန်လည်ရယူနိုင်ရန် စင်ကာပူမြေပေါ်ရောက် မြန်မာပရိသတ်များနှင့် ပြည်တွင်းရှိ ပရိသတ်ကြီးများ၏ တစ်ခဲနက်အားပေးမှုဖြင့် ကြိုးစားခဲ့သော်လည်း ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

၁၉၇၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုရယူပြီးနောက်ပိုင်း သုံးကြိမ်မြောက် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည့် မြန်မာအသင်းမှာ ထိုင်းအသင်းကို ထပ်မံအရှုံးပေးခဲ့ရခြင်းဖြစ်သည်။

များပြားလှသော စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ ကြိုးစားကစားခဲ့သော်လည်း အတွေ့အကြုံပိုင်းတွင် အားနည်းခဲ့သောကြောင့် ဒုတိယပိုင်းတွင် ဂိုးများပေးခဲ့ရကာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ထိုင်းအသင်းကို ကြိုးစားမှုစိတ်ဓာတ်ဖြင့်သာ ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး ပွဲချိန်ကြာ လာသည်နှင့်အမျှ ခြေကွာကာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ငွေဆုသာရရှိခဲ့သော်လည်း မြန်မာပရိသတ်များက တစ်ခဲနက်အားပေးခဲ့ပြီး ပွဲအပြီးတွင် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ထိုင်းအသင်းမှာ ဆီးဂိမ်းရွှေဆုကို(၁၅) ကြိမ်မြောက် ရယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ထိုင်းအသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရသော်လည်း မြန်မာခံစစ်ပိုင်း၏ အမှား အယွင်းမရှိမှုကြောင့် ထိုင်းအသင်း ဂိုးမရခဲ့ပေ။ ဗီယက်နမ်နှင့် ဆီမီးပွဲတွင် လက်စွမ်းပြခဲ့သည့် ဂိုးသမား ကျော်ဇင်ဖြိုးသည် ယခုပွဲတွင် အံ့အားသင့်ဖွယ် ကောင်းလောက်အောင် ထိုင်းအသင်း၏ အပိုင်ဂိုးသွင်းမှုများကို ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းသည် ဂိုးထပ်မံရရှိရေး ကစားအားထပ်မြှင့်လာရာ မြန်မာနောက်တန်းတဖြည်းဖြည်းပြိုဆင်းလာပြီး ၅၇ မိနစ်တွင် ဂိုးစပေးခဲ့ရသည်။ ထိုင်းအသင်းအတွက် အဖွင့်ဂိုးကို ကီဆာရတ်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းကသာ ပွဲကို စိုးမိုးသွားခဲ့ပြီး အနိုင်ဂိုးများကို ချာနာနန်နှင့် ပင်ယိုတို့က သွင်းယူပေးခဲ့သည်။

**ညီမြတ်သော်တာ**




လားရှိုးမြို့ မြို့တော်ခန်းမရှေ့ အယ်လ်အီးဒီဘုတ်တွင် ဘောလုံးပရိသတ်များ ဤသို့ အထူးစည်ကားခဲ့သည်။ ဟန်ငွေး(လားရှိုး)



ပြည်မြို့ ညဈေးတန်းထိပ်တွင် အယ်လ်အီးဒီဘုတ်ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသမှုကို အားပေးနေသည့် ပြည်မြို့မှ ဘောလုံးပရိသတ်များ။ ရွှေဝင်း(ပြည်)



မဟာနွယ်ဇင် အားကစားကွင်းအတွင်းနှင့် အပြင်တွင် တစ်ခဲနက်အားပေးကြသည့် မန္တလေးမှ ဘောလုံးပရိသတ်များကို တွေ့ရစဉ်။ တင်မောင်(မန္တလေး)



တောင်ငူမြို့၌ အယ်လ်အီးဒီဘုတ်ဖြင့် တိုက်ရိုက်ပြသမှုကို တောင်ငူပရိသတ်များ ကြိတ်ကြိတ်တိုး အားပေးစဉ်။ သူရ(တောင်ငူ)







# စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ထိပ်သီးအစည်းအဝေးကြီးနှစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာမှာ လုပ်ငန်းတာဝန်တွေကို အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ အသေးစိတ်စီမံလျက်ရှိ

သတင်းအဖွဲ့

နေပြည်တော် ဇွန် ၁၅

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် အဆိုပါနိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါထိပ်သီးအစည်းအဝေးများအတွက် လိုအပ်သည့်ပြင်ဆင်မှုများကို ဗဟိုဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်-

**မေး။ ။ စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ထိပ်သီးအစည်းအဝေးများ ကျင်းပမယ့်အခြေအနေနဲ့ ပြန်ကြားရေးနဲ့ သတင်းထုတ်ပြန်ရေးဆပ်ကော်မတီရဲ့ ဆောင်ရွက်မှုအခြေအနေတွေ သိရှိလိုပါတယ်။**

ဖြေ။လာမည့် ဇွန် ၂၂ ရက်နဲ့ ၂၃ ရက်တို့မှာ နေပြည်တော်မှာ "ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်"တို့ လေးနိုင်ငံပါဝင်တဲ့ (၇)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးနဲ့အဲဒီ လေးနိုင်ငံရယ်၊ ထိုင်းနိုင်ငံရယ် ပေါင်း ငါးနိုင်ငံပါဝင်တဲ့ "ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မှာ ဖြစ်ပါတယ်။

အဲဒီထိပ်သီးအစည်းအဝေးတွေကို အရင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေနည်းတူ အောင်မြင်စွာလက်ခံကျင်းပနိုင်ဖို့ ဗဟိုဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီတွေ အသီးသီးဖွဲ့စည်းပြီး စီမံဆောင်ရွက်နေပါတယ်။

ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့"ပြန်ကြားရေးနဲ့ သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ"ကိုယ်စား ပြင်ဆင်ဆောင်ရွက်မှုအခြေအနေတွေကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဆပ်ကော်မတီကို လုပ်ငန်းတာဝန်(၆) ချက်သတ်မှတ်ထားရှိရာမှာ အဓိကကတော့ "သတင်းထုတ်ပြန်ရေး" တာဝန်ပဲဖြစ်ပါတယ်။

အဲဒီလို အချိန်မီသတင်းထုတ်ပြန်နိုင်ဖို့အတွက် အခြားဆက်စပ်လုပ်ငန်းတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်။

**မေး။ ။ Public Awareness Activity တွေ လုပ်တယ်လို့လည်း သိရပါတယ်။ အဲဒီဆောင်ရွက်မှုတွေကို သိလိုပါတယ်။**

ဖြေ။ဆောင်ရွက်မှုအနေနဲ့ ထိပ်သီးအစည်းအဝေးကြီးတွေရဲ့ Logo တံဆိပ်နှင့် ဒီဇိုင်းတွေကို ဇွန် ၁ ရက်မှစပြီး တစ်ရက်ကို (၇)ကြိမ်နှုန်းနဲ့ MRTVမှာ TV Spot စာတန်းထိုး ထုတ်လွှင့်တာ၊ ရေဒီယိုကနေ အသံလွှင့်တာ၊ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာသုံးစောင်မှာ ဖော်ပြတာတွေ ပြုလုပ်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက DG ဦးစံလွင်ရဲ့ အင်တာဗျူးကို MRTV နဲ့ သတင်းစာ သုံးစောင်မှာ ထုတ်လွှင့်ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် သတင်းစာတွေမှာ ဒီအစည်းအဝေးကြီးတွေနဲ့ သက်ဆိုင်တဲ့ ဆောင်းပါးဖော်ပြတာ၊ MRTV ကနေ လုံခြုံရေးဆပ်ကော်မတီရဲ့လှုပ်ရှားမှုတွေ ထုတ်လွှင့်ဖော်ပြတာတွေ ပြုလုပ်လျက်ရှိပါတယ်။




မီဒီယာစင်တာ။

ဆက်လက်ပြီးတော့လည်း အစည်းအဝေးများ မကျင်းပမီနဲ့ ကျင်းပနေဆဲကာလတွေမှာ ဆပ်ကော်မတီများရဲ့ ကြိုတင်ပြင်ဆင်မှုတွေအပြင် လုပ်ဆောင်မှုအားလုံးကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အစည်းအဝေးကြီးကို တက်ရောက်သတင်းယူကြမယ့် ပြည်တွင်း/ ပြည်ပသတင်းထောက်တွေအတွက် Media Registration နဲ့ Securtiy Pass တွေ ပြုလုပ်နေတဲ့အခြေအနေကိုလည်း သိလိုပါတယ်။**

ဖြေ။Media Registration နဲ့ Security Pass တွေ ဆောင်ရွက်မှုအခြေအနေကတော့ ဒီထိပ်သီးအစည်းအဝေးတွေမှာ လာရောက်သတင်းယူကြမယ့် ပြည်တွင်း/ ပြည်ပ သတင်းထောက်တွေကို Online Registration လုပ်နိုင်ဖို့ မေ ၁၅ ရက်ကနေ မေလကုန်အထိ တင်ပေးခဲ့ပါတယ်။ သတင်းစာတွေကနေလည်း ဖော်ပြနှိုးဆော်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်တွင်းသတင်းစာနဲ့ ဂျာနယ် ၁၀ ခုက သတင်းထောက် ၄၀၊ ပြည်တွင်းအခြေစိုက်သတင်းဌာနကိုးခုက သတင်းထောက် ၁၆ ဦး ပေါင်း ပြည်တွင်း /ပြည်ပ သတင်းဌာန ၁၉ ခုက သတင်းထောက် ၅၆ ဦး မှတ်ပုံတင်ထားရှိပါတယ်။

အဲဒီမှာ နိုင်ငံပိုင်မီဒီယာတွေဖြစ်တဲ့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ သတင်းနဲ့စာနယ်ဇင်းလုပ်ငန်းက ဝန်ထမ်း ၆၉ ဦးလည်း တာဝန်ထမ်းဆောင်ကြမှာဖြစ်ပါတယ်။

ဒါ့အပြင် ထိပ်သီးအစည်းအဝေးတက်ရောက်ကြမယ့် ငါးနိုင်ငံက မီဒီယာတွေလည်း တက်ရောက်ကြမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံကို ၁၀ ဦးခန့်နဲ့ ပေါင်း ၅၀ ခန့် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် စုစုပေါင်း ပြည်တွင်း/ပြည်ပသတင်းထောက် ၁၇၅ ဦးခန့် တက်ရောက်မယ်လို့ခန့်မှန်းပြီး သူတို့အတွက် Security Pass နဲ့ Media Hanbook တွေကို ဇွန် ၂၀ ရက်မှာ ကြိုတင်ထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် ထိပ်သီးအစည်းအဝေးတက်ရောက်ကြမယ့် ငါးနိုင်ငံက မီဒီယာတွေသတင်းရယူမှု လွယ်ကူချောမွေ့စေဖို့ အတွက် ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း Liaison Officer တွေ တစ်နိုင်ငံ တစ်ဦးနှုန်းနဲ့ ထမ်းဆောင်ကြမှာဖြစ်ပါတယ်။

**မေး။ ။ Media Center ပြင်ဆင်ဆောင်ရွက်နေတဲ့ အနေအထားလည်း ရှင်းပြပါဦး။**

ဖြေ။Media Center ပြင်ဆင်မှုအနေနဲ့ MICC -1 မှာရှိတဲ့ Media Center မှာ ဇွန် ၁၀ ရက်မှစပြီး ပြင်ဆင်မှုတွေပြုလုပ်ခဲ့ရာမှာ ယနေ့အပြီးသတ်ဆောင်ရွက်မှာဖြစ်ပါတယ်။ သတင်းထောက်တွေ အသုံးပြုနိုင်ဖို့ ကွန်ပျူတာအလုံး ၅၀ တပ်ဆင်ခြင်းကို သတင်းနဲ့ စာနယ်ဇင်းက တာဝန်ယူဆောင်ရွက်ပါတယ်။ အင်တာနက်နဲ့ Wifi ကိုလည်း အခမဲ့အသုံးပြုခွင့်ရဖို့ သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။

MRTV အနေနဲ့လည်း သတင်းများရယူ ထုတ်လွှင့်နိုင်ဖို့ Network ချိတ်ဆက်တာတွေ၊ ကေဘယ်လ်လိုင်းဆွဲတာတွေနဲ့ စက်ပစ္စည်းတပ်ဆင်မှုတွေကို တစ်ချိန်တည်း ပြုလုပ်နေပါတယ်။ MRTV အနေနဲ့ Media Center အပြင် ဖွင့်ပွဲအခမ်းအနားပြုလုပ်မယ့်ခန်းမကြီးမှာ LED ဘုတ်တပ်ဆင်တာတွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဖွင့်ပွဲအခမ်းအနားမှာ Video Clip ပြသနိုင်ဖို့တွေလည်း ပြုလုပ်နေပါတယ်။ ဒါ့အပြင် Command Center မှလည်း ရုပ်သံဖမ်းယူရရှိဖို့ လိုအပ်တာတွေ ပြုလုပ်နေပါတယ်။ ဒါ့အပြင် ဖွင့်ပွဲအခမ်းအနားတွေကို လိုအပ်က တိုက်ရိုက်ထုတ်လွှင့်နိုင်ဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် Media Center မှာ နံနက်ပိုင်း အစည်းအဝေးများမကျင်းပမီနဲ့ နေ့လယ်ပိုင်းအစည်းအဝေးများ ခေတ္တရပ်နားချိန်၊ ညနေပိုင်းအစည်းအဝေးပြီးချိန်တွေမှာ အစည်းအဝေးနဲ့ပတ်သက်တဲ့သတင်းတွေ ရှင်းလင်းဖြေကြားပေးနိုင်ဖို့ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထားရှိပါတယ်။

**မေး။ ။ တခြားဆောင်ရွက်နေတာတွေရှိရင်လည်း ပြောကြားပေးပါဦး။**

ဖြေ။သတင်းထောက်တွေ လေဆိပ်ရောက်ရှိ /ထွက်ခွာ သတင်းများရယူနိုင်ဖို့လည်း လုံခြုံရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးဆပ်ကော်မတီတို့နဲ့လည်း ပေါင်းစပ်ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် သတင်းထောက်တွေ သွားလာရေးအဆင်ပြေစေဖို့ Shelter Bus ငါးစီးအသုံးပြုနိုင်ဖို့ကိုလည်း ပို့ဆောင်ရေးဆပ်ကော်မတီနဲ့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ထိပ်သီးအစည်းအဝေးကြီးနှစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာမှာ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ "ပြန်ကြားရေးနဲ့ သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ"ရဲ့လုပ်ငန်းတာဝန်တွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ အသေးစိတ်စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**



မီဒီယာစင်တာအတွင်း ခင်းကျင်းပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)၏ ပထမရက်သတ္တပတ်လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး
မူးယစ်ဆေးကို ရှောင်ပါမနေး

ပျော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ
မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက် (ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါယင်းမာ စီမံချက်ကို ၂၆-၅-၂၀၁၅ ရက်နေ့မှ ၂၆-၆-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန် (၃)ဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိခဲ့ရာ မူးယစ်ဆေးဝါးဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် ဒုတိယရက်သတ္တပတ်အတွင်း အောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့**

(၁) ဆိုင်းဘုတ်ချိတ်ဆွဲခြင်းနှင့် စတေကာပိုစတာကပ်ခြင်း (၄၁)မြို့နယ်
(၂) အသိပညာပေးဟောပြောပွဲ (၆၅)ကြိမ်
(၃) စီမံချက်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး(၁၈)ကြိမ်
(၄) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း(၁၁)မြို့နယ်

**သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့**

(၁) နှစ်ခြင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း(၈)မြို့နယ်
(၂) နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း(၅)ကြိမ်
(၃) စိုက်ပျိုးရေးနည်းစနစ် သင်တန်းပို့ချခြင်း (၆)မြို့နယ်

**မွေးမြူရေးအဖွဲ့**

(၁) အခြေခံမွေးမြူရေးနှင့်ကျေးလက်တိရစ္ဆာန်ကျန်းမာရေးသင်တန်းဖွင့်လှစ်ခြင်း (၇)မြို့နယ်
(၂) မွေးမြူရေးသင်တန်းပို့ချခြင်းနှင့်ပညာပေးဟောပြောခြင်း (၄)ကြိမ်
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း (၄)မြို့နယ်
(၄) တိရစ္ဆာန်ဆေးကုသပေးခြင်း(၄)မြို့နယ်

**ဆေးကုသရေးအဖွဲ့**

(၁) One Stop Service ဖွင့်လှစ်ထားသောနေရာများတွင် လူနာသစ် (၄၃)ဦး တက်ရောက်ကုသခဲ့ပြီး မက်သာဒုန်းဆေးရည် သောက်သုံးသူ (၈၄၀၀)ဦး
(၂) မူးယစ်ဆေးစွဲလူနာများ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသဲရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့်ကာကွယ်ဆေးထိုးနှံခြင်း (၂၅၈) ဦး
(၃) HIV ပိုးရှိ/မရှိ စစ်ဆေးခြင်းနှင့် ART ဆေးသောက်သုံးနိုင်ရန် ညွှန်းပို့ပေးခြင်း(၁၀) ဦး
(၄) မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် မက်သာဒုန်းဆေးသောက်သုံးမှု အသိပညာပေးဟောပြောခြင်း (၂)မြို့နယ်

**ပြန်လည်ထူထောင်ရေးအဖွဲ့**

(၁) မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲ ပြုလုပ်ခြင်း (၇) ကြိမ်

**ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့**

(၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး စာစီစာကုံးပြိုင်ပွဲ (၁၃)မြို့နယ်
(၂) မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ ပြုလုပ်ခြင်း (၆၀) ကြိမ်
(၃) မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပပြုလုပ်ခြင်း(၃)မြို့နယ်

**ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးအဖွဲ့**

(၁) နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုပြုလုပ်ခြင်း (၁၂၀)မြို့နယ်
(၂) လက်ကမ်းစာစောင်ထုတ်ဝေမှု ပြုလုပ်ခြင်း (၁၂၀)မြို့နယ်
(၃) လက်ကမ်းစာစောင်ပြသမှုကျင်းပခြင်း(၁၂၀)မြို့နယ်
(၄) ဓာတ်ပုံပြပွဲ ကျင်းပမှုပြုလုပ်ခြင်း (၁၂၀) မြို့နယ်
(၅) ဟောပြောပွဲကျင်းပမှုပြုလုပ်ခြင်း (၁၂၀) မြို့နယ်

**ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့**

(၁) ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်း (၆) မြို့နယ်
(၂) အသိပညာပေးဆွေးနွေးခြင်း (၈) မြို့နယ်
(၃) ထိန်းချုပ်ဓာတုပစ္စည်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း (၁) ကြိမ်

**တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့**

(၁) ဘိန်း(၂. ၀၀၅၃)ကီလို
(၂) ဘိန်းဖြူ(၂. ၈၈၂၁)ကီလို
(၃) စိတ်ကြွရူးသွပ်ဆေးပြား(၅၀၆၈၀၃) ပြား
(၄) ဆေးခြောက်(၂. ၉၃၂၂)ကီလို
(၅) အိုက်စ်(၀. ၃၀၀၅)ကီလို
(၆) ဘိန်းဆီခဲ(၁. ၂၁၂၃)ကီလို
(၇) အမှုပေါင်း(၁၃၅)မှု
(၈) တရားခံ (၁၉၇)ဦး

**အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့**

(၁) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးခြင်း (၁)ကြိမ်



တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့



သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့



မွေးမြူရေးအဖွဲ့



ဆေးကုသရေးအဖွဲ့



ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့



တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့

# မဟာချိုင်မြို့ရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲအခမ်းအနားကျင်းပ

**မဟာချိုင် ဇွန် ၁၅**

ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ သားသမီးငယ်များအား မြန်မာပညာရေးမူဝါဒအတိုင်း ပညာသင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း၏ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်ကျောင်းဖွင့်ပွဲ အခမ်းအနားကို စမွတ်စာခွန်ခရိုင် မဟာချိုင်မြို့ ဝေလရပ်ကွက် (၁) လမ်းထိပ် (စီဝီချိုင်ဟဆေးရုံအနောက်)ရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၁၄ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းတည်ထောင်သူ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ကျောင်းဆရာ ကိုစောမောင်က ဆက်သွယ်ပြောကြားသည်။

အဆိုပါ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာ မူလတန်းကျောင်း၏ (၂၀၁၅-၂၀၁၆)ခုနှစ် ပညာသင်နှစ်၏ ကျောင်းဖွင့်ပွဲ အခမ်းအနားသို့ မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးလှထွန်းနှင့် ဦးစိုးနိုင်တို့ တက်ရောက်ခဲ့ကြပြီး အလုပ်သမား သံအရာရှိများနှင့် ကျောင်းဆရာ ဆရာမများက ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးလှထွန်းက မိတ်ဆက်အမှာစကားပြောကြားရာတွင် မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ သားသမီးငယ်များအား မြန်မာပညာရေး မူဝါဒအတိုင်း ပညာသင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာ မူလတန်းကျောင်းမှာ ယခုကဲ့သို့ တိုင်းတစ်ပါး၌ မြန်မာကလေးငယ်များအား ပညာသင်ကြားပေးနေသည့်အတွက် မိမိမှာ အထူးဝမ်းသာပီတိဖြစ်ရကြောင်း၊ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးငယ်များအား မိမိ၏ သားသမီးများကဲ့သို့ သဘောထားပါကြောင်းနှင့်



ကျောင်း၌လိုအပ်သည်များကိုလည်း မိမိအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသားမိဘတစ်ဦးက "ကျွန်တော်တို့အနေနဲ့ တိုင်းတစ်ပါးကို အခြေအနေအမျိုးမျိုးကြောင့် မဖြစ်နိုင်လို့သာ ထွက်လာခဲ့ရတာပါ။ မြန်မာနိုင်ငံမှာဆိုလည်း ကျောထောက် နောက်ခံဆွေမျိုးတွေမရှိကြတော့လို့ ကျွန်တော်တို့နဲ့အတူ သားသမီးတွေကို ထိုင်းနိုင်ငံသို့ ခေါ်ဆောင်လာခဲ့ရတာပါ။ အဲ့ဒီလိုခေါ်ဆောင်လာခဲ့ရတဲ့အတွက် သားသမီးတွေရဲ့ပညာရေးလည်း ထိခိုက်ရပါတယ်။ အခုလို ပြည်ပနိုင်ငံမှာ မြန်မာပညာရေးမူဝါဒအတိုင်း ပညာသင်ကြားပေးနေတဲ့ ကျောင်းလေးတွေရှိလို့ ဝမ်းသာရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ သားသမီးတွေ မြန်မာနိုင်ငံမှာပါ ဆက်လက်ပညာသင်ကြားခွင့်ရရှိအောင် ထပ်မံကူညီပေးစေလိုပါတယ်"ဟု မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ အကြို/အပို့အတွက် ကျောင်းကားကိစ္စ အခက်ခဲဖြစ်နေရာ ကျောင်းကားတစ်စီးထုတ်ယူနိုင်ရေးအတွက် ငွေအခက်အခဲဖြစ်နေသောကြောင့် အလုပ်သမားသံအရာရှိ ဦးလှထွန်းနှင့် ဦးစိုးနိုင်တို့က ကျောင်းဆရာ ဆရာမများထံ အလှူငွေ ဘတ် ၅၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

# မိတ္ထီလာ(မြောက်) ကန်၌တွေ့ရှိသည့် တတိယမြောက် ပုံးသီးကြီး ဖောက်ခွဲဖျက်ဆီး

**မိတ္ထီလာ ဇွန် ၁၅**

မိတ္ထီလာမြို့ မိတ္ထီလာ(မြောက်) ကန်ပြုပြင်တူးဖော်စဉ် တွေ့ရှိခဲ့သည့် တတိယမြောက် လေယာဉ်ကြဲချ ပုံးသီးကြီးတစ်ခုအား ဇွန် ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က နေရာပြောင်းရွှေ့ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

၎င်းပုံးသီးကြီးအား ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက ဝန်ဇင်းရပ်ကွက် ကျောက်တံခါး (နတ်စင်မြောင်း) ရေလွှတ်တံခါးအနီးတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တွေ့ရှိရာနေရာ၏ အနောက်ဘက်မိတ္ထီလာ(မြောက်) ကန်အတွင်းကိုက် ၅၀၀ ခန့် ကွာဝေးသည့် နေရာတွင် ခြောက်ပေအနက်ခန့်တွင် တွင်းတူးမြေဖို့ကာ ခဲယမ်းကပ်ပြီး စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ယူဆောင်ရွက်သည့် အမှတ် ၉၁၀ စစ်မြေပြင်အင်ဂျင်နီယာတပ် အမှတ်(၂)တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦး၏ပြောကြားချက်အရသိရသည်။

"ကန်ထဲမှာ ဒီနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်လောက်က ပုံးသီးကိုဖောက်ခွဲ ဖျက်ဆီးပစ်လိုက်ပါတယ်။ တွေ့ရှိတဲ့နေရာရဲ့ အနောက်ဘက် မိတ္ထီလာ(မြောက်) ကန်အတွင်း ကိုက် ၅၀၀ ခန့်ကွာဝေးတဲ့နေရာမှာ ခြောက်ပေအနက် မြေကျင်းတူးမြေဖို့ပြီး စနစ်တကျ ခဲယမ်းကပ်ဖောက်ခွဲဖျက်ဆီးတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



အဆိုပါ ပုံးသီးကြီးအား သယ်ဆောင်သိမ်းဆည်းရန် မဖြစ်နိုင်၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဖောက်ခွဲဖျက်ဆီးနိုင်ရေးအတွက် စတင်တွေ့ရှိသည့် ဇွန် ၁၂ ရက်ကပင် စီစဉ်ဆောင်ရွက်ခဲ့ပြီး စီစဉ်ဆောင်ရွက်နေစဉ် ကာလအတွင်း ပုံးသီးတွေ့ရှိသည့် နေရာတစ်ဝိုက်ကို ဖြတ်သန်းသွားလာခြင်း မပြုရန် ကန့်သတ်နယ်မြေသတ်မှတ်ထားခဲ့သည်။

မိတ္ထီလာ(မြောက်) ကန်ပြုပြင်တူးဖော်စဉ် ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲက ဝန်ဇင်းကန်ပေါင်ရိုးအနီးမှ အလျား လေးပေ ခြောက်လက်မ၊ လုံးပတ် နှစ်ပေ ခုနစ်လက်မရှိ လေယာဉ်ကြဲချ ပုံးသီးနှစ်လုံးကိုတွေ့ရှိခဲ့သည်။ မိတ္ထီလာ(မြောက်) ကန်တူးဖော်စဉ် တွေ့ရှိသည့် ပုံးသီးကြီးသုံးလုံးမှာ မိတ္ထီလာ ကန်ပေါင်ရိုးနှင့် ကန်ရေလွှတ်တံခါး အနီးတို့တွင် တွေ့ရှိရခြင်းဖြစ်၍ ဒုတိယ ကမ္ဘာစစ်အတွင်းကာလက မိတ္ထီလာ ကန်ကျိုးပေါက်စေရေးအတွက် ရည်ရွယ်၍ ရန်သူ ပုံးကြဲ လေယာဉ်များက ကြဲချခဲ့ခြင်း ဖြစ်မည်ဟုထင်ကြောင်း ဒေသခံတချို့က ခန့်မှန်းပြောဆိုနေကြသည်။

**ချမ်းသာ (မိတ္ထီလာ)**



# တူမီးသေနတ်ကိုင်ဆောင်သူအရေးယူ

**နေပြည်တော် ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဘုက္ကန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက် နံနက်က ဘုက္ကန်ကျေးရွာ အမှတ်(၄)ရပ်ကွက်နေဇကပ်ရီးယား (၃၀နှစ်)၏နေအိမ်တွင် တရားမဝင် တူမီးသေနတ်ကိုင်ဆောင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်မီးဖိုချောင်အတွင်းရှိ ကျပ်ခိုးစင်ပေါ်မှ အရှည်သုံးပေ ခုနစ်လက်မခန့်ရှိတူမီးသေနတ်တစ်လက်၊ အရှည်နှစ်ပေ လေးလက်မခန့်ရှိ တူမီးသေနတ် သစ်သားဒင်တစ်ခု၊ အရှည်သုံးပေ၊ လေးလက်မခန့်ရှိ တူမီးသေနတ် သေနတ်ပြောင်းတစ်ခု၊ ယမ်းဘူးတစ်ဘူးနှင့် နေအိမ်အိပ်ခန်းအတွင်းရှိ သေတ္တာအတွင်းမှ အရှည် နှစ်ပေ၊ နှစ်လက်မခန့်ရှိ Shaktimal Guns India စာတန်းပါ အခေါက်ချိုးတစ်တောင့်ထိုး အမဲလိုက်သေနတ်တစ်လက်နှင့်၎င်းကျည်နှစ်တောင့်တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ဇကပ်ရီးယားအား ခမ်းပတ်နယ်မြေရဲစခန်းက လက်နက်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ် ယူအပ်ပါသည်။ အသေးစိတ် စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ရန်ကုန်တိုင်းဒေသကြီး
## လွှတ်တော်နှင့်နေအိမ်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်း အလျား ၁၅၃ ပေ×အနံ ၂၅ပေ ခြောက်ခန်းတွဲ RC လေးထပ်တိုက် (Room Type)ဝန်ထမ်းအိမ်ရာအဆောက်အအုံလေးလုံး တည်ဆောက်လိုပါသည်။

၂။ လျှောက်လွှာနှင့်အသေးစိတ်အချက်အလက်များကို ပြည်လမ်းနှင့်အလုံလမ်းထောင့်ရှိ လွှတ်တော်နှင့်နေအိမ်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်) ဖုန်း-၀၁-၂၃၀၂၁၄၅၊ ၀၁-၂၁၅၄၀၂တို့တွင် စုံစမ်းဝယ်ယူ/မေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၇-၆-၂၀၁၅ရက်
၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၆-၇-၂၀၁၅ရက်
၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်** - ၁၇-၇-၂၀၁၅ရက် နံနက် ၁၀နာရီ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော ထရန်စဖော်မာဆီ(200)Drums ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**(ပစ္စည်းလက်ဝယ်ရှိသူကိုသာဦးစားပေးမည်)**

**တင်ဒါပုံစံ စတင်ရောင်းမည့်ရက်** - ၁၆-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

**လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့**
**အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ဖုန်း-၀၁-၂၂၀၈၁၆**

# ရန်ကုန်မြို့၌ မိုးသည်းထန်၍ ယာဉ်ကြောပိတ်ဆို့ လျှပ်စစ်ပြတ်တောက်

**ရန်ကုန် ဇွန် ၁၅**

ယနေ့ညနေ ၃ နာရီခန့်က ရန်ကုန်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယာဉ်ကြောကျပ်တည်းမှုများ နေရာအနှံ့အပြားတွင်ဖြစ်ပေါ်ခဲ့ပြီး မိုးနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်၊ ရပ်ကွက်အချို့၌ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်မှုတို့ ဖြစ်ပေါ်ခဲ့သည်။

"ဒီနေ့မိုးရွာတာ သည်းထန်ပြီး ရေတော်တော်ပါတယ်။ မထင်မှတ်ဘူး။ ဒီလောက် မိုးရေပါမယ်လို့ တောင်မထင်ရဘူး။ ပြီးတော့ မိုးရွာပြီး ရုံးဆင်းချိန်လည်းဆိုတော့ ရန်ကုန်မြို့ နေရာအတော်များများမှာ ယာဉ်ကြောကျပ်တည်းမှုတွေ ဖြစ်တာတွေ့ရတယ်။ ကျွန်တော်တို့လမ်းမှာဆို ဓာတ်ကြိုးပြတ်တောက်မှုတွေဖြစ်ပြီး မီးတောင်မရတော့ဘူး"ဟု တာမွေ သမိန်ဗရမ်းလမ်း၌ နေထိုင်သည့် ဦးမိုးသူက ပြောကြားသည်။

ရန်ကုန်မြို့၏ ယနေ့မိုးရွာသွန်းမှုသည် မွန်းလွဲ ၂ နာရီခွဲကျော်က စတင်ရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ၃ နာရီကျော်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ မိုးရွာချိန် နာရီဝက်ခန့်သာ ရှိသော်လည်း ရန်ကုန်မြို့ နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုဖြစ်ခဲ့သည်။

"စည်ပင်က ဝန်ထမ်းတွေလည်း ရေစီးရေလာကောင်းအောင် လုပ်နေတာပဲ။ ဒါပေမယ့်လည်း မိုးရွာရင် ထူးခြားမှုဖြစ်မလာဘူး။ အမြဲတမ်း ရေလျှံမှုတွေဖြစ်၊ လမ်းကြောတွေ ပိတ်ပြီး လမ်းပေါ်မှာတင် သုံးလေးနာရီ အချိန်ကုန်ခဲ့တယ်။ အခုလည်း ကျွန်မမြို့ထဲကနေ ဒီတာမွေကို နှစ်နာရီကျော်တောင် ကြာတယ်။

"ပလာဇာရှေ့နဲ့ မင်္ဂလာဈေးရှေ့မှာတင် ကားတွေသွားလို့ မရဘူးဖြစ်နေတယ်"ဟု တာမွေ ဗျိုင်းရေအိုးစင်လမ်း၌နေထိုင်သည့် မသင်းသင်းက ပြောကြားသည်။



ယနေ့ကြုံတွေ့ခဲ့ရသည့် တာမွေ ဗညားဒလလမ်း၏ ရေကြီးရေလျှံမှုမြင်ကွင်း။ ဓာတ်ပုံ- မင်းထက်

ယနေ့ မိုးသည်းထန်မှုကြောင့် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ သမိန်ဗရမ်းလမ်းနှင့် ဗညားဒလလမ်းထောင့်ဆုံရာ တာမွေမီးပွိုင့်၌ ရေကြီးရေလျှံမှုကြောင့် ကားများပိတ်ဆို့ကာ ခရီးသည်များ လမ်းပေါ်၌ပင် အချိန်နှောင့်နှေး ကြန့်ကြာခဲ့သည်။ အဆိုပါ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ပေးရန် ယာဉ်ထိန်းရဲတပ်ဖွဲ့က လမ်းရှင်းပေးလျက်ရှိသော်လည်း အထိုက်အလျောက်သာ ပြေလျော့ခဲ့သည်။

"မိုးတွင်းကတော့ ဒီလိုပဲ ခဏခဏဖြစ်နေဦးမှာပါပဲဗျာ။ စည်ပင်ကလည်း ရေစီးကောင်းအောင်တော့ လုပ်နေကြတာပဲ။ ဒါပေမယ့် တစ်နှစ်ထက်တစ်နှစ်က ပိုပိုဆိုးလာသလိုပဲ။ ရန်ကုန်မြို့ရဲ့ လူဦးရေထူထပ်များပြားလာမှုကြောင့်ပဲလား၊ စည်းကမ်းလျော့ရဲမှုကြောင့်ပဲလား မသိပါဘူး။ ခုလို ရေကြီးရေလျှံဖြစ်လာရင် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်တွေပဲ ရေထဲစီးမျောလာတာ အများဆုံး။ ကျွန်တော်တို့လည်း အစ်ကိုတို့မြင်တဲ့အတိုင်း လမ်းရှင်းပေးရတာ တော်တော်မလွယ်ဘူး" ဟု ယာဉ်ထိန်းရဲတစ်ဦးက တာမွေမီးပွိုင့်တွင် ကျပ်တည်းမှုဖြစ်နေသည့် ယာဉ်ကြောရှည်ကြီးကို မနားတမ်း လက်ပြလမ်းညွှန်ရင်း ဝီစီကို တကျိကျိမှုတ်ရင်း ရှင်းပြခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးကို ရေတို/ရေရှည်စီမံကိန်းတို့ဖြင့် အကောင်အထည်ဖော်သည်မှာ ယခင်နှစ်အနည်းငယ်အတွင်းကပင် ဖြစ်သည်။ ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ရေထုတ်မြောင်းများကို စီမံကိန်းဖြင့် ရန်ကုန်မြို့နေရာအတော်များများ၌ အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ သို့ရာတွင် ယနေ့ထက်တိုင် ရေကြီးရေလျှံမြဲဖြစ်ရာ ပြည်သူများ အကျိုးခံစားမှု အပြည့်အဝ မရှိသေးပေ။

ရန်ကုန်မြို့၌ ယနေ့ နာရီဝက်ခန့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်မြို့တွင်း ကျောက်တံတား၊ အလုံ၊ ကြည့်မြင်တိုင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်နှင့် သင်္ဃန်းကျွန်းမြို့နယ်များရှိ ယာဉ်သွားလမ်းများနှင့် ရပ်ကွက်တွင်းလမ်းများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

28th SEA GAMES
SINGAPORE 2015
5 – 16 JUNE 2015

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

၁၅-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၃ | ၈၃ | ၆၈ | ၂၄၄ |
| ၂ | စင်ကာပူ | ၈၃ | ၇၃ | ၁၀၂ | ၂၅၈ |
| ၃ | ဗီယက်နမ် | ၇၃ | ၅၂ | ၆၀ | ၁၈၅ |
| ၄ | မလေးရှား | ၆၀ | ၅၅ | ၆၆ | ၁၈၁ |
| ၅ | အင်ဒိုနီးရှား | ၄၅ | ၅၈ | ၇၄ | ၁၇၇ |
| ၆ | ဖိလစ်ပိုင် | ၂၉ | ၃၆ | ၆၆ | ၁၃၁ |
| ၇ | မြန်မာ | ၁၂ | ၂၆ | ၃၁ | ၆၉ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၅ | ၉ | ၁၅ |
| ၉ | လာအို | ၀ | ၄ | ၂၅ | ၂၉ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၆ | ၇ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၁ | ၁ | ၂ |

ဇွန် ၁၅ ရက် ည ၉ နာရီတွင်ရရှိသည့် ဆုရစာရင်းဖြစ်ပါသည်။

# ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်၌ မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ ဇွန် ၁၅**

ကျိုင်းတုံမြို့ ကတ်ဖအုပ်စု ယန်းလုရွာရှိ ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်တွင် ဇွန် ၁၅ ရက် နံနက် ၆ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညာဘက်ခြမ်းလေးထပ်ကျောင်းဆောင် ဒုတိယထပ်ရှိ လွန်ခဲ့သော နှစ်နှစ်ခန့်ကအသုံးပြုခဲ့သော အခန်းအမှတ် ဘီ-၃၀၃ စာသင်ခန်းအတွင်း တပ်ဆင်ထားသည့် ဆော့ကတ်အဟောင်းကို မဖြုတ်ဘဲထားရာမှ အပူလွန်ကဲသဖြင့် ဆော့ကတ်မှတစ်ဆင့် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ မီးခိုးများအူပြီး ပြင်ပသို့ထွက်သဖြင့် တာဝန်ကျရဲတပ်ဖွဲ့က စတင်သိမြင်ခဲ့ပြီး သက်ဆိုင်ရာများသို့ အကြောင်းကြားကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများရောက်ရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာမှာ နံနက် ၆ နာရီ မိနစ် ၄၀ တွင် လုံးဝမီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ယင်းအခန်းတွင်းရှိ ယခင်အသုံးပြုခဲ့သော(၁၅×၅)ပေခန့်ရှိ သစ်သားစတိတ်စင်အဟောင်း တစ်ခုနှင့် ပြတင်းမှန်လေးချပ်ပျက်စီးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




### ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အိပ်လဟာအုပ်စု၊ မင်းကြီးကုန်းကျေးရွာ၊ အသရော် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နော်ထူးဝါးရီး၊ အဋ္ဌမတန်းမှ နော်ဘွဲ့ခူ၊ မင်းကြီးကုန်း အမက(လွန်) စတုတ္ထတန်းမှ စောအယ်ထီးမူးတို့၏ ဖခင်အမည်မှန်မှာ ဦးလုစိုး၇/သဝတ(နိုင်)၀၈၄၁၂၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

တကက/စရ နေကိုအောင်-ဒေါ်ခင်ခက်ခက်ခိုင်တို့၏သမီး နေပြည်တော် ဥတ္တရသီရိမြို့နယ် New Campus ကိုယ်ပိုင်မူလတန်းကျောင်း ပထမတန်းမှ မခင်သိမ့်သိမ့်သူအား မခင်ရတနာဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

လားရှိုးမြို့၊ အထက(၁) ပဉ္စမတန်း (ခ)မှ မောင်ဖန်လိန်ရှင်အား ယနေ့မှစ၍ မောင်စိုင်းစိုင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုင်းစိုင်း**

### မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၁) ပဉ္စမတန်း (ခ) မှ မောင်စိုင်းစိုင်းနှင့် ဒုတိယတန်း(က)မှ မောင်ဇင်လင်းသန့်တို့၏ မိဘအမည်မှန်မှာ ဦးစိုင်းအားရှင်းနှင့် ဒေါ်နန်းမိလေး ဖြစ်ပါကြောင်း။။

### ကြော်ငြာစာ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအား ပြည်ပသို့ တင်ပို့ခြင်း/ပြည်တွင်းသို့တင်သွင်းခြင်းကိစ္စများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်ပမှ အသားတင်သွင်းခြင်းကိစ္စနှင့်ပတ်သက်၍ ပြည်တွင်းလုပ်ငန်းရှင်များ၊ တင်သွင်းလိုသူများသည် ပြည်ပမှအသားများအား ပြည်တွင်းသို့ တင်သွင်းလိုပါက မြန်မာနိုင်ငံသားငါးကဏ္ဍဆိုင်ရာစစ်ဆေးရေးအဖွဲ့ (Myanmar Meat Inspection Board) နှင့် ဆက်သွယ်၍ ဆောင်ရွက်နိုင်ပါကြောင်းနှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်စွာ ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ စည်းမျဉ်းစည်းကမ်းများလိုက်နာမှုမရှိဘဲ တင်သွင်းမှုများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါကဆက်သွယ်ဆောင်ရွက်ရန်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**Myanmar Meat Inspection Board**
**ဖုန်း-၀၆၇-၄၀၈၄၆၃**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### အမည်ပြောင်း

ဦးဇော်မျိုးလှိုင်၏သမီး စစ်တွေမြို့ အလက(၈)မကျည်းမြိုင် စတုတ္ထတန်းမှ မယွန်းရွှေရည်နွယ်အား မဇူလှိုင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မဇူလှိုင်ဖြိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လိုက်မြို့နယ်၊ စိန်းဆန်ရပ်ကွက်၊ ပိတောက်လမ်းနေ အထွန်း ၇/မလန(နိုင်)၀၃၁၈၄၇နှင့် ဦးကျော်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အထွန်း(ခ)ကျော်ဝင်း**

### ပျောက်ဆုံးကြောင်း

အီအွေ(ဘ) အိုက်နွန်းဟော့ ၁၃/မလန(နိုင်) ၀၀၇၉၇၈၏ ပတ်စပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၂၈၆၈၆၄**

## ဂုဏ်ပြုချီးမြှင့်ခြင်း

၁၉၉၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ ဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရခဲ့သော မြန်မာ့လက်ရွေးစင်အသင်းအတွက် ငွေကျပ် ၃၀၀,၀၀၀,၀၀၀ (ကျပ်သိန်းသုံးရာတိတိ)နှင့် ၂၀၁၅ ခုနှစ်(ယခုနှစ်) ၁၃-၆-၂၀၁၅ရက်တွင် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲ၌ ဗီယက်နမ်အသင်းအား အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သော U-23 ဘောလုံးအသင်းအား ငွေကျပ် ၃၀၀,၀၀၀,၀၀၀(ကျပ်သိန်းသုံးရာ) စုစုပေါင်း ငွေကျပ် ၆၀၀,၀၀၀,၀၀၀ (ကျပ် သိန်းခြောက်ရာတိတိ)အား ၁၉၉၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီ)မှ ဂုဏ်ပြုချီးမြှင့်ပါသည်။

# ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ

# (Post 2015 Development Agenda and Sustainable Development Goals-SDGs)

ဒေါက်တာ ဝါဝါမောင် (စီမံ/စီးပွား)

## ဖွံ့ဖြိုးမှုအစီအစဉ်၏အရွေ့(သို့မဟုတ်) ကမ္ဘာ့ဖွံ့ဖြိုးမှုပန်းတိုင်များ ပြောင်းလဲလာခြင်း

Globalization ၏ အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားနိုင်ရန် ၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာစုသစ် ကြေညာချက် (Millennium Declaration) အဖြစ် ကမ္ဘာ့နိုင်ငံများ အားလုံးအတွက် ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး၊ လူနေမှုဘဝ အရည်အသွေးတိုးတက်ရေး၊ လူသားတို့၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး၊ လူသားတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှုစသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးမှုပန်းတိုင်များအနေဖြင့် ချမှတ်အောင်မြင်ခဲ့သည်။ **၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကုလသမဂ္ဂညီလာခံ**မှ အတည်ပြုထားသော အောက်ဖော်ပြပါ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ(MDGs )များကို ကမ္ဘာ့ခေါင်းဆောင်များအားလုံးက ၂၀၁၅ ခုနှစ်တွင် အားလုံးပြည့်မီစွာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။

**ပန်းတိုင်(၁)**- အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ကို ပယ်ပျောက်စေရန် (Eradicate Extreme Poverty and Hunger)

**ပန်းတိုင်(၂)**- နိုင်ငံတကာအဆင့်နှင့်အညီ အခြေခံပညာရေးကို တစ်ပြေးညီ သင်ကြားခွင့် ရရှိစေရန် ( Achieve universal primary education)

**ပန်းတိုင်(၃)**- ကျား-မ ညီမျှမှုရှိစေရေးနှင့် အမျိုးသမီးတို့၏ စွမ်းပကား တိုးမြှင့်စေရန် (Promote gender equality and empower women)

**ပန်းတိုင်(၄)**- ကလေးသူငယ်သေပျောက်နှုန်းလျှော့ချရန် ( Reduce child mortality)

**ပန်းတိုင်(၅)**- မိခင်တို့၏ ကျန်းမာရေး ကောင်းမွန်တိုးတက်စေရန် ( Improve maternal health)

**ပန်းတိုင်(၆)**- ခုခံအား ကျဆင်းမှုရောဂါ ( HIV/AIDS) ငှက်ဖျားနှင့် အခြားသောရောဂါများ တိုက်ဖျက်ရန် (Combat HIV/AIDS, malaria and other diseases)

**ပန်းတိုင်(၇)**- သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ထိန်းသိမ်းမှုကို ဖြစ်ပေါ်စေရန် (Ensure environmental sustainability)

**ပန်းတိုင်(၈)**- ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် (Develop a global partnership for development) ဟူ၍ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့ကုလသမဂ္ဂမှ ထောင်စုနှစ်အသစ်တစ်ခုသို့ ကူးပြောင်းမှုကို ဆင်နွှဲသည့်အနေဖြင့် လူသားဖွံ့ဖြိုးမှု တိုးတက်ဖြစ်ပေါ်စေရေးအတွက် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များအား ကမ္ဘာ့နိုင်ငံများ၏ဖွံ့ဖြိုးမှု လမ်းညွှန်အဖြစ် ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။

ဖွံ့ဖြိုးမှုအစီအစဉ်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (Post 2015 Development Agenda and Sustainable Development Goals -SDGs) များအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းလျက် ရှိသဖြင့် အလွန်ပင်အရေးပါသည့် ကာလတစ်ရပ် ဖြစ်ပါသည်။

**၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သည့် ထောင်စုနှစ်ပန်းတိုင်များ (Millennium Development Goals) ကမ္ဘာ့နိုင်ငံများတွင် အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ** အဆုံးသတ်တော့မည်ဖြစ်သည်။ **၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပမည့် ကုလသမဂ္ဂစုံညီအစည်းအဝေး (2015 United Nations General Assembly)တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals -SDGs) များအား အတည်ပြုပြဋ္ဌာန်းတော့မည် ဖြစ်ပါသည်။**

## ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များအပေါ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများ၏ သက်ရောက်မှု

၁၉၉၀ ပြည့်နှစ်များမှ ၂၀၀၈ ခုနှစ်ကုန်ပိုင်းအထိ ဝင်ငွေနိမ့်ကျသော နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လူသားဖွံ့ဖြိုးမှု( Human Development)နှင့် ပတ်သက်၍ သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၀၈ ခုနှစ်ကုန်ပိုင်းမှစတင်၍ **ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် အချို့သောဒေသများတွင် ဖွံ့ဖြိုးမှုလမ်းကြောင်းမှ လမ်းချော်ထွက်သွားခဲ့သည်** ကို တွေ့ရှိနိုင်ပါသည်။ သို့သော် အရှေ့အာရှ၊ လက်တင်အမေရိက၊ ဥရောပနှင့် အာရှအလယ်ပိုင်းနိုင်ငံများမှာ အခြားသောဒေသများထက် အခြေအနေပိုမိုကောင်းမွန်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် အလုပ်လက်မဲ့များ ဖြစ်ပေါ်ကာ ဆင်းရဲနွမ်းပါးမှု ပိုမိုလာချိန်တွင် ကျန်းမာရေး၊ အာဟာရပြည့်ဝမှု အခြေအနေ

**၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပမည့် ကုလသမဂ္ဂ စုံညီအစည်းအဝေး (2015 United Nations General Assembly) တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals -SDGs) များအား အတည်ပြုပြဋ္ဌာန်းတော့မည် . . .**

များ ယိုယွင်းလာပြီး သေနှုန်းပိုမိုမြင့်မားလာတတ်သည်။ ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းလာတတ်ပြီး အနာဂတ်အတွက် ရေပေးဝေရေးနှင့် သန့်ရှင်းရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ထိခိုက်လာစေသည်။ ကျောင်းထွက်နှုန်း များပြားလာပြီး အခြေခံပညာရေးပြီးဆုံးရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် **ကမ္ဘာ့စီးပွားရေးအကျပ်အတည်း**ကြောင့် ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံများအကြား ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမျိုး မပေါ်ပေါက်စေရေးနှင့် နိုင်ငံကြီးများ၏ ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများသည် တစ်ကမ္ဘာလုံး **အတိုင်းအတာအထိ ရိုက်ခတ်စေနိုင်သည့်** ဖိတ်လျှံအကျိုးသက်ရောက်မှုများ ( Spillover Effect)အား ကောင်းစွာသတိပြုနိုင်ရန် လိုအပ်ပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်မှ လူသားတို့အတွက် ရွေးချယ်နိုင်မှုများကို များပြားစေခြင်းသည် လူသားဖွံ့ဖြိုးမှုအတွက် လွန်စွာအရေးပါသကဲ့သို့ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းများအတွက်လည်း အဓိက ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွားရေးရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကောင်းကျိုး (Material Well-being) တို့နှင့်သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ ( Spiritual and Mental Well-being)တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေးရှုထောင့် (Quality Aspect) မှလည်း စဉ်းစားရန် လိုအပ်လာခဲ့ပါသည်။

၂၀၁၅ ခုနှစ်သည် ကမ္ဘာ့နိုင်ငံများ အားလုံးအတွက် အလွန်အရေးကြီးသည့် နှစ်တစ်နှစ် ဖြစ်ပါသည်။ အောင်မြင်မှုနှင့် အခွင့်အလမ်းများ တည်ရှိနေသကဲ့သို့ စိန်ခေါ်မှုများလည်း တည်ရှိနေသည့် နှစ်တစ်နှစ် ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများအတွက် ချမှတ်ခဲ့သည့် ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် ထောင်စုနှစ်ပန်းတိုင်များ အဆုံးသတ်မည့် နှစ်တစ်နှစ်ဖြစ်ပြီး ၂၀၁၅ ခုနှစ် နောက်ပိုင်း

## ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ

သို့ဖြစ်ပါ၍ ကမ္ဘာတွင် ထောင်စုနှစ်ပန်းတိုင်များအား ပြည့်မီစွာ မအောင်မြင်ခဲ့သော နိုင်ငံများအနေဖြင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့်

ဆက်လက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများပါ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ အောက်ဖော်ပြပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအား **ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်**အဖြစ် သတ်မှတ်ရန်ရှိပါသည်-

- **ပန်းတိုင်(၁)**- နေရာအနှံ့ ဆင်းရဲမှုအဆုံးသတ်ရေး ( Goal 1 - End poverty in all its forms everywhere )
- **ပန်းတိုင်(၂)**- ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေး ဖြစ်ပေါ်တိုးတက်စေရေး (Goal 2- End hunger, achieve food security and improved nutrition, and promote sustainable agriculture)
- **ပန်းတိုင်(၃)**- လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး (Goal 3- Ensure healthy lives and promote well-being for all at all ages)
- **ပန်းတိုင်(၄)**- လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး (Goal 4 - Ensure inclusive and equitable quality education and promote life-long learning opportunities for all )
- **ပန်းတိုင်(၅)**- ကျား၊မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး ( Goal 5-Achieve gender equality and empower all women and girls)
- **ပန်းတိုင်(၆)**- လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး ( Goal 6- Ensure availability and sustainable management of water and sanitation for all)
- **ပန်းတိုင်(၇)**- လူသားတိုင်း ပေးနိုင်စွမ်းသော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲသော၊ ခေတ်မီစွမ်းအင်ရရှိရေး (Goal 7-Ensure access to affordable, reliable, sustainable and modern energy for all)
- **ပန်းတိုင်(၈)**- စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့်အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သောအလုပ်အကိုင်ဖြစ်ပေါ်ရရှိစေရေး (Goal 8- Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all)
- **ပန်းတိုင်(၉)**- ကြံ့ခိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်း ထူထောင်ခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေး (Goal 9- Build resilient infrastructure, promote inclusive and sustainable industrialization and foster innovation)
- **ပန်းတိုင်(၁၀)**- နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး ( Goal 10- Reduce inequality within and among countries)
- **ပန်းတိုင်(၁၁)**- အားလုံး အကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုကိုဖြစ်စေမည့် မြို့ပြများနှင့် လူနေရပ်ကွက်များ ထူထောင်ရေး (Goal 11- Make cities and human settlements inclusive, safe, resilient and sustainable)
- **ပန်းတိုင်(၁၂)**- ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး ( Goal 12- Ensure sustainable consumption and production patterns)

*ဆက်လက်ဖော်ပြပါမည်။*

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပွဲနှင့် ငါးမျိုးစိုက်ထည့်

**လှိုင်းဘွဲ့ ဇွန် ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ရေဘုတ်ရေလှောင်တမံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲနှင့် ရေချိုပုစွန်သားပေါက်များ၊ငါးသားပေါက်များ စိုက်ထည့်ပေးခြင်းကို ဇွန် ၁၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးကသစ်ပင်စိုက်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ထီလုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာတန်းဝင်နှင့် အရိပ်ရသစ်ပင်များကို တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ရေဘုတ်ရေလှောင်တမံအတွင်း သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် ရေချိုပုစွန်သားပေါက်နှင့် ငါးသားပေါက် ငါးသောင်းကျော်ကို ရေဘုတ်ရေလှောင်တမံအတွင်းသို့ ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# အင်ပူ-ညောင်ကျိုး လမ်းပေါ်ရှိ ဇီးပင်ကွင်းတံတားဆောက်လုပ်ပြီးစီး



**အင်ပူ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်တွင် အင်္ဂပူ-ညောင်ကျိုး လမ်းပေါ်ရှိ ဇီးပင်ကွင်းတံတားကို ဇွန် ၁၀ ရက်က တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ဇီးပင်ကွင်းတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေကျပ်၁၂၆ ဒသမ ၄ သန်းဖြင့် ဇာတိသားကုမ္ပဏီမှတင်ဒါ အောင်မြင်ဆောင်ရွက်ခဲ့သည်။

အဆိုပါတံတားသည် အင်္ဂပူမှ ညောင်ကျိုးသို့ ဆက်သွယ်ထားသော လမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်သည်။ ထို့ကြောင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကျေးရွာပေါင်း ၁၉ ရွာ အိမ်ခြေ ၃၀၅၈ အိမ် လူဦးရေ ၁၃၆၃၅ ဦးတို့၏ လူမှုစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်ထုတ်ကုန်များကို အချိန်တိုအတွင်း လျင်မြန်စွာ ပို့ဆောင်နိုင်သောကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ရရှိရေးဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဇွန် ၁၅**

အာမခံစနစ် ထားရှိသည့် အလုပ်သမားများ မကျန်းမာခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ အလုပ်တွင် ထိခိုက်မှုဖြစ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မည်သည့်အကြောင်းကြောင့် မသန်မစွမ်းဖြစ်ခြင်း၊ သက်ပြည့် အငြိမ်းစားခံစားခြင်း စသည့်အချိန်များတွင် ဆေးဝါးကုသမှုပေးနိုင်ရန်၊ ငွေကြေးအကျိုးခံစားခွင့်များပေးနိုင်ရန်၊ မိမိရပိုင်ခွင့်နှင့် နေထိုင်ခွင့်များရရှိစေရန် ရည်ရွယ်၍ ဇွန် ၁၂ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များရရှိရေးနှင့် လူမှုဖူလုံရေးကြေးများ ပေးသွင်းရေးကိစ္စအကြောင်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်မြသီရိထွေးက လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့်အချက်များအား မေးမြန်းဆွေးနွေးပြီး တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ ဒုတိယဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

# တရားလွှတ်တော်တရားသူကြီးချုပ် ပုသိမ်အကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်သိန်းသိန်းညွန့်သည် ပုသိမ်ခရိုင်တရားသူကြီး ဦးတင်မောင်လတ်နှင့်အတူ ဇွန် ၁၂ ရက်က ပုသိမ် အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိမရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှု ရှိမရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးခံစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်စော**

# မြန်မာအမျိုးသမီးများနေ့ ဂန့်ဂေါတွင် မြေစိုက်ပိုစတာစိုက်ထူ

**ဂန့်ဂေါ ဇွန် ၁၅**

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက်က ဂန့်ဂေါမြို့ဗိုလ်ချုပ်လမ်းနှင့် မြစ်သာမြစ်ရှောင်လမ်းထိပ်တွင် ကျင်းပရာ ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။




ထို့နောက် အဆိုပါ မြေစိုက်ပိုစတာဖွင့်ပွဲသို့ တက်ရောက်လာကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံအတွင်း၊ အပြင်ပတ်ဝန်းကျင်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(၁၀၁)**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကျင်းပ

**ပဲခူး ဇွန် ၁၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာ အသိပညာပေးဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၁၁ ရက်က ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာညီညီထွန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအကြောင်းနှင့် အဂတိကော်မရှင်အဖွဲ့ အဖွဲ့ဝင် ဦးသင်းမောင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ ထောက်ပံ့

**ရန်ကုန် ဇွန် ၁၅**

မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေးကို ဇွန်လဒုတိယပတ်က မြန်မာ့အလင်း သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့နာယက ဦးမြတ်စိုး(လှိုင်) နှင့် ဦးကျော်မြင့်သန်း (လမ်းမတော်) တို့က အမှာစကား ပြောကြားသည်။ အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (ရန်ကင်း)က မြန်မာ့အလင်း မြို့နယ်သတင်းထောက် လူမှုကူညီရေးအဖွဲ့သည် အဖွဲ့ဝင် မြို့နယ်သတင်းထောက်များ၏ ကျန်းမာရေးနှင့် နာရေးကိစ္စများ ကူညီထောက်ပံ့ပေးရန်အတွက်ဖြစ်ကြောင်း၊ အဖွဲ့ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပိုမိုအထောက်အကူပြုနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ညောင်လေးပင်မြို့နယ်သတင်းထောက် ဦးနေလင်း(၁၃၈)သည် ကျန်းမာရေးကြောင့် ဆေးရုံတက်ရောက်ကုသနေရခြင်းအတွက် အဖွဲ့ဝင် သတ်မှတ်ထောက်ပံ့ကြေးငွေကျပ် ၃၀၀၀၀ ပေးအပ်ခဲ့သည်။

ကွယ်လွန်သူ အဖွဲ့ဝင် မြို့နယ်သတင်းထောက်ခုနစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး၏ဇနီးဖြစ်သူတို့ကို နာရေးထောက်ပံ့ကြေးငွေနှင့် ဆေးရုံတက်ရောက်ကုသသူ ၁၂ ဦးတို့ကို ကျန်းမာရေး ထောက်ပံ့စရိတ်များ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**



# မိုးစပါးရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ၂၀၁၅-၂၀၁၆ မိုးစပါးပုလဲသွယ်စပ်မျိုးစပါး အရှိန် အဟုန်မြှင့်တင် စိုက်ပျိုးနိုင်ရေးလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ဇွန် ၁၂ ရက်က ကျင်းပသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၊ နေပြည်တော် တိုင်းမြေမျိုး၊ ပိုး၊တာဝန်ခံများ၊ စိုက်ကွင်းတာဝန်ခံ ဝန်ထမ်းများ တက်ရောက်ကြ ပြီး ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် လယ်ကွင်းထဲအရောက်၊ ကျေးရွာအရောက် တောင်သူများထံအရောက် လက်တွေ့ဦးဆောင်ပညာပေး ဆောင်ရွက်ကြရန် တိုင်းဦးစီးမှူးက ဝန်ထမ်းများအား ရှင်းလင်းမှာကြားခဲ့ကြောင်းသိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# မက်သာဒုံးဆေးရည်အစားထိုး တိုက်ကျွေးရေးအသိပညာပေး

**မံစီ ဇွန် ၁၅**

မူးယစ်ဆေးဝါးသုံးစွဲသူများအား မက်သာဒုံးဆေးရည်အစားထိုး တိုက်ကျွေးရေး စီမံချက်အသိပညာပေးရှင်းလင်းဟောပြောခြင်းအခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသက်အောင်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများနှင့် အစားထိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ဗန်းမော်စိတ်ရောဂါကုဆရာဝန်ကြီး ဒေါက်တာသူရိန်မိုးက မက်သာဒုံးဆေးရည်အစားထိုးတိုက်ကျွေးခြင်းနှင့် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဟောပြော

**ဗန်းမော် ဇွန် ၁၅**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်မြို့ စီအင် (၅) ကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ခတ်ပုံပြပွဲအခမ်းအနားကို ဇွန်လဒုတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အမှာစကားပြောကြားပြီး ခရိုင်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူးသိန်းစိုးနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့ပုံများ၊ ခရိုင်ပြန်/ဆက်မှူး ဦးအောင်ကျော်ထွန်းက မူးယစ်ဆေးဝါးဆိုင်ရာကင်းစင်ရေးကိစ္စများကို အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကျောက်တန်း၌ ကျင်းပ

**ကျောက်တန်း ဇွန် ၁၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် "စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ပါမနှေး" ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ဂတ်တန်းကွေ့လမ်းဆုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# ကျောက်ကြီးမြို့နယ် ဥယျာဉ်ခြံများမှ မိုးရာသီသီးနှံများ ပေါ်ထွက်လာ

**ကျောက်ကြီး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းရှိ ဥယျာဉ်ခြံမြေများမှ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်နှင့် အခြားဥယျာဉ်ခြံထွက်သီးနှံများ မိုးရာသီအစ ဇွန်လပထမပတ်မှစ၍ လှိုင်လှိုင်ပေါ်ထွက်လာပြီး ဈေးကွက်အတွင်း စတင်ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

"ဒီနှစ် သီးနှံတွေ အထွက်လျော့တယ်။ ဥယျာဉ်ခြံထွက်တင်မကဘူး။ သရက်သီးလို မရန်းသီးလို နှစ်ရှည်သီးနှံတွေပါ ဒီနှစ်သိပ်ပြီးမသီးဘူး။ ကျောက်ကြီးမှာ နာမည်ကြီးပြီး စားလို့လည်း အရသာတစ်မျိုးထူးတဲ့ ရွာကြီးအင်းရွာထွက် စတုမိတ်သရက်သီးတောင် တချို့ကျောက်ကြီးသားတွေ မစားလိုက်ကြရဘူး။ ဒူးရင်းသီးဆိုရင်လည်း ပုံမှန်အလုံး ၁၀၀ လောက်သီးတဲ့အပင်တွေမှာ အလုံး ၆၀ မတင်ဘူး"ဟု ဥယျာဉ်ခြံထွက်သီးနှံများ လက်လီလက်ကားရောင်းဝယ်နေသူတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့နယ်မှထွက်သော ဒူးရင်းသီးမှာ ကျောက်ကြီးမြို့နှင့် နှစ်မိုင်ခန့်အကွာရှိ သံဘိုရွာမှထွက်သော သံဘိုသီးနှင့် အရှေ့ရိုးမ တောင်ပေါ်ဒေသမှထွက်သော တောင်ပေါ်သီးဟူ၍ နှစ်မျိုးရှိကာ သံဘိုသီးမှာ မေလလယ်တွင်စပေါ်၍ တောင်ပေါ်သီးမှာ ဇွန်လလယ်လောက်မှ ပေါ်သည်ဟု သိရသည်။ ကျောက်ကြီးဒူးရင်းသီးသည် အသားထူပြီး အနံ့အရသာထူးခြား၍ လူကြိုက်များပြီး နာမည်ကြီးကြောင်း၊ ကျောက်ကြီးဒူးရင်းသီးများကို တောင်ငူနှင့် ညောင်လေးပင်မြို့နယ်များမှ တစ်ဆင့်ရောင်းချသူများက သီးနှံပေါ်ချိန်ရောက်သည်နှင့် လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"မင်းကွတ်သီးကတော့ ဆေးဝါးထုတ်လုပ်သူတွေအဝယ်များလို့ ရောင်းအားလည်းကောင်းပါတယ်။ ဈေးလည်းရပါတယ်။ ကြက်မောက်သီးကတော့ စားသုံးသူတွေနဲ့တင် ဈေးကွက်ဖြစ်သွားပါတယ်။ ဒီနှစ်မှာ သီးနှံအထွက်နည်းပေမယ့် မနှစ်ကထက်ဈေးကောင်းရပြီး ဈေးကွက်ကောင်းပါတယ်"ဟု ဥယျာဉ်ခြံထွက်သီးနှံများ ရောင်းဝယ်နေသူတစ်ဦးက ပြောသည်။ ယခုနှစ်တွင် ယခင်နှစ်များထက် သီးနှံထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရသဖြင့် ဥယျာဉ်ခြံစိုက်ပျိုးသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်းလည်း သိရသည်။ **(၀၄၅)**



# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ပခုက္ကူ ဇွန် ၁၅**

ပခုက္ကူမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိ ရောင်းချသူများကို ဇွန် ၁၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးဝင်းလှိုင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ အမှတ်(၇)ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်းအနီး၌ စောင့်ဆိုင်းနေစဉ် ပခုက္ကူမြို့ အမှတ်(၂)ရပ်ကွက်နေ ချစ်ဦးမောင်နှင့် မအိမ့်စိမော်တို့ထံမှ မူးယစ်ဆေးဝါးများဟု ယူဆရသော ပန်းရောင်ဆေးပြား ၈၉ ပြားနှင့် ငွေ ၇၈၀၀၀ ကျပ်၊ Sony အမျိုးအစား ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးရောင်းချသူ ချစ်ဦးမောင်နှင့် မအိမ့်စိမော်တို့အား ဒုရဲမှူးဝင်းလှိုင်က ပခုက္ကူမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ထို့နောက် ချစ်ဦးမောင်အား ဆက်လက်စစ်ဆေးခဲ့ရာတွင် ထွက်ဆိုချက်အရ အမှတ်(၅)ရပ်ကွက်နေ ဇော်လင်းအောင်(ခ) ဖိုးဇော်နှင့် ချိန်းဆိုထားကြောင်း သိရှိရသဖြင့် ရဲအုပ်သူရဇော်နှင့် အဖွဲ့က သက်သေများနှင့်အတူ ဇော်လင်းအောင်(ခ)ဖိုးဇော်အား ရှာဖွေစစ်ဆေးရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ အင်္ဂလိပ်အက္ခရာဂဏန်း (88) နှင့် (1) စာများပါသည့် ပန်းရောင်ဆေးပြား ၁၄၅ ပြား ခန့်မှန်းတန်ဖိုး ၆၅၂၅၀၀ ကျပ်နှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းပြီး ၎င်း၏နေအိမ်ကို ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေရေးဝရမ်းဖြင့် ဆက်လက်ရှာဖွေခဲ့ရာတွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၀၄ ပြားကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိသော ဆေးပြားများအား သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ပြီး ဇော်လင်းအောင်(ခ) ဖိုးဇော်အား အရေးယူပေးရန် ရဲအုပ်သူရဇော်က ပခုက္ကူမြို့မရဲစခန်း၌ ဆက်လက်အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**မြင်းမူ ဇွန် ၁၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို မြင်းမူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဦးချစ်ဦးမောင်က မူးယစ်ဆေးဝါးဥပဒေနှင့် နည်းဥပဒေများအကြောင်းကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးယဉ်မင်းအောင်က မူးယစ်ဆေးဆိုကင်းစင်၊ စာဖတ်ခြင်းကို မြှင့်တင်ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ရေးနှင့် စာပေဖတ်ရှုမှုတိုးတက်ရေး အကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆိုးကျိုးများ၊ ဖြစ်စဉ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအုန်းလွင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဘဝပျက်စီးရပုံများနှင့် မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ပုံများကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က မူးယစ်ဆေးဝါးပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ဆက်လက်ပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။ **အောင်စိုးဖေ(iprd)**

# စစ်ကိုင်းမြို့တည် နန်းတည်နှစ်(၇၀၀) ပြည့်အထိမ်းအမှတ် ကာယအလှ၊ ကာယဗလ လှယဉ်ကျေးမယ်ပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၁၅**

စစ်ကိုင်းမြို့တည် နန်းတည်နှစ် (၇၀၀) ပြည့် ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် အမျိုးသားကာယအလှ၊ ကာယဗလနှင့် အမျိုးသမီးလှယဉ်ကျေးမယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် ကာယအလှ၊ ကာယဗလနှင့် လှယဉ်ကျေးမယ် ပဏာမစိစစ်ရွေးချယ်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကာယအလှ၊ ကာယဗလ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဝင်ကြမည့် စစ်ကိုင်းတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများမှ စုစုပေါင်း ၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်များအနက် ကာယအလှ ၁၂ ဦး၊ ကာဗလ ၁၂ ဦးနှင့် လှယဉ်ကျေးမယ် ၁၂ ဦးတို့အား ရွေးချယ်၍ ဇူလိုင် ၈ ရက်တွင် နောက်ဆုံးယှဉ်ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု နှစ်သိန်းနှင့် တတိယဆုတစ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆုများလည်းချီးမြှင့်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀) ပြည့်အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇူလိုင်၁၁ရက် ညနေ ၆ နာရီတွင် စစ်ကိုင်းမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ရွှေခါးပတ်ချန်ပီယံ စောငမန်း (ရွှေဖူး)၊ မြန်မာ့လက်ရွေးစင် ဂေါ်မူဒို (သတ္တိ)၊ (၂၇) ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ စောဒါပို (ခ) မိုက်ရိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကောင်းဆုံး ရွှေတံဆိပ်ဆုရ အောင်ပိုင်လေး(ရွှေသောင်ရင်း)၊ မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် စိန်လုံးချော (ဒို့ညီနောင်ကလပ်)၊ ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ (တောင်ကလေး) အထူးလေး ချီစိန်ခေါ်ပွဲများ ၁၀ ပွဲတိတိ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ဓားဖြင့်အခုတ်ခံရ၍ ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံး

**အောင်လံ ဇွန် ၁၅**

အောင်လံမြို့နယ် ရွာသစ်ကျေးရွာ၌ အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦး ဓားဖြင့်အခုတ်ခံရသဖြင့် သေဆုံးမှု ဇွန် ၁၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇွန် ၁၃ ရက် နေ့လယ်ပိုင်းက ရွာသစ်ကျေးရွာနေ မထက်ထက်ခိုင် (၁၄ နှစ်) သည် ဦးတင်ထွန်း၏ ယာခင်း၌ ဦးတင်ထွန်း၏ ဇနီး ဒေါ်အေးသိန်းနှင့် မငွေးယုလှိုင်တို့နှင့်အတူ ပေါင်းထိုးနေစဉ် မထက်ထက်ခိုင်၏ ဖခင်ဖြစ်သူ ဦးငစိုး၏ မယားညီအကိုတော်စပ်သူ ကံမြင့်ရောက်ရှိလာပြီး တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ မထက်ထက်ခိုင်အား ဓားဖြင့်ခုတ်ခဲ့ကြောင်း၊ မထက်ထက်ခိုင်က ထွက်ပြေးရာတွင် နောက်မှလိုက်၍ ဓားဖြင့်ခုတ်သောကြောင့် မထက်ထက်ခိုင်မှာ ပြင်းထန်သော ဓားဒဏ်ရာငါးချက်ရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဓါးဖြင့်ခုတ်သူ ကံမြင့်မှာ ဓားကိုကိုင်လျက် ထွက်ပြေးသွားခဲ့သဖြင့် ကံမြင့်အား အရေးယူပေးရန် မထက်ထက်ခိုင်၏ဖခင် ဦးငစိုးက အောင်လံမြို့နယ် ဒုရက်ဗိုလ်နယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့ပြီး နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

# သဲကုန်းမြို့နယ်တွင် ရောင်နီသစ်စာကြည့်တိုက်သစ်ဖွင့်

**သဲကုန်း ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် မင်းလှကျေးရွာတွင် ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရန်နှင့် အသိပညာဗဟုသုတများစွာ လေ့လာဆည်းပူး နိုင်စေရန်နိုင်စေရန် ရည်ရွယ်ပြီး ရောင်နီသစ်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးလှမိုးဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သရက်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပူးပေါင်းအဖွဲ့၏ အထူးစစ်ဆေးမှုပြုလုပ်



**သရက် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့တွင် တရားဝင် ယာဉ်လိုင်းများ စနစ်တကျဖွဲ့စည်းနိုင်ရေး မော်တော်ယာဉ်ကြီး/ ယာဉ်ငယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်စီးသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာနိုင်ရန် ပူးပေါင်းအဖွဲ့အထူးစစ်ဆေးခြင်းကို ဇွန် ၁၀ ရက်မှစတင်၍ သရက်မင်းတုန်းကားလမ်း GTC ကျောင်းရှေ့၌ ကျင်းပသည်။

အထူးစစ်ဆေးခြင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ကြောင်း သိရသည်။

သရက်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းယာဉ်စစ်မှုများကို ကြပ်မတ်ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းသူများ၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်စီးသူများအနေဖြင့် စည်းကမ်းလိုက်နာမှုအားနည်းကြောင်းသိရပြီး အသိပညာပေး ဟောပြောပွဲမကြာခဏပြုလုပ်ကာ ထိရောက်ဟန့်တားလောက်သည့်အပြစ်ပေး အရေးယူမှုများလိုအပ်နေကြောင်း သိရသည်။

**ပေါက်ကလေး (သက်ရက်)**

---

# EXIM Bank ၏ သမဝါယမချေးငွေများ ပြန်လည်ပေးဆပ်ရန် ဆွေးနွေး

**သာစည် ဇွန် ၁၅**

EXIM Bank မှ ရယူထားသည့် သမဝါယမ ချေးငွေများကို သတ်မှတ်ချိန်မတိုင်မီ အစောဆုံး ပြန်ဆပ်နိုင်သည့် သာစည်မြို့နယ်အတွင်းမှ အခြေခံသမဝါယမအသင်းများအား ဂုဏ်ပြုဆု ပေးအပ်ပွဲနှင့် ကျန်ရှိသောအသင်းများအနေဖြင့်လည်း အချိန်မီပြန်လည်ပေးဆပ်ရန် ညှိနှိုင်းအစည်းအဝေးကို သာစည်မြို့နယ် သမဝါယမ အသင်းစုရုံး၌ ဇွန် ၁၃ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် သာစည်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၁၄၄ သင်းမှ အသင်းသား ၁၃၈၃၅ ဦးအနေဖြင့် EXIM Bank မှ ဇန်နဝါရီလအတွင်းက ရယူထားသည့် ချေးငွေကျပ် ၁၃၀၅၀ သိန်းကို စာချုပ်သတ်မှတ်ကာလ မပြည့်မီ ဇွန် ၂၅ ရက်တွင် အကျေပေးဆပ်သွားမည်ဖြစ်ကြောင်း ချေးငွေယူထားကြသည့် အသင်း ၁၄၄ သင်းမှ အသင်းသားများက အဆိုပြု ကတိပေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဇော်က အခြေခံသမဝါယမ အသင်း အမှုဆောင်များ၏ အခန်းကဏ္ဍသည် သမဝါယမလုပ်ငန်းများအောင်မြင်ရန် အဓိကကျကြောင်း အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးကျိုးညိုက အခြေခံသမဝါယမအသင်းများအနေဖြင့် သမဝါယမဦးတည်ချက် (၂)ရပ်၊ လုပ်ငန်းစဉ် (၅)ရပ်အပါအဝင် အသင်းဝန်ထမ်းနှင့် အမှုဆောင်များ လိုက်နာရမည့် စည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် EXIM Bankမှ ဒုတိယအကြိမ် သမဝါယမချေးငွေရယူထားခဲ့ကြသော အခြေခံသမဝါယမ အသင်းများထဲမှ ပြန်လည်ပေးဆပ်ရမည့် သတ်မှတ်ကာလမတိုင်မီ အစောဆုံး တာဝန်ကျေစွာပေးဆပ်နိုင်ခဲ့ကြသည့် အသင်း ၁၀ သင်းကို အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာစည်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၃၆ သင်းသို့ တိုင်းသမဝါယမအသင်းက ထုတ်ချေးပေးထားသော ချေးငွေကျပ် ၁၂၇၆ သိန်းနှင့် အတိုးငွေ ကျပ်သိန်း ၁၁၀ ကို အခြေခံအသင်းများက အသင်းစုဥက္ကဋ္ဌထံသို့ ပြန်လည်ပေးဆပ်ခဲ့သည်။

**မောင်ကို(သာစည်)**

---

# ဘိန်းအစားထိုးသီးနှံများ တိုးမြှင့်စိုက်ပျိုးရေး ပညာပေးလုပ်ငန်းဆောင်ရွက်

**မိုင်းခတ် ဇွန် ၁၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရေးအတွက် အသိပညာပေး လုပ်ငန်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် နောင်လုံအုပ်စု ကျိုင်းခေါင်ကျေးရွာ၌ ဇွန် ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုင်းခတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်နှင့် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစံကြည်တို့က ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေနှင့် နည်းဥပဒေများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်လေးလေးမော်က ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရာတွင် သီးနှံအထွက်တိုးရေး၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို အကျိုးရှိအောင် သုံးစွဲရေး စသည်တို့ကို ပညာပေးရှင်းလင်းပြောကြားပြီး နောင်လုံကျေးရွာအုပ်စုမှ ကျေးရွာ ခုနစ်ရွာအတွက် ပုလဲသွယ်စပ်မျိုးစပါး ခုနစ်ကီလိုကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**မောင်မောင်နိုင်(iprd)**

---

# စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများရှင်းလင်းပွဲနှင့် သီးနှံမျိုးစေ့များ ပေးအပ်ပွဲကျင်းပ

**မောင်တော ဇွန် ၁၅**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းမှ ဆားငံရေဝင်လယ်မြေများနှင့် လုပ်ကွက်ငယ်လယ်မြေများမှ လယ်သမားများအတွက် မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံမျိုးစေ့များပေးအပ်ပွဲနှင့် စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများရှင်းလင်းပွဲကို မောင်တောမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ဇွန် ၁၃ ရက်တွင် ကျင်းပခဲ့သည်။

သီးနှံမျိုးစေ့ပေးအပ်ပွဲတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးထွန်းက မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသည် စပါးထွက်ရှိမှုနှင့် လူဦးရေ မမျှတသဖြင့် နှစ်စဉ်ကျောက်တော်မြို့နယ်မှ ဆန်များဝယ်ယူရကြောင်း၊ ထို့ကြောင့် စပါးအထွက်နှုန်းကောင်းမွန်ရန် စပါးစိုက်ပျိုးမှုတိုးချဲ့ကာ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်လည်းလိုကြောင်းနှင့် ယခင်နှစ်များကဲ့သို့ မျိုးစေ့အခက်အခဲမရှိစေရန်အတွက် ဌာနအနေဖြင့် သီးနှံမျိုးစေ့များ ပေးအပ်ထောက်ပံ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မောင်တောခရိုင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက မြို့နယ်သုံးခုမှ တောင်သူများထံသို့ ဗီယက်နမ်၊ ဆင်းသွယ်လတ်၊ ရေဆင်း(၃) ရတနာအောင်၊ သီးထပ်ရင်စသည့် မျိုးစပါး တင်း ၃၀၀၀ ကို ပေးအပ်ခဲ့သည်။

ထို့နောက် တောင်သူလယ်သမားများအား စိုက်ပျိုးရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ မျိုးစေ့ဥပဒေများ၊ အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံတောင်သူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

---

# မြင်းခြံမြို့အဝင် မြင်းခြံ-မန္တလေးလမ်းမကြီးပေါ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**မြင်းခြံ ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အဝင် မြင်းခြံ-မန္တလေးကားလမ်းမကြီးတစ်လျှောက် ကြွပ်ကြွပ်အိတ်နှင့် ပလပ်စတစ်အမှိုက်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၁၃ ရက်တွင် ဆောင်ရွက်ခဲ့ကြသည်။

မြင်းခြံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများစုပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ကြွပ်ကြွပ်အိတ်နှင့် ပလပ်စတစ်အမှိုက်များ၏ ဆိုးကျိုးများနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

---

## သတင်းတိုများ

### ခြင်နှိမ်နင်းရေးပညာပေးလုပ်ငန်းများဆောင်ရွက်

မိုးဦးကျကာလတွင်အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားဝင်း၌ ဇွန် ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အိမ်ထောင်စုများအား ခြင်ထောင်ဆေးစိမ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ဖုံ၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ပညာပေးခြင်းနှင့် ပိုးလောက်လန်းသေစေသည့် အဘိတ်ဆေးခတ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**မောင်မောင်**

### ငါန်းဇွန်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့လမ်းမှစ၍ ငါန်းဇွန် အထကကျောင်းရှေ့လမ်းအထိ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဇွန် ၁၃ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့အစည်းများပူးပေါင်း၍ အမှိုက်များရှင်းလင်းခဲ့သည်။ ဇွန်လအတွင်း စနေနေ့တိုင်း မြို့ပေါ်လမ်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

### ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အုန်းပင်စုရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၁၃ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အထောက်ကူပြုကော်မတီဝင်များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများ ပညာပေးခြင်း၊ ရေတွင်း ရေကန်များကို အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

### အဆင့်မြင့်လယ်ယာ၌ စိုက်ပျိုးထားသော ပဲတီစိမ်းများ အောင်မြင်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ရွာကျေးရွာ၌ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် အစိုးရရန်ပုံငွေဖြင့် အဆင့်မြင့်လယ်ယာဧက ၇၀ ဖော်ထုတ်ခဲ့ပြီးနောက် မိုးကြိုပဲတီစိမ်းများစိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ မိုးကြိုပဲတီစိမ်းများ ရိတ်သိမ်းပြီးပါက မိုးစပါးစိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ၂၀၁၅-၂၀၁၆ခုနှစ်တွင်(မိုးကြိုပဲတီစိမ်း-မိုးစပါး-ကုလားပဲ) သီးနှံပုံစံဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမိုးကျော်က ပြောသည်။

**(၀၇၉)**

### သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက်နှင့် အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းနှင့် ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ဇွန် ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။ **မော်ကျွန်းမြင့်အောင်**

## ပေါ့ဘာကို ငွေပုံအောခေါ်မယ်ဆိုတဲ့ မန်စီးတီး

မန်စီးတီးအသင်းအနေနဲ့ ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ပေါင် ၁၅၅ သန်းအထိ ပေးခေါ်မယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဂျူဗင်တပ်အသင်းအနေနဲ့ ပေါ့ဘာကို ရောင်းထုတ်ဖို့ ပေါင်သန်း ၈၀ လောက်သာ လိုချင်နေတယ်လို့ ဆိုပါတယ်။ မန်စီးတီးအနေနဲ့ ပေါ့ဘာကိုရဖို့ ထိုထက်မက ငွေပုံအောပြီး ခေါ်ယူသွားနိုင်တယ်လို့ ဆိုပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာကို မန်စီးတီးက တစ်ပတ်ပေါင် ၂၅၀၀၀၀ နဲ့ ငါးနှစ်စာချုပ် ချုပ်ဆိုဖွယ်ရှိပါတယ်။ မန်စီးတီးအသင်းအနေနဲ့ လာမယ့်ရာသီမှာ တောင့်တင်းတဲ့ အသင်းဖြစ်ရေးအတွက် ကစားသမားကောင်းတွေ ခေါ်ယူဖို့ ကြိုးစားနေရာမှာ ပေါ့ဘာကတော့ ထိပ်ဆုံးပစ်မှတ်ထားတဲ့ ကစားသမားလို့ ဆိုပါတယ်။ မန်စီးတီးပစ်မှတ်ထားတဲ့ ကစားသမားတွေထဲမှာ ဝုဘတ်တောင်ပံတိုက်စစ်မှူး ဘရူနီနဲ့ လီဗာပူးတိုက်စစ်မှူး စတာလင်းတို့လည်း ပါဝင်ပါတယ်။ ပစ်မှတ်ထားတဲ့ ကစားသမားကောင်းတွေကို ခေါ်ယူနိုင်မယ်ဆိုရင် မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ဖလားကို ပြန်ရနိုင်လိမ့်မယ်လို့ ယာယာတိုရေးက ဆိုပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။

# စောင့်ကြည့်ရမယ့် ပြင်သစ် ယူ-၁၉ အသင်း



*ယူအီးအက်ဖ်အေ ယူရို ယူ-၁၉ ပွဲစဉ်တွေကို ဇူလိုင် ၆ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ အုပ်စု(A) က ဂရိနဲ့ ယူကရိန်း၊ ဩစတြီးယားနဲ့ ပြင်သစ်အသင်းတို့ရဲ့ ပွဲတွေကို မြင်တွေ့ရပါလိမ့်မယ်။ ပွဲစဉ်တိုင်း အနိုင်ယူဖို့ကြိုးစားကြမယ့် ဒီပွဲတွေဟာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို အာရုံဖမ်းစားဦးမှာ ဖြစ်ပါတယ်။ အုပ်စု(A) မှာ ဗိုလ်လုပွဲအထိ တက်ရောက်ဖို့ ရေပန်းစားနေတဲ့အသင်းကတော့ ပြင်သစ်တို့ပဲဖြစ်တာမို့ စောင့်ကြည့်ရမယ့် အနေအထားဖြစ်ပါတယ်။*

ပြင်သစ်အသင်းဟာ ၂၀၁၅ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားမှုနည်းပေမယ့် အုပ်စု(A)မှာတော့ အုပ်စုဗိုလ်အဖြစ်နဲ့ နောက်တစ်ဆင့်တက်မယ့် အသင်းဖြစ်တယ်လို့ ပရိသတ်တွေက ယုံကြည်နေပါတယ်။ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲသမိုင်းမှာ တစ်ကြိမ်ဗိုလ်စွဲခဲ့ဖူးတဲ့ အသင်းဖြစ်ပြီး ပြိုင်ဘက်တွေ အလေးထားကစားရတဲ့ အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။

ပြင်သစ် ယူ-၁၉ ရဲ့ နည်းပြ ပက်ထရစ်ဂွန်ဖာလုန်းကတော့ ပြင်သစ်အသင်းဟာ လုံလောက်တဲ့ လေ့ကျင့်ပြင်ဆင်မှုနဲ့ ပံ့ပိုးပေးနေမှုတွေအားလုံး ရရှိထားတာမို့ ပြိုင်ဘက်တွေကို ကောင်းကောင်းကျော်ဖြတ်မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။ လေ့ကျင့်မှုတွေ အချိန်ယူပြင်ဆင်ခဲ့ပြီး ကစားသမားတွေကို သေသေချာချာရွေးခဲ့တာမို့ ပြင်သစ် ယူ-၁၉ အသင်းဟာ ၂၀၀၂ ခုနှစ်နောက်ပိုင်း သမိုင်းမှတ်တမ်းသစ်ထပ်မံရေးထိုးဖို့ အသင့်ဖြစ်နေပြီလို့ နည်းပြပက်ထရစ်ဂွန်ဖာလုန်းက ပြောပါတယ်။

ပြင်သစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ လောလောဆယ်မှာတော့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် လေးပွဲနိုင်၊ တစ်ပွဲသရေဖြစ်ထားတာမို့ ရလဒ်ပိုင်းလည်း ကောင်းနေပါတယ်။

ပြင်သစ်အသင်းမှာ တိုက်စစ်မှူးတွေဖြစ်တဲ့ ကော်နက်၊ နိုမို၊ နေးလ်မူပေး၊ ကိုမန်း၊ ဒန်ဘီလီတို့က ဂိုးသွင်းနိုင်သူတွေဖြစ်ပြီး ခြေစွမ်းလည်း ပြနိုင်သူတွေဖြစ်ပါတယ်။ ကွင်းလယ်မှာ ကီမင်း၊ အလက်စ်ဘီလင်၊ ဟူရီနဲ့ တူဆက်တို့က တိုက်စစ်ရော ခံစစ်ပါ လိုက်ပါကစားနိုင်သူတွေဖြစ်သလို ဂိုးသွင်းနိုင်ကြသူလည်း ဖြစ်ပါတယ်။ နောက်တန်းမှာ ဒိုင်ရာလို၊ လူကပ်စ်၊ ဆင်ဇမ်ဘာ၊ ဖူလ်ဘီနီတို့က အမှားအယွင်းနည်းပြီး ဂိုးသမား အက်စ်ကာလက်စ်ကလည်း လက်စွမ်းပြကာကွယ်နိုင်တာမို့ ပြင်သစ်တို့ အသင်းလိုက် ကစားအားကောင်းနေတာတော့ အမှန်ပါပဲ။

ပြင်သစ်အသင်းဟာ ပြီးခဲ့တဲ့နှစ်မှာ ပြိုင်ပွဲက စောစောစီးစီး ထွက်ခဲ့ရပေမယ့် ၂၀၁၂-၂၀၁၃ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်ပြိုင်ပွဲမှာတော့ အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်မှာတော့ ပြင်သစ်တို့ ဗိုလ်စွဲခဲ့ဖူးပါတယ်။

၂၀၀၂ ခုနှစ်ကစပြီး အမည်ပြောင်းကျင်းပခဲ့တဲ့ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ပြင်သစ်တို့ ထပ်မံအောင်ပွဲခံပြီး ဖလားကိုင်မြှောက်နိုင်မလားဆိုတာတော့ စောင့်ကြည့်အားပေးရမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ လေ့ကျင့်ပြင်ဆင်မှုတွေ ပြည့်ပြည့်စုံစုံပြုလုပ်ထားပါတယ်လို့ နည်းပြပက်ထရစ်ဂွန်ဖာလုန်းက ပြောကြားနေတာမို့ ပြင်သစ်ရဲ့ စွမ်းဆောင်မှုကို အကဲခတ်ရတော့မှာ ဖြစ်ပါတယ်။ ။

➤ ➤ မိုးမြင့်လင်းလက် ➤➤

## ရှုံးပွဲမရှိရာသီဖြစ်အောင် ကြိုးစားသွားမယ်ဆိုတဲ့ ရွန်နေ

ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာ စိတ်ပျက်စွာ ထွက်ခွာခဲ့ရတဲ့ အင်္ဂလန်အသင်းအနေနဲ့ အခုနှစ်ရာသီမှာ ရှုံးပွဲမရှိအောင်ကစားသွားမယ်လို့ အသင်းခေါင်းဆောင် ဝိန်းရွန်နေက ပြောဆိုလိုက်ပါတယ်။ ရွိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားပွဲနောက်ပိုင်း ၂၀၁၄-၂၀၁၅ ဘောလုံးရာသီအတွင်းမှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲ သရေကျထားပါတယ်။ ကျွန်တော်တို့ အင်္ဂလန်ဘောလုံးအသင်းဟာ ကမ္ဘာ့ဖလားအပြီး အောင်မြင်မှုတွေရရှိနေပါတယ်။ ဒီနှစ်ထဲမှာ ရှုံးပွဲမရှိအောင် ကစားဖို့ဆုံးဖြတ်ထားပါတယ်လို့ အသက် ၂၉ နှစ်အရွယ် တိုက်စစ်မှူး ရွန်နေက ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ ၂၄ နှစ်တာအတွင်း ပထမဆုံးအကြိမ် ရှုံးပွဲမရှိရာသီအဖြစ် ရပ်တည်နိုင်တဲ့အသင်းဖြစ်အောင် ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ လာမယ့်နှစ် ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်ဖို့ အုပ်စုခြေစစ်ပွဲဝင်ရာမှာ အုပ်စု(E) မှာ ရာနှုန်းပြည့်အောင်မြင်မှုရရှိထားပါတယ်။

တိုက်စစ်မှူး ရွန်နေဟာ အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လာပြီးနောက် အသင်းအောင်မြင်ရေးအတွက် အဓိကကြိုးစားနေတဲ့ တိုက်စစ်မှူးတစ်ယောက်ဖြစ်ပါတယ်။ ရွန်နေဟာ မန်ယူမှာ အောင်မြင်မှုရအောင် ကြိုးစားနေသလို အင်္ဂလန်အသင်းကိုလည်း အောင်မြင်တဲ့ အသင်းအဖြစ် ရပ်တည်လာနိုင်အောင် ကြိုးစားနေသူဖြစ်ပါတယ်။




## ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို အလဲထိုးကာကွယ်ခဲ့တဲ့ ဝိုလ်ဒါး

ဒီယွန်တေးဝိလ်ဒါးဟာ သူ့ရဲ့ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကို အလာဘားမားမှာ အဲရစ်မိုလီနာကို ကိုးချီနဲ့ အလဲထိုးပြီးကာကွယ်နိုင်ခဲ့ပါတယ်။ ဇန်နဝါရီလတုန်းက ဘားမန်းစတီဗာနီကို အလဲထိုးခဲ့တဲ့ အသက် ၂၉ နှစ်အရွယ်ရှိ ဝိလ်ဒါးဟာ ၂၀၀၇ ခုနှစ်နောက်ပိုင်း ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံး အမေရိကန်နိုင်ငံသားဖြစ်ခဲ့ပါတယ်။ သူဟာ ၃၄ ပွဲမှာ ရှုံးပွဲမရှိ ယှဉ်ပြိုင်ထားသူဖြစ်ပါတယ်။ ၂၅ ပွဲမှာ နှစ်ပွဲသာ အရှုံးရှိခဲ့တဲ့ အသက် ၃၃ နှစ်အရွယ် မိုလီနာဟာ လေးချီမြောက်မှာ ကြမ်းပြင်သို့ လဲကျသွားခဲ့ပါတယ်။ ပဉ္စမအချီ မှာ နှစ်ကြိမ်တိုင်တိုင်လဲကျခဲ့ပါတယ်။ ကိုးချီမြောက် ထိုးသတ်ရာမှာတော့ မိုလီနာအနေနဲ့ လုံးဝထိုးသတ်နိုင်စွမ်း မရှိတော့ပါဘူး။ ပြိုင်ပွဲကို ရပ်လိုက်ရပါတယ်။




အရပ် ၆ ပေနဲ့ ၇ လက်မရှိတဲ့ ဝိလ်ဒါးဟာ ၂၀၀၄ ခုနှစ်နောက်ပိုင်း ရှုံးပွဲမရှိသေးတဲ့ ဝါဒီမီယာကလစ်ချ်ကိုနဲ့ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမယ်လို့ ဆိုပါတယ်။ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့တဲ့ ဝိလ်ဒါးအနေနဲ့ ယူကရိန်းလက်ဝှေ့သမား ကလစ်ချ်ကိုကိုလည်း အလဲထိုးအနိုင်ယူဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

# ဇွန်လအတွင်း ပြည်တွင်းပြည်ပ ကုမ္ပဏီ ၁၅ ခု မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိ

**ရန်ကုန် ဇွန် ၁၅**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပကုမ္ပဏီ ၁၅ ခုကို ဖက်စပ်ကုမ္ပဏီများအဖြစ်လည်းကောင်း၊ နိုင်ငံခြားပိုင်ကုမ္ပဏီများအဖြစ်လည်းကောင်း၊ ဇွန်လက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ယင်းကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

လုပ်ငန်းလိုင်စင်ရသော ကုမ္ပဏီ ၁၅ ခုထဲတွင် တနင်္သာရီတိုင်းဒေသကြီး သူငှေးကျွန်းရှိ မြေဧက ၁၈၀၀ ပေါ်တွင် ပြည်တွင်းပိုင်ဟိုတယ်တည်ဆောက်ခွင့်ရသော Grand Andaman ကုမ္ပဏီ၊ မရမ်းကုန်းမြို့နယ်ရှိ မြေဧက ၀ ဒသမ ၅၈၄ ပေါ် ရုံးခန်းနှင့် အဆောက်အအုံများငှားရမ်းမည့် ပြည်တွင်းပိုင် လုပ်ငန်းလုပ်ကိုင်ခွင့်ရ Heritage Property Development ကုမ္ပဏီ၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဝတ်အထည်ထုတ်လုပ်ရေးလုပ်ကိုင်ခွင့်ရသော Zhongrun (Myanmar), J-Land Myanmar, JOC Myanmar, Jia Mei and Heshan Myanmar စသော ကုမ္ပဏီငါးခုတို့ဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ စက်မှုဇုန်များတွင် အချိုရည်၊ ပလတ်စတစ်ပစ္စည်း၊ ထုပ်ပိုးမှုလုပ်ငန်း၊ စားသောက်ကုန်၊ ဘိလပ်မြေနှင့် ငါးဖမ်းကိရိယာများထုတ်လုပ်ခွင့်ရသော စက်ရုံအလုပ်ရုံများ ပါဝင်သည်။

ဝန်ဆောင်မှုကဏ္ဍတွင် ဖက်စပ်ကုမ္ပဏီများအဖြစ် လုပ်ကိုင်ခွင့်ရသော ကုမ္ပဏီများမှာ PECI(Myanmar) လီမိတက်နှင့် Two Elephant Asia Group ကုမ္ပဏီတို့ဖြစ်သည်။

ပြီးခဲ့သောမေလက မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဆောက်လုပ်ရေးနှင့်ကုန်ပစ္စည်းထုတ်လုပ်ရေးတို့ကိုလုပ်ကိုင်နိုင်ရန် ပြည်တွင်းပြည်ပ ကုမ္ပဏီနှစ်ခုကို လုပ်ငန်းလိုင်စင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သဲအိမ်**



# လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး ဆွေးနွေး

**ထားဝယ် ဇွန် ၁၅**

လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များရရှိရေးနှင့် လူမှုဖူလုံရေးကြေးများ ပေးသွင်းရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် အာမခံစနစ်ထားရှိသည့် အလုပ်သမားများ မကျန်းမာခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ အလုပ်တွင်ထိခိုက်မှုဖြစ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မသန်မစွမ်းဖြစ်ခြင်း၊ သက်ပြည့်အငြိမ်းစား ခံစားခြင်း စသည့်အချိန်များတွင် ဆေးဝါးကုသမှုပေးနိုင်ရန်၊ ငွေကြေးအကျိုးခံစားခွင့်များပေးနိုင်ရန်၊ မိမိရပိုင်ခွင့်နှင့် နေထိုင်ခွင့်များရရှိစေရန်စသည့် အချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ ဦးစီးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်မြသီရိထွေးက အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှထုတ်ဝေသော လက်ကမ်းစာစောင်နှင့် ပိုစတာများကို တက်ရောက်လာသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရန် ဧကပေါင်း ၃၄သိန်းကျော်လျာထား

**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီ သီးနှံစိုက်ပျိုးမှုရာသီတွင် စိုက်ဧကပေါင်း ၃၄ သိန်း ကျော် စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင်တိုင်းဒေသကြီးအတွင်း နွေစပါးများ စိုက်ပျိုးထားရှိဆဲဖြစ်ကာ မိုးသီးနှံစိုက်ပျိုးမှုအား ဇူလိုင်လအတွင်းမှစတင်ကာ ဩဂုတ်နှင့် စက်တင်ဘာလများတွင် စိုက်ပျိုးမှုပြီးဆုံးကြောင်းနှင့် ယခုနှစ်တွင် မိုးသီးနှံများဖြစ်သည့် မိုးစပါး၊ ဝါမျိုးစုံ၊ ကြံ၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ကြက်သွန်စသည့် သီးနှံပေါင်းစုံစိုက်ဧကပေါင်း ၃၄ ဒသမ ၇၈ သိန်းစိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်အောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယာမြေဧက ၂၂ သိန်း၊ လယ်မြေဧက ကိုးသိန်း ကျော်ရှိပြီး လက်ရှိအချိန်တွင် မိုးသီးနှံစိုက်ပျိုးမှုအနေဖြင့် ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ယခုလကုန်ပိုင်းတွင် ၈၀ ရာခိုင်နှုန်း ပြီးစီးအောင် စိုက်ပျိုးသွားမည်ဖြစ်ကာ တိုင်းဒေသကြီးတွင်ဆန်ဖူလုံမှုအနေဖြင့် ယမန်နှစ်တွင် ၆၀ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် ၇၅ ရာခိုင်နှုန်းခန့်လျာထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တိုင်းဒေသကြီးတွင် ယခုနှစ်နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးမှုရာသီတွင် သီးနှံစုံ စုစုပေါင်း စိုက်ဧက ၅၃ ဒသမ ၅၆ သိန်းလျာထားခဲ့ရာနွေသီးနှံတွင် စိုက်ဧက ၂ ဒသမ ၆၄ သိန်း၊ မိုးသီးနှံတွင် စိုက်ဧက ၃၄ ဒသမ ၇၈ သိန်း၊ ဆောင်းသီးနှံအနေဖြင့် စိုက်ဧက ၁၅ ဒသမ ၁၄သိန်း၊ နှစ်ရှည်သီးနှံအနေဖြင့် ဧက ၂ ဒသမ ၀၁ သိန်းစိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်( မန်းကိုယ်ပွား)**

# ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း တွံတေးမြို့နယ်၌ ကျောင်းဆောင်သစ် ၁၆ ဆောင်ကို တည်ဆောက်နိုင်ခဲ့

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အခြေခံပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ကျောင်းဆောင်အသစ် ၁၆ ဆောင်ကို တည်ဆောက်နိုင်ခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအတွက် ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

တည်ဆောက်ပြီးစီးသည့် ကျောင်းဆောင်များမှာ ပေ(၆၀ × ၃၀) အဆောင် ကိုးဆောင်၊ ပေ(၉၀ × ၃၀)အဆောင် သုံးဆောင်၊ ပေ (၁၂၀ × ၃၀) အဆောင် လေးဆောင်ဖြစ်ကာ အဆောက်အအုံအမျိုးအစားအနေဖြင့် အာရ်စီတစ်ထပ် သွပ်မိုးကျောင်းဆောင်များဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်များကို ရန်ပုံငွေ ကျပ် ၆၉၆ ဒသမ ၆သန်း အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်း ဖြစ် သည်။ တွံတေးမြို့နယ်သည် လူဦးရေများပြားပြီး ကျောင်းသားဦးရေလည်း များသဖြင့် ကျောင်းဆောင်သစ်များကို မြို့နယ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးငွေသူရနှင့်အဖွဲ့က ကြီးကြပ်၍ ကျောင်းဖွင့်ရာသီအမီ ပြီးစီးရန် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ကျောင်းဆောင်သစ်များပြီးစီးသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေး သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)သင်တန်း ခန်းမဆောင်၌ အဆင့်မြင့်စည်းရုံးရေး သင်တန်းအမှတ်စဉ် (၃၅/၂၀၁၄) သင်တန်းဆင်းပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စစ်မှုထမ်းဟောင်းလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး ရဲလွင်(ငြိမ်း)က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို စစ်မှုထမ်းဟောင်း သင်တန်းသားများအား တစ်ဦးချင်းပေးအပ်ကာ ထူးချွန်ဆု ပထမရရှိသော ကသအမှတ်(၁) ဗိုလ်ကြီးမောင်မောင်သွင် (ငြိမ်း)(ကသာမြို့)၊ ဒုတိယရရှိသော ကသအမှတ် (၈) အရာခံဗိုလ်ရွှေယဉ်(ငြိမ်း)(အောင်ပန်းမြို့)၊ တတိယရရှိသော ကသအမှတ်(၄) ဗိုလ်ကြီးကြည်ဦး(ငြိမ်း) (ပြည်ကြီးတံခွန်-မန္တလေး စည်ပင်/အတွင်း)တို့အား ထူးချွန်ဆုများကို ပေးအပ်ခဲ့သည်။

အဆိုပါ အဆင့်မြင့်စည်းရုံးရေး သင်တန်းကို မေ ၁၈ ရက်မှ ဇွန် ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များမှ စစ်မှုထမ်းဟောင်းသင်တန်းသား ၄၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဘုရင့်နောင်ပွဲရုံဝင်းရှေ့ ဘုရင့်နောင်လမ်းမလယ်ပေါ်မှ ကပ်တိုးစီတန်းချထားမှုတွင် ယာဉ်သွားဖြတ်လမ်းများ ပြုလုပ်ထား

**ရန်ကုန် ဇွန် ၁၅**

ဘုရင့်နောင် ခုံးကျော်တံတား ဒုတိယလွှာ၊ အတက်၊ အဆင်းယာဉ်ကြောအစမှ ဘုရင့်နောင်ပွဲရုံနှင့် ကားပစ္စည်းဈေးဘက်သို့ဘုရင့်နောင်လမ်းမလယ်တွင် ကပ်တိုး ၂၀၀ ကျော် စီတန်းချထားခဲ့သည်။

ခုံးကျော်တံတားထိပ်မှ ဘုရင့်နောင်ဈေးထိပ်ရှိ ကပ်တိုးပေါင်း ၁၀၀ ကျော်စီတိုးတားချထားပြီး ယင်းနေရာတွင် ဘုရင့်နောင်ပွဲရုံ ကံ့ကော်လမ်းမကြီး ဝင်/ ထွက်ပေါက်အတွက် လမ်းလယ်တွင် လမ်းဖွင့်ပေးထားသည်။သို့သော် ယင်းနေရာများရှိ လမ်းတားကပ်တိုးတန်းထိပ်များတွင် ဂငယ်မကွေ့ရန် တားမြစ်လမ်းညွှန်များ မြင်တွေ့ခဲ့ရသည်။

ယင်းနေရာမှ ဘုရင့်နောင်ပွဲရုံ ရိုးကြီးချောင်း ဝင်/ထွက်ပေါက်ထိပ်နှင့် ဘုရင့်နောင် လမ်းမဆုံရာနေရာထိကပ်တိုး ၁၀၀ စီတန်းချထားကြောင်း၊ ဘုရင့်နောင် ခုံးကျော်တံတားသို့ မြို့ထဲမှလာသော ယာဉ်ကြောအတိုင်းမောင်းနှင်လာသည့် ယာဉ်များသည် အဆိုပါ ရိုးကြီးချောင်း ဝင်/ထွက်ပေါက်ထိပ် မီးပွိုင့်နေရာတွင်သာ ဂငယ်ကွေ့ခွင့်ရှိကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်က ပြောသည်။

ယာဉ်များဘေးအန္တရာယ်ကင်းစွာသွားလာနိုင်ရန် ကပ်တိုးများတန်းစီချထားခြင်း၊ ဂငယ်ကွေ့မကွေ့ရန်ကံ့ကော်လမ်းမထိပ်တွင် သတိပေးလမ်းညွှန်မှုများ စိုက်ထူထားခြင်းရှိသော်လည်း ယခုအခါ သတိပေးလမ်းညွှန်နှစ်ခုစလုံး ယာဉ်တိုက်မှုကြောင့် ပျောက်ကွယ်သွားပြီး ပြန်လည်စိုက်ထူခြင်းမရှိတော့ပါ။ ခုံးကျော်တံတားထိပ်မှ ယင်းကံ့ကော်လမ်းမထိပ်အကြား လမ်းတားကပ်တိုး ၁၀၀ ကျော်စီတန်းချထားမှုတွင် နေရာရွှေ့ပြောင်းပြီး ယာဉ်ဖြတ်လမ်းငါးလမ်းပြုလုပ်ထားသည်ကို မြင်တွေ့ရသည်။ မီးသတ်စခန်းရှေ့တွင်ပြုလုပ်ထားသော ယာဉ်ဖြတ်လမ်းတွင်မူ အရေးပေါ် မီးသတ်ယာဉ်များသာ ဝင်/ထွက်၍ရရန်သော့ခတ်ထားသော တန်းတစ်တန်းဖြင့် တားဆီးထားသည့် ယင်းနေရာဘေးတွင် ယာဉ်ဖြတ်လမ်းနှစ်နေရာ၊ ကံ့ကော်လမ်းမကြီးနှင့် ဘုရင့်နောင်လမ်းမဆုံရာအနီးရှိ လမ်းလယ်ကပ်တိုးအစ ဝန်းကျင်တွင် ယာဉ်ဖြတ်လမ်း နှစ်နေရာကို ကပ်တိုးများ နေရာရွှေ့၍ ပြုလုပ်ထားသည်ကို မြင်တွေ့လာရသည်။

သို့ဖြစ်ရာ ဘုရင့်နောင်ပွဲရုံနှင့် ကားပစ္စည်းဈေးရှေ့ ဘုရင့်နောင်လမ်းမလမ်းလယ်ကြောပေါ်တွင် စီတန်းချထားသောကပ်တိုး ၂၀၀ ကျော်၏ အနေအထားများကို ပြန်လည်စစ်ဆေးပေးရန် လိုအပ်နေကြောင်း၊ တရားဝင်မဟုတ်သော ယာဉ်ဖြတ်လမ်းများကိုလည်း လာရောက်ကြည့်ရှု၍ ခွင့်ပြုသင့် မသင့်စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းနေရသူများက ပြောသည်။ **ခင်ဆိုင်**





## တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြု

**တပ်ကုန်း ဇွန် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၏ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများနှင့် အောင်ချက်မြင့်မားသည့်ကျောင်းများ ဂုဏ်ပြုပွဲအခမ်းအနားကို တပ်ကုန်းမြို့အောင်ဆန်းခန်းမ၌ ဇွန် ၁၄ ရက် နံနက်ကကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးနှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေတို့ တက်ရောက်၍ ဆုများ ချီးမြှင့်ပေးကြသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ်မှတစ်မြို့နယ်လုံးတက္ကသိုလ်ဝင်တန်းအောင်ချက် ၂၇ ဒသမ ၆၂ ရာခိုင်နှုန်းအောင်မြင်ပြီး လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၈ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၉၂ ဦးအား ဆုများချီးမြှင့်ကြပြီး အောင်ချက်အကောင်းဆုံး ကျောင်းများအား ဆက်လက်ဆုချီးမြှင့်ရာ ပထမဆုများတောအထက၊ ဒုတိယဆု ညောင်လွန့်အထက၊ တတိယဆု တော်ဝင်ကိုယ်ပိုင်ကျောင်းနှင့် စတုတ္ထဆုတောင်ပို့သာအထကတို့အား ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(ဝ၂၁)

## ကားမှတ်တိုင်အချို့ရှိ အသစ်တည်ဆောက်ပေးခဲ့သော ခရီးသည်နားခိုရာ အဆောက်အအုံများ လက်စသတ်ပြီးစီးရန် ဆောင်ရွက်ပေးစေလို

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လမ်းကြောင်းပေါ်ရှိ ကားမှတ်တိုင်အများစုတွင် ခရီးသည်များနားခိုရန် အဆောက်အအုံငယ်များ သက်ဆိုင်ရာက ဆောက်လုပ်ပေးနေသည်ကို ယခုနှစ်ပိုင်းတွင် မြင်တွေ့ခဲ့ရသည်။

ပုံစံအမျိုးမျိုးဖြင့်တည်ဆောက်ပေးရာတွင် အချို့သော အဆောက်အအုံငယ်များမှာ လက်စသတ်လုပ်ဆောင်ခြင်း မရှိသေးသည်မှာ ကာလအတန်ကြာနေသည်။ ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ မြို့ထဲသို့သွားသောလမ်းကြောင်းပေါ်၌ အုတ်ကျင်းမှတ်တိုင်ရှိ အဆောက်အအုံမှာလည်း ယိုင်နေသည်။ အလားတူ ဘုရင့်နောင်ဈေးမှတ်တိုင်များတွင်လည်း ဈေးရှေ့ဘက်ခြမ်းတွင် ထိုင်ခုံတန်းမရှိခြင်း၊ ပွဲရုံဘက်ခြမ်းတွင် ထိုင်ခုံတန်းများ ကြွေပြားပြည့်အောင်ကပ်ထားခြင်းမရှိသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း၊ ယင်းလမ်းကြောင်းပေါ်တွင် ဖြတ်သန်းသွားလာသူများက ပြောသည်။

အုတ်ကျင်း မှတ်တိုင်၊ ကမာရွတ်ဘူတာရုံလမ်းမှတ်တိုင်၊ ချောင်းဝမှတ်တိုင်တို့တွင် ယခင်က ရှိခဲ့သောမှတ်တိုင်နားခိုရာ အဆောက်အအုံဟောင်းများကို ယှဉ်တွဲမြင်တွေ့ရခြင်းနှင့် ဖျက်သိမ်း၍ မှတ်တိုင်တွင်ထားရှိခြင်းများ မြင်တွေ့ရသည်။ သို့သော် ယင်းလမ်းကြောင်းပေါ်ရှိ ခရီးသည်တင်ယာဉ်များ ရှာမတွေ့မှတ်တိုင်ဟုဆိုကာ မြို့ထဲမှလာသောယာဉ်ကြောပေါ်ရှိ ရှာမတွေ့လမ်းနှင့် ဘုရင့်နောင်လမ်းဆုံအနီးတွင် ခရီးသည် အတင်အချပြုလုပ်နေသည့်နေရာတွင် နားခိုရန် အဆောက်အအုံမရှိပါ။ မှတ်တိုင်သင်္ကေတအဖြစ် ဈေးဆိုင်ငယ်တစ်ဆိုင်သာ မြင်တွေ့ရပြီး ခရီးသွားများ နေပူ မိုးရွာတွင် ရာသီဥတုဒဏ်ခံ၍ လိုင်းကားစောင့်စီးနေရသည်ဟု ယင်းမှတ်တိုင်မှ လိုင်းကားတက်စီးရသည့် ခရီးသွားတစ်ဦးကပြောသည်။

ခရီးသည်နားခိုရာ အဆောက်အအုံရှိပြီးသား မှတ်တိုင်များတွင် အသစ် ဆောက်လုပ်ပေးခြင်းများရှိသော်လည်း ယင်းနေရာများရှိ အသုံးမပြုသော အဆောက်အအုံဟောင်းများကို ရှာမတွေ့မှတ်တိုင်သို့ လိုအပ်သောနေရာတွင် ပြောင်းရွှေ့ပေးခြင်းဖြင့် ခရီးသည်များ နေပူမိုးရွာ ခံစားရမှု သက်သာရရလာနိုင်သည်။ ဆောက်လုပ်ပေးထားသော ကားမှတ်တိုင်များရှိ ခရီးသည်နားခိုရာနေရာများကိုလည်း လုပ်ငန်းလက်စသတ်လုပ်ဆောင်ပေးစေလိုကြောင်း ယင်းလမ်းကြောင်း တစ်လျှောက်ဖြတ်သန်းသွားလာသူ တစ်ဦးကပြောသည်။

**ခင်ဆိုင်**

## ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည်ထောက်ပံ့ကြေးပေးအပ်

**ဝေါ ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၉ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်စည်းရုံးရေးကော်မတီမှ နှစ်ပတ်လည်အစည်းအဝေးကိုတင်ပြသည့် လုပ်ငန်းတာဝန်ကြီးငါးရပ် အစီရင်ခံစာကို အတွင်းရေးမှူးမှဖတ်ကြားတင်ပြရာ အဖွဲ့ဝင်နှစ်ဦးက ဝေဖန်အကြံပြုဆွေးနွေးသည်။

နှစ်ပတ်လည်အစည်းအဝေးသို့ ဝေါမြို့နယ် စစ်မှုထမ်းဟောင်း ၁၄၀ တက်ရောက်ခဲ့ကြပြီး သက်ကြီးအဖွဲ့ဝင် ၁၆ ဦးအား ငွေကျပ် ၂၄၀၀၀၀၊ မသန်စွမ်းအဖွဲ့ဝင် ၁၉ ဦးအား ငွေကျပ် ၂၀၀၀၀၀၊ အဖွဲ့ဝင်များအား ငွေကျပ် ၈၇၀၀၀၀ စုစုပေါင်းငွေကျပ် ၁၃၁၀၀၀၀ ကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၁၀)

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး

**မော်လမြိုင် ဇွန် ၁၅**




မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး မော်လမြိုင်ခရိုင်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့နှင့် မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်အသင်း(MANA) ပူးပေါင်းစီစဉ် ကြီးကြပ်မှုဖြင့် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုကျင်းပသည်။ မော်လမြိုင်မြို့နယ် မြို့မနယ်မြေ ရဲစခန်းနယ်မြေရှိ အခြေခံပညာအထက်တန်းကျောင်း အထက(၃-၅-၆-၈-၉) ကျောင်းတို့တွင် ကျင်းပသည်။ အဆိုပါ ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် မြို့မနယ်မြေ ရဲစခန်း စခန်းမှူးဒုတိယရဲမှူး အောင်သူရက မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး စီမံချက်ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့ (၃၈)(မော်လမြိုင်) တပ်စုမှူး ဒုတိယရဲမှူး နိုင်ထန်မနားက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်းကိုလည်းကောင်း၊ မော်လမြိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရဲတပ်ဖွဲ့မှ ရဲအုပ်သန်းဌေးဝင်းက လူကုန်ကူးခံရခြင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင် ချောင်းဆုံ... ခြောက်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများ တိုက်ဖျက်ရေးတို့အကြောင်းကို လည်းကောင်း၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး၏ဦးဆောင်မှုဖြင့် မြို့နယ်လေးမြို့နယ်တွင်လည်းကောင်း နယ်မြေအသီးသီးရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများတွင် အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ပြည်သူဗဟိုပြုရဲလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ကျောက်တံခါး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်း ရဲရိပ်သာတွင် ဇွန် ၁၂ ရက်က ပြည်သူဗဟိုပြုရဲလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်က ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များရှိခဲ့ပြီး မိမိမြို့နယ်တွင် မှုခင်းများမဖြစ်ပေါ်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် သတင်းမီဒီယာများက မှုခင်းပိုင်းဆိုင်ရာကိစ္စရပ်များ နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တင်ပြဆွေးနွေးကြရာ တင်ပြချက်၊ အကြံပြုချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## စစ်ကိုင်းမြို့တည် နန်းတည်နှစ်(၇၀၀)ပြည့်ပွဲတော်အကြို (ဒုတိယ)အကြိမ် စုပေါင်းသစ်ပင်စိုက်

**စစ်ကိုင်း ဇွန် ၁၅**

စစ်ကိုင်းမြို့တည် နန်းတည်နှစ်(၇၀၀)ပြည့် ပွဲတော်အကြို အမှတ်တရ ခရေပင်နှင့် ပန်းအလှပင်များ(ဒုတိယ)အကြိမ် စုပေါင်းစိုက်ခြင်း အခမ်းအနားကို ဇွန် ၁၃ ရက်က စစ်ကိုင်းမြို့ပါရမီရပ်ကွက်ရှိ အားကစားကွင်းအဝင်လမ်းဝဲ/ယာ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းက အမှာစကားပြောကြားပြီး ခရေ၊ စက္ကူပန်းနှင့်နွယ်သာကီပျိုးပင်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်က မြို့မိ၊ မြို့ဖဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အခြားဖိတ်ကြားထားသည့်အဖွဲ့အစည်းများ၊ ဇေယျာစိမ်းလန်း (စစ်ကိုင်း)အဖွဲ့ဝင်များ၊ သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းဥက္ကဋ္ဌတို့ကို ပျိုးပင်များအား စိုက်ပျိုးရန် တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## စက်ရေတွင်းသုံးတွင်း တူးဖော်

**ကျောက်ပန်းတောင်း ဇွန် ၁၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လည်းကောင်း၊ NGO အဖွဲ့များ၊ INGO အဖွဲ့များနှင့် ပူးပေါင်း၍ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာသုံးရွာအတွက် စက်ရေတွင်းသုံးတွင်း တူးဖော်ဆောင်ရွက်နေပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇွန် ၁၃ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေးဌာနညွှန်ကြားရေးမှူး ဦးလှခိုင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ဆည်ပေါက်ကျေးရွာ စက်ရေတွင်း တူးဖော်မှုလုပ်ငန်းခွင်သို့လည်းကောင်း၊ တူးဖော်ပြီးစီးသွားပြီဖြစ်သည့် ရွာတန်းရှည်ကျေးရွာနှင့် စီရင်စုကျေးရွာများရှိ လေးလက်မစက်ရေတွင်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆည်ပေါက်ကျေးရွာတွင် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းပြီးစီးပါက အိမ်ခြေ ၂၅၁ လုံးရှိ လူဦးရေ ၁၂၄၁ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်းနှင့် တူးဖော်ပြီးဖြစ်သော စီရင်စုကျေးရွာစက်ရေတွင်းမှ အိမ်ခြေ ၉၀ ရှိ လူဦးရေ ၇၈၂ ဦးအတွက်လည်းကောင်း၊ ရွာတန်းရှည်ကျေးရွာစက်ရေတွင်းမှ အိမ်ခြေ ၁၈၅ လုံးရှိ လူဦးရေ ၁၀၂၄ ဦးတို့သည်လည်းကောင်း သန့်ရှင်းသော သောက်သုံးရေများလုံလောက်စွာ ရယူသုံးစွဲနေကြပြီဖြစ်ကြောင်း သိရသည်။

**နေအောင် (iprd)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

**ရှင်ဗွေယန် ဇွန် ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့၌ မိုးရာသီတွင် အဖြစ်များတတ်သော သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ပြည်သူလူထုမှ စဉ်ဆက်မပြတ်ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်က ရှင်ဗွေယန်မြို့ မြို့ပေါ် လေးရပ်ကွက်ရှိ လူနေအိမ်များတွင် ပိုးလောက်လမ်းပေါက်ပွားစေနိုင်သော ရေစည်၊ ရေအိုး၊ ရေလှောင်ကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ရေဝပ်နိုင်သော ချိုင့်ခွက်များကို မြေဖို့ခြင်း၊ ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ခြင်း၊ မိုးရေတင်နိုင်သော စွန့်ပစ်ပစ္စည်းများ စနစ်တကျမြေမြှုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ရပ်ကွက်အလိုက် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့ရိုးနီနီ မန်းရွှေပြည်

**မောင်သာ (ရှေးဟောင်းသုတေသန)**



ရွှေထီးရွှေနန်း၊ ရွှေကြငှန်းနှင့် စံမြန်းနေထိုင် အုပ်ချုပ်ခဲ့ကြသည့် မြန်မာတို့၏ ထီးရိပ်နန်းရိပ်များသည် မြန်မာနိုင်ငံအတွင်း နေရာများစွာတွင် တည်ရှိခဲ့ကြသည့်အနက် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်၊ မြန်မာရှင်ဘုရင်နှစ်ပါးနန်းစိုက်ခဲ့သည့် ရတနာပုံမန္တလေးမြို့သည် မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းနယ်ပယ်တွင်သာမက ကမ္ဘာ့သမိုင်းတွင်လည်း ထင်ရှားလှပေသည်။ ကုန်းဘောင်မင်းဆက်(ခရစ်နှစ် ၁၇၅၂-၁၈၈၅)ဘုရင်များနန်းစံခဲ့ကြသည့် မြို့တော်များဖြစ်ကြသည့် ရွှေဘို၊ အင်းဝ၊ အမရပူရနှင့်ရတနာပုံမြို့တော်များအနက် ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက်ဘုရင်ဖြစ်သည့် မင်းတုန်းမင်းကြီးတည်ထောင်ခဲ့သည့် ရတနာပုံနေပြည်တော် မန္တလေးမြို့သည်သာ မြို့ရိုး၊ ပြာသာဒ်၊ ပြအိုး၊ ပစ္စင်၊ ကျုံး၊ နန်းတော်ရာများဖြင့် ယနေ့တိုင်အထင်အရှား ကျန်ရှိနေပေသည်။

ယဉ်ကျေးမှုထွန်းကားခဲ့သည့် နိုင်ငံသီးသီးတွင် ခေတ်အဆက်ဆက်ဖွံ့ဖြိုးခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များရှိစမြဲဖြစ်ရာ ယဉ်ကျေးမှုအမွေအနှစ်များအား ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ ယင်းတို့မှာ စာပေအထောက်အထားနှင့် မြေပေါ်မြေအောက်ရှိ ဝတ္ထုပစ္စည်း၊ အဆောက်အအုံများဖြစ်ကြသည်။ ရုပ်ဝတ္ထုအမွေအနှစ်များတွင် မြို့တော်များ၏နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်သည့် မြို့ရိုး၊တံတိုင်းနှင့် အဆောက်အအုံများသည် အထင်ရှားဆုံးမြင်လွယ်သည့် ရှေးဟောင်းအမွေအနှစ်များပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက် ဘုရင်စနစ်ကို ကျင့်သုံးကာ မြို့ပြနိုင်ငံများထူထောင်ခဲ့သဖြင့် ရှေးမြန်မာမြို့ဟောင်းများကို ယနေ့တိုင်မြင်တွေ့နိုင်ကြသည်။ ခေတ်အဆက်ဆက် မြန်မာမြို့တော်များအား မြို့ရိုးတံတိုင်းများဖြင့် နယ်နိမိတ် ကန့်ထားလေ့ရှိပြီး မြို့ရိုးများအတွင်းပိုင်းသည် မြို့ဧရိယာဖြစ်သည်။ မြို့ရိုးများကို ယေဘုယျအားဖြင့် မြေကြီးဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း၊ သစ်ဖြင့်လည်းကောင်း ပြုလုပ်ခဲ့ကြပြီး စတုရန်း၊ ထောင့်မှန်စတုဂံ၊ မှန်ကူကွက်၊ စက်ဝိုင်း၊ ဗဟုဂံစသည်ဖြင့် ပုံသဏ္ဌာန်များကွဲပြားကြသည်။

ရှေးမြန်မာမြို့ဟောင်းများတွင် မြို့ရိုးများနှင့်အတူ ကျုံးများကိုပါ ထည့်သွင်းတည်ဆောက်လေ့ရှိခဲ့သည်။ ကျုံးသည် ညွှန်ကျုံး၊ ရေကျုံးနှင့် အခြောက်ကျုံးဟူ၍ သုံးမျိုးရှိသည်။

ညွှန်ကျုံးများအား ရန်သူများမြို့တွင်းသို့ ဝင်ရောက်လာပါက ညွှန်များအတွင်းသို့ ကျွံကျနစ်မြုပ်သွားစေရန် ပြုလုပ်ထားကြသည်။ ညွှန်ကျုံးသည် နက်ရှိုင်းကျယ်ပြန့်စွာ တူးဖော်ထားသော ရန်းကန်ထွက်ပြေးရန် မလွယ်ကူသည့် အတားအဆီးတစ်ခုဖြစ်သည်။ အခြောက်ကျုံးသည် မြို့တော်အတွင်းသို့ ရန်သူများဝင်ရောက်ကျူးကျော်မှုကို ဟန့်တားနိုင်ရန် သစ်ငုတ်၊ သစ်ချွန်း၊ ဆူးငြောင့်များကို ခလုတ်ချိုင့်ဝှမ်းများဖြင့် ပြုလုပ်ထားသည့် မြေပြင်ကျယ်ဖြစ်သည်။ ရေကျုံးသည်ကား မြို့ရိုးပတ်လည်တွင် ကျယ်ဝန်းသော မြောင်းကြီးများတူးဖော်ကာ ရေများထည့်သွင်းထားသည့် အရံအတားဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်က မင်းတုန်းမင်း (ခရစ်နှစ် ၁၈၅၂-၁၈၇၈) တည်ထောင်ခဲ့သည့် မန္တလေးမြို့သည် မြို့ရိုးနီနီ၊ ကျုံးရေကြည်ကြည်ဖြင့် တင့်တယ်လှပသည့် ဘုရင့်မြို့တော်ဖြစ်ခဲ့သည်။ မန္တလေးမြို့ရိုးသည် ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တို့၏ အမြောက်ဒဏ် ဗုံးဒဏ်များကို ခံခဲ့ရသော်လည်း အနီရောင်အုတ်မြို့ရိုးသည် ယနေ့တိုင်ထင်ရှားစွာရှိနေသကဲ့သို့ ကြည်လင်သော ရေများပြည့်နေသည့် ကျုံးကိုလည်း ယနေ့တိုင်မြင်နိုင်ကြပေသည်။

ရှေးမြန်မာများ တည်ဆောက်ခဲ့ကြသည့် မြို့ရိုးများတွင် (၁)တံခါး၊ (၂)တံခါးပြ၊ (၃)တန်ဆောင်း၊ (၄)ပြာသာဒ်၊ (၅)ပြအိုး၊ (၆)ပစ္စင်၊ (၇)ရဲလောင်း၊ (၈)ရင်တား၊ (၉) သူရဲခို၊ (၁၀)မီးတားဟူ၍ အင်္ဂါဆယ်ပါးပါဝင်မြဲဖြစ်ရာ မန္တလေးနန်းမြို့ရိုးသည် ရှေးမူလက်ရာမပျက် မြို့ရိုးအင်္ဂါဆယ်ပါးအပြည့်အစုံဖြင့် ယနေ့တိုင်တွေ့မြင်နေရသည့် ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားစွာတည်ရှိနေသည်။ မန္တလေးမြို့ကို တည်ထောင်ခဲ့သူ မင်းတုန်းမင်းသည် ခရစ်နှစ် ၁၈၅၉ ခုနှစ် မေလ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) တွင် မန္တလေးနန်းမြို့ရိုးကို အုတ်မြစ်ချခဲ့သည်။

မင်းတုန်းမင်းသည် ဘုရင်ဖြစ်စအချိန်က အမရပူရတွင် နန်းစံနေခဲ့သော်လည်း ခရစ်နှစ် ၁၈၅၂ တွင် အင်္ဂလိပ်ကိုစစ်ရှုံးနိမ့်ခဲ့သည့် မြို့တော်ဖြစ်သည့် အမရပူရတွင် နန်းစံလိုသော ဆန္ဒမရှိခဲ့ပါချေ။ ထို့အပြင် သာသနာတော်နှစ် ၂၄၀၀ တွင် အင်္ဂါနံမင်းသည် မြို့အသစ်တည်ကာ သာသနာစည်ပင်မည်ဟု နိမိတ်တဘောင်ပေါ်ခဲ့သဖြင့် မင်းတုန်းမင်းသည် နန်းမြို့နေပြည်တော်ကို ရတနာပုံမန္တလေးသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။ မင်းတုန်းမင်းသည် မန္တလေးမြို့ကို သာသနာနှစ် ၂၄၀၀ (မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်၊ ခရစ်နှစ် ၁၈၅၆ ခုနှစ်)တွင် ပြီးစီးစေရန် မြန်မာသက္ကရာဇ် ၁၂၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ သာသနာတော်နှစ် ၂၄၀၀ အထိမ်းအမှတ်အဖြစ် မြို့ရိုးအရှည် တာ ၂၄၀၀ ရရှိစေရန် မြို့ရိုးတစ်ဖက်လျှင် တာ ၆၀၀ အညီအမျှပြုလုပ်ခဲ့သည်။ တစ်တာလျှင် ခုနစ်တောင်၊ သံတောင်တစ်တောင်လျှင် ၁၉ လက်မစံနှုန်းဖြင့် တွက်ချက်လျှင် မြို့ရိုးလေးမျက်နှာအရှည်သည် ၅ ဒသမ ၀၃ မိုင်ရှိသည်။

မန္တလေးနန်းမြို့ရိုးသည် မျက်မှောက်ခေတ်အတိုင်းအတာများအရ အရှေ့အနောက်မြို့ရိုးသည် တစ်မိုင်နှစ်ဖာလုံရှိ၍ တောင်မြောက်မြို့ရိုးသည် တစ်မိုင်နှစ်ဖာလုံ ၈၈ ကိုက်ရှိသဖြင့် စတုရန်းပုံအတိအကျမဖြစ်ကြောင်း သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

မင်းတုန်းမင်းသည် မြို့ကို ခိုင်ခံ့မြင့်မားသော အုတ်တံတိုင်းကာရံလျက် တံတိုင်းအပြင်တွင် နက်ရှိုင်းသောကျုံးဖြင့် ပတ်ရံထားရန်စီစဉ်ခဲ့သည်။ အုတ်မြို့ရိုးသည် ထုတစ်တာ၊ အမြင့်သံတောင် ၁၈ တောင်ဖြစ်ရာ ယခုခေတ် အတိုင်းအတာများအရ အုတ်ထုသည် ၁၀ ပေ ၆ လက်မ၊ အမြင့် ၂၈ ပေ ၆ လက်မဖြစ်သည်။ မြို့ရိုးပေါ်တွင် ပြအိုးများတင်ထားကာ မြို့တွင်းသို့ဝင်ရန် တံခါးပေါက် ၁၂ ပေါက် ပြုလုပ်ခဲ့သည်။

မြို့ရိုးတံတိုင်း၏ အတွင်းပိုင်းအလယ်တွင် ထောင့်မှန်စတုဂံပုံအုတ်ခုံပြုလုပ်၍ ထိုအုတ်ခုံပေါ်တွင် နန်းတော်တည်ခဲ့သည်။

မန္တလေးမြို့ကိုတည်ရာတွင် မြို့၏ထောင့်လေးထောင့်တွင် တွင်းများတူး၍ အုတ်အင်္ဂတေတို့ဖြင့် ကန်ပြုလုပ်ကာ ဆီအိုးကြီးများကို တည့်တည့်မတ်မတ် မြှုပ်နှံခဲ့သည်။ ယင်းဆီအိုးကြီးများသည် ဆီပိဿာ ၁၂၀ ဆံ့သော အတွင်းအပြင် စဉ့်သုတ်ထားသည့် အိုးများဖြစ်ကြသည်။ ယင်းအိုးကြီးတစ်လုံးစီတွင် နှမ်းကြီးဆီ ပိဿာ ၄၀၊ နှမ်းလျှင်ဆီ ပိဿာ၄၀၊ မုန်ညင်းဆီပိဿာ ၄၀ တို့ကိုထည့်၍ အလုံပိတ်ကာမြှုပ်နှံခဲ့သည်။ ယင်းသို့ဆီအိုးကြီးများ မြှုပ်နှံခြင်းသည် ရတနာပုံနန်းမြို့အရှည်တည်တံ့စေရန် ရှေးရိုးအစီအရင်တစ်ခုအနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ယူဆကြသည်။

မန္တလေးနန်းမြို့ရိုးတွင် တံခါး ၁၂ ရပ်ရှိရာ မြို့ရိုးတစ်ဖက်တွင် တံခါးသုံးရပ်စီပြုလုပ်ခဲ့သည်။ မြို့ရိုးတစ်ဖက်စီတွင် ဓာတ်တံခါးတစ်ခုကို မိတ်တံခါးနှစ်ခုအကြားတွင်တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ဓာတ်တံခါးလေးခုနှင့် မိတ်တံခါးရှစ်ခုရှိသည်။ ကောင်းကျိုးချမ်းသာရရှိစေရန် ဗေဒင်ယတြာများအလိုအရ မိတ်ဖက်၊ ဓာတ်ဖက်ပြုလုပ်ထားခြင်းဟု ဆိုပေသည်။ တံခါးပေါက် တစ်ခုချင်းကို အမည်များပေးထားခဲ့သည်။ မြို့ရိုးအရှေ့မျက်နှာတွင် (၁) လွန်ကဲ (၂) ဦးထိပ် (၃) သောင်းညွှတ်၊ တောင်မျက်နှာတွင် (၁)ကျွန်းလုံးယူ (၂) ကျော်မိုး (၃)ရန်နည်၊ အနောက်မျက်နှာတွင် (၁) ကြေးမုံ (၂) စည်ရှင်(၃)ထင်ရှား၊ မြောက်မျက်နှာတွင် (၁)စည်သာ (၂) လေးသိန်း (၃) မန်းဦးဟု တံခါးပေါက်များကို အမည်မှည့်ခေါ်ခဲ့သည်။

စာမျက်နှာ ၂၃ သို့


**တစ်ဦးတည်းဖြစ်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နပတရဲတပ်ဖွဲ့မှူးရုံး တိုက်အမှတ်(၁)၊ အခန်း ၃၅ နေ မနှင်းခရေစိုး ၇/ညလပ(နိုင်)၁၆၆၉၇၈၏ဖခင် ဦးကြည်စိုး ၇/ညလပ(နိုင်)၁၁၁၉၃၄နှင့် ဦးတင်အေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကြည်စိုး(ခ)ဦးတင်အေး**

**အမည်ပြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆင်သေကျေးရွာနေ ဦးခင်မောင်အေး ၉/တကန(နိုင်)၀၃၁၆၃၂၏သမီး အထက(၂) ဒုတိယတန်း(A)မှ မခင်မိမိသန်းအား မခိုင်မီမီသော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မခိုင်မီမီသော်**

**အမည်ပြောင်း**

မကွေးခရိုင် မြို့သစ်မြို့နယ်၊ ဘော့ကျေးရွာနေ ဦးအောင်ကိုဝင်း၏သား မောင်ဟိန်းပြည့်စုံအား မောင်အောင်ငြိမ်းသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ငြိမ်းသာ**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးအောင်ဇင် ကိုင်ဆောင်သော အမျိုးသားမှတ်ပုံတင်အမှတ် ၉/အမဇ(နိုင်)၀၂၂၉၂၇ နှင့်အတူ ယာဉ်မောင်းလိုင်စင်နှင့် အရေးကြီးကတ်များပါရှိသွားသဖြင့် တွေ့ရှိပါက ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၁-၅၆၃၇၄၃၊ ၀၉-၅၀၀၆၅၄၃၊ ၀၉-၅၁၁၉၇၃၃**

**ပျောက်ဆုံး**

ကျွန်တော် မောင်ဉက္ကာအောင် ၁၄/မမန(နိုင်)၁၅၃၁၆၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

နိုင်ငံကူးလက်မှတ်အမှတ် M 532072

**ဖုန်း-၀၉-၂၅၄၂၀၇၂၇၉**








## ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဇွန် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်း၌ ဇွန် ၁၁ ရက် က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မိဘများအား အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံအုပ် ဒေါက်တာ အေးအေးမာနှင့် ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများ တက်ရောက်ကြပြီး မူကြိုကျောင်းမှ ကလေးငယ် ၆၃ ဦးကို ကျန်းမာရေး စစ်ဆေးမှုများပြုလုပ်ခဲ့၍ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



## မျိုးစေ့ချ သရုပ်ပြပွဲ ကျင်းပ

**ဟားခါး ဇွန် ၁၅**

ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ၂၀၁၅ ခုနှစ် မိုးစပါး ပုလဲသွယ် (GAP) သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် မျိုးစေ့ချသရုပ်ပြပွဲကို ဇွန် ၁၀ ရက်က ဟားခါး-ထန်တလန်ကားလမ်းပေါ်ရှိ သီးမစ်စိုက်ကွင်း၌ ကျင်းပရာ ချင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

တံခါးပေါက်အမည်များသည် အဓိပ္ပာယ်ကိုယ်စီရှိကြရာ အနောက်မျက်နှာမှ ကြေးမုံတံခါးပေါက်အမည်သည် တစ်မူထူးခြားနေသည်။ ကြေးမုံတံခါးပေါက်သည် အာဋဝီတံခါးဟု လူသိများသော အမင်္ဂလာ တံခါးပေါက်ဖြစ်သည်။ မြို့အတွင်းမှ လူသေများကို ထိုအပေါက်မှ မြို့ပြင်သို့ထုတ်လေ့ရှိသဖြင့် ထိုတံခါးမှဝင်ထွက်သွားလာကြသူများသည် သေခြင်းတရားကို ဆင်ခြင်သည့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို မှန်ချပ်တွင် မြင်ရသကဲ့သို့ အာရုံပြုဆင်ခြင်နိုင်ရန် ကြေးမုံတံခါးပေါက်ဟု အမည်မှည့်ထားခဲ့ခြင်းဖြစ်သည်။ မင်းတုန်းမင်းသည် နေပြည်တော်ကို အမရပူရမှ မန္တလေးသို့ ပြောင်းရွှေ့ခဲ့ရာ မြို့တော်ပြောင်းရွှေ့ရာတွင် လိုက်ပါလာခဲ့သော ပြည်သူများက အမရပူရတွင် လူသေအလောင်းများကို မြို့အပြင်သို့ထုတ်သည့် အနောက်မျက်နှာတံခါးပေါက်ကို ခေါ်ဆိုခဲ့သော အာဋဝီတံခါးအမည်ကိုပင် ဆက်လက်ခေါ်တွင်ခဲ့သဖြင့် ကြေးမုံတံခါးသည် အာဋဝီတံခါးဟု ထင်ရှားခဲ့သည်။ နယ်ချဲ့များသည် မြန်မာတို့၏ နောက်ဆုံးရှင်ဘုရင် သီပေါမင်းအား အာဋဝီတံခါးမှ နန်းမြို့အပြင်သို့ ခေါ်ဆောင်သွားခဲ့သည့်လုပ်ရပ်သည် သက်ရှိထင်ရှားရှိနေသော ရှင်ဘုရင်အား လူသေဟု သတ်မှတ်ကာ ဘုရင့်ဘုန်းကို နှိမ့်ချခဲ့သည့် လုပ်ရပ်တစ်ခုဖြစ်ပေသည်။

အုတ်မြို့ရိုးအား အုတ်များကို မြေနီသရွတ်ဖြင့်စီပြီး အတွင်းဘက်တွင် ဆင်ခြေလျှောပြုလုပ်ထားသည်။ မြို့ရိုးအထက်တွင် သူရဲခိုခေါ် စိန်တောင်များကို ဖောက်ထားကာ ယင်းသူရဲခိုများနောက်တွင် သူရဲပြေးခေါ် စင်္ကြံလမ်းကို မြို့ရိုးပတ်ပတ်လည်ဖောက်လုပ်ထားသည်။ တစ်ပြနှင့် တစ်ပြအကြားတွင် သူရဲခိုပေါင်း ၇၀ ကျော်ခန့်ရှိသည်။ မြို့တွင်းဝင်ပေါက်များအပေါ်တွင် တန်ဆောင်းများ ပြုလုပ်ထားပြီး တန်ဆောင်းအောက်တွင် သူရဲပြေးလမ်းအထက်၌ ပစ္စင်များပြုလုပ်ထားသည်။ ထိုပစ္စင်များအား ရန်သူများ မြို့တွင်းသို့ဝင်ရောက်ရန် ကြိုးပမ်းလာလျှင် သံရည်ပူ၊ ခဲရည်ပူများကို လောင်းချနိုင်သည့် နေရာတစ်ခုအဖြစ် ပြုလုပ်ထားခြင်းဖြစ်သည်။ ပစ္စင်ရှေ့တွင်ရင်လျှောက်ရှိသည်။ ရင်လျှောက်၏အောက်ပိုင်းသည် ပြအိုးဖြစ်သည်။ ပြအိုးတစ်ခုသည် အလျား ၄၄ ပေ၊ ခြောက်လက်မရှိပြီး အပြင်သို့ထွက်နေသော ထုမှာ ၂၁ ပေ၊ ခြောက်လက်မခန့်ရှိသည်။

မန္တလေး မြို့ရိုးတစ်လျှောက်တွင် တံခါး ၁၂ ပေါက်၊ ပြကြီး ၁၆ ခု၊ ပြငယ် ၃၂ ခု ၊ (စုစုပေါင်းပြကြီးပြငယ် ၄၈ ခု) ပေါ်တွင် တန်ဆောင်း ၄၈ ဆောင်ရှိသည်။ မြို့ရိုးတံခါးပေါက်များနှင့် ပြများအပေါ်တွင် ပြာသာဒ်များကို ပြုလုပ်ထားပြီး ယင်းပြာသာဒ်များသည် ဓာတ်တံခါးလေးခုပေါ်တွင် ဘုံခုနစ်ဆင့်၊ မိတ်တံခါး ရှစ်ခုပေါ်တွင် ဘုံငါးဆင့်၊ ပြ ၄၈ ခုပေါ်တွင် ဘုံငါးဆင့်ရှိသည်။ ပြာသာဒ်များကို သစ်စေးသရိုးကိုင်ပြီး ဟင်္သာပြဒါး ရွှေချထားခဲ့သည်။

တံခါးပေါက် တစ်ခုစီတွင် မြို့ရိုးတံခါးတစ်ဖက်တစ်ချက်ကူးသန်းနိုင်ရန် ပျဉ်ပြားခြေနင်းလျှောက်လမ်းများရှိသည်။ ယင်းတို့ကို ရင်လျှောက်ဟုခေါ်သည်။ တံခါးရွက်အပြင်တွင် ရန်သူများဝင်မလာနိုင်ရန် သစ်သားတုံးကြီးများကို တစ်ဖက်နှင့်တစ်ဖက် လျှိုသွင်းထားသည့် ရင်တားများရှိသည်။ ထိုရင်တားများအား တုရိုဏ်တိုင်တွင် တစ်ဖက်စီစွပ်ထားသည်။ မြို့တံခါးပေါက်တည့်တည့် မြို့ရိုးအပြင်တွင် အလျားသုံးတာ၊ အနံတစ်တာရှိသည့် အခိုင်အခန့်ပြုလုပ်ထားသည့် အုတ်နံရံကြီးများသည် မီးတားများဖြစ်ကြသည်။

ရှေးဟောင်းသုတေသန ဦးစီးဌာနက မန္တလေးနန်းမြို့ရိုးများကို ထိန်းသိမ်းပြုပြင်ခဲ့ရာ ၁၉၆၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မန္တလေး နန်းမြို့ရိုး တောင်ဘက်မျက်နှာရှိ မိတ်တံခါးရန်နည်၏ မီးတားအောက်ခြေမှ ငွေအင်းပြား ၁၈ ချပ် ထည့်ထားသည့် ကျောက်သေတ္တာတစ်လုံးကို တူးဖော်တွေ့ရှိခဲ့သည်။ ယင်းကျောက်သေတ္တာသည် အလျားတစ်ပေ သုံးလက်မ၊ အနံ တစ်ပေ တစ်လက်မနှင့် အမြင့် ၁၁ လက်မရှိသည်။ ကျောက်သေတ္တာအဖုံးပေါ်တွင် "ရန်နည် တံခါးရွက်ကာ၊ ဝဲ" ဟု ကမ္ပည်းထိုးထားသည်။ ငွေအင်းချပ်များအား ခဲပြားဖြင့် ရစ်ပတ်ထားသည်။ မန္တလေးမြို့တည် နန်းတည် စာတမ်း၌ " နန်းမြို့ရိုးကို တည်လုပ်ရာ၌ မဟာယတြာအတွက် အင်းပြားများမြှုပ်နှံခဲ့ကြသည်"ဟု ရေးသားထားပြီး အင်းအမျိုးအစားနှင့် အချပ်ရေများကိုပါ ဖော်ပြထားပေသည်။

မင်းတုန်းမင်းသည် "မြို့၊ကျုံး စေတီ၊သိမ်ဂူလှျံမောင်း၊ သိမ်ကျောင်း သုဓမ္မာ ၊ ရွှေစာ အမြွတ် ၊ ပိဋကတ်တိုက်၊ သမိုက် မြဲမြဲ၊ ခုနစ်တန်ကို၊ ဆော်ဖန် အောင်စည်၊ တစ်ပြိုင်တည် "ဟူသည့် မြို့အင်္ဂါ ခုနစ်ရပ်အတိုင်း ၁၂၂၀ ခုနှစ် ကဆုန်လဆုတ် ၆ ရက်တွင်(၁) နန်းမြို့၊ (၂)ကျုံး၊ (၃)မဟာလောကမာရဇိန်စေတီ၊ (၄)ပဋ္ဌာန်း မဟာရွှေသိမ်၊ (၅)အတုမရှိကျောင်း၊ (၆) သုဓမ္မာဇရပ် ၊ (၇) ပိဋကတ်တိုက်တို့ကို တစ်ပြိုင်တည်း ပန္နက်တင်ခဲ့သည်။

မြို့ရိုးပတ်ပတ်လည်တွင် တာ ၂၀ မြေလွတ်ချန်ပြီး တာ၂၀ ကျယ်၍ အနက် ၁၅ တောင်ရှိသည့်ကျုံးကိုတူးဖော်ခဲ့သည်။ မျက်မှောက်ခေတ် အတိုင်းအတာများအရ ကျုံးသည် ပေ ၂၁၀ ကျယ်၍ ၂၂ ပေ ၆ လက်မ ခန့်နက်ပြီး မြို့ရိုးကို လေးဖက်လေးတန် ဝိုင်းပတ်ထားပေသည်။ ကျုံးအတွင်းသို့ ရတနာနဒီမြောင်းမှ ရေများသွယ်ယူထည့်သွင်းခဲ့သည်။ခရစ်နှစ် ၁၈၆၂ ခုနှစ် မတ်လတွင် ရွှေမြို့တော်ခုနစ်ဌာနလုံး ပြီးစီးအောင်မြင်ခဲ့ပြီးနောက် မင်းတုန်းမင်းသည် မြို့သိမ်းမင်္ဂလာအခမ်းအနားကို ကျုံးအတွင်း ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့သည်။ မင်းတုန်းမင်းကြီးသည် ကျုံးတော်အတွင်း၌ ရွှေလောင်းရွှေလှေများ ခြံရံထားသော ပြည်ကြီးမွန် ဖောင်တော်ကို စီးလျက် မန္တလေးနန်းတော်အား လက်ယာရစ်လှည့်ပတ်ခဲ့ပေသည်။

ကျုံးကူးတံတားများကို မြို့ရိုးမျက်နှာစာ တစ်ဖက်စီတွင်ရှိသည့် အလယ်တံခါးမကြီးများရှေ့တွင် တစ်ခုစီထားရှိမှုသာမက အနောက်မျက်နှာကြေးမုံ တံခါးရှေ့တွင် ကျုံးကူးတံတား တစ်ခုကို ထပ်မံပြုလုပ်ခဲ့သဖြင့် ကျုံးကူး တံတားပေါင်း ငါးစင်းခန့်ရှိသည်။ ကြေးမုံတံတားခေါ် အာဋဝီတံတားအား နန်းမြို့တွင်းမှ လူသေများကို မြို့ပြင်ထုတ်ရန် သီးသန့်အသုံးပြုရန် တည်ဆောက်ခဲ့သည်။

သက်တမ်းနှစ် ၁၅၀ ကျော်ခဲ့ပြီဖြစ်သည့် ရတနာပုံ နေပြည်တော် မန္တလေးသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာများစွာကို ယနေ့တိုင် ဖော်ညွှန်းပြသလျက်ရှိသည်။ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဗိသုကာပညာ နည်းပညာအဆင့်မြင့်မားခဲ့သည့် မြန်မာတို့သည် နယ်ချဲ့၏ ဗိုလ်ကျစိုးမိုး အနိုင်ကျင့်မှုကိုသာ မခံခဲ့ရပါက ယခုအချိန်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တမ်းယှဉ်ပြိုင်နိုင်သော အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်နေမည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း မန္တလေး မြို့ရိုးနီနီ၊ ကျုံးရေကြည်ကြည်ကိုတွေ့ရတိုင်း ကျွန်တော်တွေးမိသည်သာ ဖြစ်ပါပေသည်။

**ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဗိသုကာပညာနည်းပညာ အဆင့်မြင့်မားခဲ့သည့် မြန်မာတို့သည် နယ်ချဲ့၏ ဗိုလ်ကျစိုးမိုး အနိုင်ကျင့်မှုကိုသာ မခံခဲ့ရပါက ယခုအချိန်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တမ်းယှဉ်ပြိုင်နိုင်သော အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်နေမည်မှာ မလွဲကေန်ပင်ဖြစ်**


**တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်**
**UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ**

**ပညာရေး ဆွေးနွေးပွဲ**

- တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း၊
- နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ၊
- မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ

*(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။*

ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၂၄.၆.၂၀၁၅ (ဗုဒ္ဓဟူးနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ငူခန်းမ)

လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေးတက်ရောက်ပါရန် (အခမဲ့)
Call Now : 09 8628806, 09 73031302,01 504632



လှိုင်သာယာ၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၄)ထပ် လူနေဆိုင်ခန်း (17'x55')၊ နှစ်ထပ်ပါကေး၊ နှစ်ထပ်ကြွေပြား၊ အခန်းဖွဲ့ပြီး၊ ရေသန့်စက်နှင့် အသင့်နေနိုင်သည်။ ဈေးရင်းအတိုင်း **ကျပ်သိန်း(၁၈၀၀)**ဖြင့် ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၀၆၁၀၈၊ ၀၉-၄၂၁၀၃၈၈၆၂**



**တိုက်ခန်းမြေညီ(တိုက်သစ်)အမြန်ရောင်းမည်**

စမ်းချောင်းမြို့နယ်၊ အာရှတော်ဝင်ဆေးခန်းအနီး (25'x50')မြေညီ၊ RC ခင်း၊ မီးဖိုချောင် (ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားခင်း) ပြင်ဆင်ပြီး၊ ပြတင်းပေါက် သံပန်းတံခါးတပ်ပြီး
**ရောင်း (သိန်း-၂၁၀၀) ညှိနှိုင်းဈေး**

ဖုန်း-၀၉-၄၉၅၈၃၅၄၅၊ ၀၉-၇၃၀၂၄၅၃၄



**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပဏ္ဍိတာလမ်း၊ အမှတ်(၃/၅)မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၃)ခန်းတွဲ(၈)ထပ်တိုက်မှ ကန်ထရိုက်တာ၏ရပိုင်ခွင့်ဖြစ်သော အမှတ်(၃/၅)၊ မြေညီ(အလယ်ခန်း)၊ အကျယ်(၁၆ပေx၅၀ပေ)အကျယ်ရှိ တိုက်ခန်းကို ကန်ထရိုက်တာထံမှတဆင့် အဆင့်ဆင့်ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့သူ ဦးအောင်ကျော်သူ (၁၂/ကတတ(နိုင်)၀၂၆၇၈၂) နှင့်ဒေါ်နီနီလွင်(၁၂/ကတတ(နိုင်) ၀၀၆၅၂၅)တို့က ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတို့သာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း မိတ်ဆွေသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးအောင်နိုင်** | **ဒေါ်ကေသီကျော်** |
| LL.B, D.B.L, D.M.L | LL.B, D.B.L, D.I.L, D.M.L |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၅၅) | အထက်တန်းရှေ့နေ(စဉ်-၃၃၁၀၆) |
| Ph-095061037 | Ph-095506143 |

အမှတ်-၁၆၂/၁၇၂(၃၆)လမ်း(အလယ်/မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း (၉)မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၉)မျိုးကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Forklift 2 Ton | 6 Nos | မြန်မာကျပ်ငွေ |
| (ခ) | Generator | 1 Nos | မြန်မာကျပ်ငွေ |
| (ဂ) | 4 Unit Sheetfed Offset | 1 Nos | မြန်မာကျပ်ငွေ |
| (ဃ) | Double Head Stitcher | 1 Set | မြန်မာကျပ်ငွေ |
| (င) | Semi Automatic Stitcher | 1 Nos | မြန်မာကျပ်ငွေ |
| (စ) | Folding M/C | 1 Nos | မြန်မာကျပ်ငွေ |
| (ဆ) | Auto-Perfect Binding M/C | 5 Nos | မြန်မာကျပ်ငွေ |
| (ဇ) | Paper Cutting M/C | 1 Nos | မြန်မာကျပ်ငွေ |
| (ဈ) | တစ်ဖက်ဖြတ်ဓားစက် | 1 Nos | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၅ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန် သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၂၀တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး**
**ကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ (၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားများတည်ဆောက်ခြင်းလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၅ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၄-၆-၂၀၁၅ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်** - ၂၄-၇-၂၀၁၅ရက်၊ ၁၆း၃၀နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၄၆၅**

## Open Tender ခေါ်ယူခြင်း

(၁) နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ ရုံးချုပ်တွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများနှင့် SMVTI (ရန်ကုန်)၊ ELPS(နေပြည်တော်)တို့တွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(၂) Open Tender ပုံစံများကို ၁၇-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် (၂၁) တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

(၃) အဆိုပါ ရုံးသုံးစက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာဒေသအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

(၄) Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆ နှင့် website ဖြစ်သော www.tvetmyanmar.org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ဒုတိယ(၄)လ (၂၀၁၅ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်းကိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၅ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၆-၆-၂၀၁၅ ၊ ၁၆း၀၀ နာရီ
**Company Profile နှင့် Tender Security နောက်ဆုံးတင်ပြရမည့်ရက်၊ အချိန်** - ၂၆-၆-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး) ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၁-၇-၂၀၁၅ရက် မွန်းလွဲ ၂နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၆၇- ၄၃၁၀၈၅၊ ၀၆၇- ၄၃၁၀၇၇**
**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် အာဟာရလုပ်ငန်းသုံး ဓာတ်ခွဲခန်း စက်ပစ္စည်း ကိရိယာများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊နေပြည်တော်သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၁-၇-၂၀၁၅ ရက် မွန်းလွဲ ၂ နာရီ

**ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇**
**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၇၄·၉၉၁ အောက်မှ ကျခံသုံးစွဲမည့် တည်ဆောက်ရေးလုပ်ငန်းစုစုပေါင်း ၅၄ခုအနက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၁၅·၉၃၇ အတွက် အောက်ဖော်ပြပါလုပ်ငန်း ၁၂ ခု ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန်ဖိတ်ခေါ်ပါသည်-

| စဉ် | တည်ဆောက်ရေးလုပ်ငန်းများ |
|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** |
| ၁ | အင်းစိန်မြို့နယ်၊ ရွာမ CNGဝင်းအတွင်းတွင် (၁၀၀'×၄၀'×၁၂')ရုံး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း |
| ၂ | အင်းစိန်မြို့နယ်၊ ရွာမCNG ဝင်းအတွင်းတွင် ၄ပေထု သဲဖို့ခြင်းလုပ်ငန်း (၅၉၅ပေ× ၂၅၅ပေ=၁၅၁၇၂၅ စ/ပေ) |
| ၃ | အင်းစိန်မြို့နယ်၊ ရွာမ CNG ဝင်းအတွင်းတွင် (၂၀၀'×၅၀'×၁၅') Hydrotest အဆောက်အအုံဆောက်ခြင်းလုပ်ငန်း(Steel Structure) |
| ၄ | အင်းစိန်မြို့နယ်၊ ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းဝင်းတွင် အုတ်ခြံစည်းရိုးပြုလုပ်ခြင်းလုပ်ငန်း(အရှည် ၁၅၀၀'၊ အမြင့် ၁၃') |
| ၅ | သာကေတမြို့နယ်၊ သာကေတ၊ ကမ်းလွန်ရေနံအခြေစိုက်စခန်းဝင်းအတွင်း Open Shed ဘေးကွက်လပ်တွင် ၂'ထု သဲဖြည့်ခြင်းနှင့် ၁'ထု ကွန်ကရစ်လောင်းခြင်းလုပ်ငန်း (၁၂၀'×၁၉၀') |
| ၆ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းဝင်းအတွင်း အုတ်ခြံစည်းရိုးပြုလုပ်ခြင်းလုပ်ငန်း (အရှည်၁၁၅၀'၊ အမြင့် ၁၃') |
| ၇ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းတွင် Jetty ဘေးတစ်ဖက်တစ်ချက်နေရာများတွင် ဆိပ်ကမ်းထိန်းသိမ်းရေး RCC မြေထိန်းနံရံများ ပြုလုပ်ခြင်းလုပ်ငန်း(၅၅၀'×၃၀'×၁၂'-၃") |
| ၈ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းတွင် Foreshore Landing အနီးတွင် ရေတိုက်စားမှုမဖြစ်ပေါ်စေရန် RCC မြေထိန်းနံရံများ ပြုလုပ်ခြင်းလုပ်ငန်း (၁၀၀၀'×၁၂'-၃") |
| ၉ | ဒဂုံမြို့သစ်မြို့နယ် တိုးကြောင်ကလေး သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း တည်ဆောက်ခြင်းလုပ်ငန်း |
| ၁၀ | အလုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံ(အရှေ့)မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သန်လျင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ CNG ဆိုင်(၈)ဆိုင်၏ ဝန်ထမ်းဘားတိုက်များတွင် နံရံနှင့် မျက်နှာကြက်များ ပြုပြင်ခြင်းလုပ်ငန်း၊ |
| | **ဧရာဝတီတိုင်းဒေသကြီး** |
| ၁၁ | ညောင်တုန်းမြို့နယ်၊ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေစခန်း အဝင်လမ်း၊ (ဝမ်တရိုးလမ်း) အား ၁ပေထု ၁း၂း၄ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(၂၀၀၀'×၁၄'×၁') |
| | **မကွေးတိုင်းဒေသကြီး** |
| ၁၂ | ချောက်မြို့နယ်၊ ချောက် CNG အရောင်းဆိုင်တွင် စက်အဆောက်အအုံများတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၆-၂၀၁၅ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၆-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံများ၏ ဆောင်ရွက်မည့်အတိုင်းအတာ၊အသေးစိတ်အချက်အလက်များ မှိုင်းမြင်ပြုပုံစံများနှင့် ပတ်သက်၍ သိရှိလိုပါက စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဆောက်လုပ်ရေးအင်ဂျင်နီယာဌာန၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၄၁၁၂၀၅ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ဦးစောလွင် ၁/မကန(နိုင်)၁၀၇၃၆၉၊ ဒေါ်စန်းရင် ၁/မကန(နိုင်)၀၃၅၆၁၀ (အတူနေလင်မယား) အမှတ်(၅၄)၊ နယ်မြေ(၈)၊ နောင်ခမ်းရှမ်းရွာ၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့နေထိုင်သူတို့က အများသိစေရန်ကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏သား မောင်လွမ်းမိုးအောင်(ခ)ငမိုး ၁/ဆဘတ(နိုင်)၀၀၀၃၈၇ သည် မိဘနှစ်ပါး၏စကားကို နားမထောင်ဘဲ မိဘများစိတ်ဆင်းရဲစေသည့် စကားများ၊ အပြုအမူများပြုလုပ်ပြီး မိဘများအားကိုယ်ဆင်းရဲစိတ်ဆင်းရဲအောင်ဖြစ်အောင် မကြာခဏပြုမူသူ သားတစ်ဦးဖြစ်၍ ၎င်းအားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်သဖြင့် မောင်လွမ်းမိုးအောင် (ခ) ငမိုး၏ ဆောင်ရွက်ချက်များအပေါ် ကြေညာသူမိဘနှစ်ပါးနှင့် တစ်စုံတစ်ရာမပတ်သက်တော့ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစောလွင်-ဒေါ်စန်းရင်**
**(လွမ်းမိုးအောင်(ခ)ငမိုး၏မိဘများ)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိခုတင်(၂၀၀)ဆံ့ဆေးရုံကြီး(၃)ရုံအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ကြီးမြို့နှင့် လွိုင်လင် အထွေထွေရောဂါကုဆေးရုံကြီး၊ လွိုင်လင်မြို့များတွင် တည်ရှိသောခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးသုံးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့) - ၀၉း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၇-၂၀၁၅ရက်(တနင်္လာနေ့) - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက ၁၅-၆-၂၀၁၅ ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးများဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၁၂၁၀၄**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံ ဦးစီးဌာန ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော သတ်မှတ်စံချိန်စံညွှန်း ပြည့်မီသည့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား(မြန်မာကျပ်ငွေဖြင့်) လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်စဉ်(၂) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၇-၂၀၁၅ရက်၊ ၁၂း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၇-၂၀၁၅ရက်၊ ၁၀း၀၀ နာရီ
၄။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(စီမံကိန်းမန်နေဂျာရုံး) ရွှေကြာပင်လမ်း(ဘောဂသိဒ္ဓိအဝိုင်းအနီး)

၅။ အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာများအား ၁၇-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း- စီမံကိန်းမန်နေဂျာရုံး၊ ရွှေကြာပင်လမ်း၊ (ဘောဂသိဒ္ဓိအဝိုင်းအနီး)နှင့် ဖုန်း-၀၉-၅၁၇၅၇၃၅၊ ၀၉-၈၅၈၀၇၁၅တို့သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

Kangzen-KenKo

## Kangzen-Kenko Myanmar Co.,Ltd(KK)
## (ဝန်ထမ်းအလိုရှိသည်)

၁။ **Presenter** — **ကျား/မ ၅ ဦး**
- အသက်(၂၅)နှစ်မှ (၃၀) အတွင်းရှိပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- အစီအစဉ်တင်ဆက်သည့်အပိုင်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်၍ ရုပ်ရည်အသင့်အတင့်ရှိရမည်။
- အလှကုန်ပစ္စည်းအကြောင်း (သို့) တိုက်ရိုက်ရောင်းစနစ်အကြောင်း (Multi Level Marketing) စသည့် အပိုင်းတစ်ခုခုတွင် ကျွမ်းကျင်ပါက အထူးအခွင့်အရေး အနေနှင့် စဉ်းစားပေးမည်။
- အချိန်မရွေး နယ်ခရီးသွားလာနိုင်ရမည်။

၂။ **Sale** — **ကျား/မ ၁၀ ဦး**
- အသက်(၂၀)မှ (၂၅)နှစ်အတွင်းရှိပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။
- ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။
- လိုအပ်ပါက ရက်တိုခရီးသွားလာနိုင်ရမည်။

၃။ **ထိုင်း-မြန်မာဘာသာပြန်** — **မ ၂ ဦး**
- အသက် ၂၅ နှစ်မှ ၃၀ အတွင်းရှိပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။

**မှတ်ချက်** ။ ။ အမှတ်စဉ်(၁)အတွက် ရွေးချယ်ခြင်းခံရပါက Presenter ပညာရပ်ကို သင်ကြားခွင့်ရမည်။

လျှောက်ထားလိုသူများသည် ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံတစ်ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။ **ရန်ကုန်ရုံးချုပ်** ။ ။ **သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် (ယခင်တာမွေပလာဇာ-၉လွှာ)** ဖုန်း-၀၉-၄၉၂၇၈၀၆၀၊ ၀၁-၈၆၀၄၂၉၈

## ကိုမင်းထက်အောင် ၁၄/ရကန(နိုင်)၁၄၃၇၀၁
## ရေကြည်မြို့
## သိစေရန်ကြေညာချက်

ကိုမင်းထက်အောင်သည် Super Rocket Trading Co.,Ltd. တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း အလွဲသုံးစားပြုလုပ်ခဲ့သော ငွေကြေးများအား ကုမ္ပဏီသို့ အမြန်ဆုံးလာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်ဒါရိုက်တာ**
**Super Rocket Trading Co.,Ltd.**



ဖလန်းဖလန်းအင်တာနက်
3G ၆ကျပ်/MB
လူတိုင်းအတွက် မြန်ဆန်တဲ့အင်တာနက်ကို
အသက်သာဆုံးဈေးနဲ့ အခုပဲယူလိုက်ပါ။
ooredoo
#PHALANPHALAN
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို WWW.OOREDOO.COM.MM တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။


Similac Gain IQ
ဦးနှောက်ဖွံ့ဖြိုးဖို့အတွက် အာဟာရ
အာရုံခံစားဖို့အတွက် အမြင် . . . .
အာရုံခံစားမှု ပိုကောင်းလေ..... လေ့လာသင်ယူမှု ပိုကောင်းလေ.....
ကလေးငယ်များဟာ အရုပ်များနှင့် ဆော့ကစားခြင်း (သို့) မိခင်နှင့် ရင်းနှီးနွေးထွေးစွာ နေထိုင်ခြင်း စသည့် အာရုံခံစားမှုများမှ တစ်ဆင့် လေ့လာသင်ယူကြပါတယ်။ ဒါ့အပြင် သင်ယူလေ့လာမှု ပိုမိုကောင်းမွန်စေရန်အတွက် အာဟာရပြည့်ဝစွာ ရရှိရန်လည်း လိုအပ်ပါတယ်။
Similac Gain IQ ရဲ့ EYE Q PLUS System ကြောင့် အာဟာရစုပ်ယူမှုကို အားကောင်းစေပြီး Lutein နှင့် DHA ပိုမိုပါဝင်လို့ ကလေးငယ်များရဲ့ ဦးနှောက်နှင့် အမြင်အာရုံဖွံ့ဖြိုးမှုကို တိုးတက်စေပါတယ်။
Similac Mum
Similac Gain IQ
Similac Gain IQ Kid
GIQ140515M
PAHTAMA GROUP
Abbott Nutrition Careline
01-8551428
09 260 35 62 62
Feel free to contact our nutrition advisors for enquiry or advice.
Abbott

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စမ်းမြင့်
### (ကွမ်းခြံကုန်း-သုံးခွကျေးရွာ)
### အသက်(၈၆)နှစ်

ဦးကံလှ(ညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်ညိုညိုဝင်း(ဒုတိယအင်ဂျင်နီယာချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၏မိခင် ဒေါ်စမ်းမြင့်သည် ၁၄-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ကျေးဇူးတင်ရှိခြင်း

၉-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဘုရား၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး ဦးကျော်မင်းသိန်း(ခ)ဦးချစ်(တွဲဖက်အတွင်းရေးမှူး၊ ဈေးသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အဆင့်မြင့်မင်္ဂလာဈေး)၏ဈာပန အခမ်းအနားတွင် ကရုဏာဖြင့် ကြွရောက်ပေးခဲ့ကြသော ဆရာတော်၊ သံဃာတော်များ၊ စ/လယ်/ဆုံးတိုင် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့သော ဒေါက်တာစောလှထွန်း(တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်-၁၊ မဲဆန္ဒနယ်)၊ ဥက္ကဋ္ဌ-ဈေးသာယာရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အဖွဲ့ဝင်များအားလုံး၊ အဆင့်မြင့်မင်္ဂလာဈေး ဈေးတာဝန်ခံ ဦးဝင်းမောင်နှင့် ဝန်ထမ်းများ၊ ဝမ်းနည်းကြေကွဲခြင်း၊ လွမ်းသူ့ပန်းခြင်းများပေးပို့ခဲ့ကြသော မင်္ဂလာဈေး၊ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်ဈေး၊ ရွှေပြည့်စုံဈေးတို့မှ ဈေးသာယာရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားလုံး၊ ဈာပနကိစ္စရပ်များ၊ ရက်လည်ဆွမ်းသွတ်ခြင်းတို့တွင် လှူဖွယ်ပစ္စည်းများနှင့် လိုအပ်သည်များ ဖြည့်ဆည်းကူညီပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေး ဝမ်းနည်းကြောင်းပေးပို့သူများအားလည်းကောင်း၊ ရက်လည်ဆွမ်းကျွေး တရားတော်နာခြင်း၊ အရဏ်ဆွမ်းကပ်လှူခြင်း၊ ဧည့်ခံကျွေးမွေးရေး၊ သယ်ယူပို့ဆောင်ရေးစသည့် နာရေးကိစ္စအဝဝတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်း (ညောင်လေးပင်)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊ အမှတ် ၅နေ (ဦးသောင်း)၏ဇနီး သက်ကြီးကန်တော့ခံ ဒေါ်ခင်သန်းသည် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ညောင်လေးပင်မြို့နယ်အသင်း**
**(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်မမလေး (မြိတ်)
### ဗဟန်းမြို့နယ်ဆရာဝန်ကြီး(ငြိမ်း)
### အသက်(၈၆)နှစ်

ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော် (ကြို့ပင်ကောက်မြို့နယ်အသင်း၊ ဥက္ကဋ္ဌ) တို့၏မိခင်သည် ၁၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကြို့ပင်ကောက်မြို့နယ်အသင်း**
**အလုပ်အမှုဆောင်နှင့်**
**အသင်းသူ/သားများ**

## ဒေါ်ခင်ညွန့် (ကျောက်ပန်းတောင်းမြို့)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ မင်းစုလမ်း၊ (၉)ရပ်ကွက်၊ အမှတ် ၂၄၂နေ (ဦးဟန်သာ)၏ဇနီး၊ ဒေါက်တာဦးကျော်ကျော်မြင့်-ဒေါ်ခင်အုန်းမြင့်၊ ဦးသီဟ၊ ဦးသူရ၊ ဦးအောင်နိုင်-မနွယ်နီမောင်၊ (ဦးဝင်းနိုင်)-မအေးမင်းသန့်၊ ဦးမြင့်ကြည်-မမေသန့်ထွေးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို (လ/ထ စက်ရုံမှူး၊ ငြိမ်း)
### အသက်(၇၇)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ညွှန်ကြားရေးမှူး ဦးကျော်သီဝ-ဒေါ်နှင်းမြမြမိုးတို့၏ဖခင် ဦးအေးကို (လ/ထ စက်ရုံမှူး၊ ငြိမ်း) သည် ၈-၆-၂၀၁၅ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဒေါက်တာဦးစိုးသိန်း**
**နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွေး (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)
### ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
### အသက်(၆၇)နှစ်

ဒေါ်သက်သန်းတင်၏ခင်ပွန်း ဦးတင်ထွေး (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း) သည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်ထုတ်စာတုဗေဒ ကျောင်းသား/ကျောင်းသူများ**
**၁၉၇၃-၁၉၇၇ (နိုဝင်ဘာ)**
**ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့်
### နတ်ဘုန်းရှိန်စေတီတော် ဂေါပကအဖွဲ့ဝင်ဟောင်း
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သြဘာလမ်း၊ အမှတ် ၂၈၊ ငါးလွှာ(ဘီ)နေ ဒေါ်နှင်းနှင်းသိန်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဓမ္မမိတ်ဆွေများ-ဦးကျော်စံ၊ ဦးဘူမောင်၊ ဦးမြအုန်း၊ ဦးအောင်သန်း၊**
**ဦးမိုးအေး၊ ဦးသိန်းအောင်၊ ဦးစိုးမြင့်**

## ဆရာမကြီး ဒေါ်တိုးခင်
### (ယခင် ဒေါ်သာထက် အထက်တန်းကျောင်း)
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အမှတ်(၃၂-B-၃)နေ(မြို့ဝန်လေး ဦးအုန်းဖေ-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးသောင်း-ဒေါ်မြသွေး)တို့၏သမီးချွေးမ၊ (ဦးထင်းအိန်၊ အငြိမ်းစားတိုင်းပညာဝန်)၏ချစ်လှစွာသောဇနီး၊ ဒေါ်သောင်းတင်(ဒု-ညွှန်ချုပ်၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ (ဒေါက်တာမြမြကြိုင်)၊ (ဦးအုံး၊ ထွေ/အုပ်ဦးစီးအရာရှိ၊ ငြိမ်း-ဒေါ်လှလှ)၊ ဒေါက်တာလှမင်း(သားဖွား/မီးယပ်၊ ငြိမ်း)-ဒေါက်တာသန်းသန်းထွေး(အထူးကုဆရာဝန်ကြီး၊ မျက်စိ၊ ငြိမ်း)တို့၏ကျေးဇူးရှင်မိခင်၊ ဒေါက်တာဒေါ်ဝင်းမေ(သားဖွား/မီးယပ်၊ ငြိမ်း)၏အဒေါ်၊ ဦးကျော်ကျော်စိုး-ဒေါ်လေးလေးမြင့်တို့၏ကြီးကြီး၊ဒေါ်သင်းသင်းနွယ်၊ (ကိုစည်သူ)၊ ဦးလျှန်အုပ်-ဒေါ်ကေသီနွယ်၊ (ကိုမင်းသိန်းထွန်း)၊ ကိုဇေယျာထွန်း-မလဲ့လဲ့ဖြိုးတို့၏အဘွား၊ မသိမ့်သိမ့်သူ၊ မောင်နိုင်ဘုန်းခန့်၊ မကေသွယ်နှင်း၊ မမွန်မြတ်တင့်တယ်တို့၏ဘွားဘွားကြီးသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၃း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### တိုင်းရင်းသမားတော်ကြီး
## ဦးဘရှင်
### အသက်(၉၆)နှစ်

မကွေးမြို့၊ ကန်သာရပ်၊ A-၂၆၇၊ ဗန္ဓုလပင်လမ်းနေ ဦးအောင်စိုး-ဒေါ်နွယ်နွယ်ချို (သူနာပြု/သားဖွား၊ ကျောင်းအုပ်)၏ ချစ်လှစွာသောဖခင်ကြီး၊ တိုင်းရင်းသမားတော်ကြီး ဦးဘရှင်သည် ၁၃-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေး သူနာပြုနှင့်သားဖွားသင်တန်းကျောင်း နည်းပြ/ဒု-နည်းပြ၊**
**ဝန်ထမ်းများနှင့် သူနာပြု/သားဖွားသင်တန်းသား/သူများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဘရှင်
### တိုင်းရင်းဆေးသမားတော်၊ စလင်းမြို့
### အသက်(၉၅)နှစ်

သူငယ်ချင်း ဒေါက်တာရီရီတိုး (မေ့ဆေးဆရာဝန်ကြီး၊ မင်းဘူးပြည်သူ့ဆေးရုံကြီး)၏ဖခင် ဦးဘရှင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဘရှင် ကောင်းရာသုဂတိလားပါစေ…

**ချစ်သူငယ်ချင်းများ(၁၉၇၄-၈၂ ခုနှစ်)**
**ဆေးတက္ကသိုလ်၊ မန္တလေး**

## ဒေါ်သိန်းမြ
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ သီရိလမ်း၊ အမှတ် ၉နေ [ဗိုလ်မှူးကြီးလှမောင် (နိုင်ငံတော်ကောင်စီဝင်၊ ငြိမ်း)]၏ဇနီး၊ (ဗိုလ်မှူးဝေဇင်)-ဒေါ်ခင်မျိုးသူ၊ (ဗိုလ်ကြီးဝင်းရှိန်)-ဒေါက်တာခင်မျိုးသက်၊ ဦးမျိုးလှမင်း-ဒေါ်မေလွင်ခိုင်၊ ဦးမျိုးဇော်မင်း(2/E Uniteam)-ဒေါ်ခင်မျိုးခိုင်၊ ဦးမျိုးကြည်မင်း-ဒေါ်သူဇာမြင့်၊ ဦးအောင်မြင့်-(ဒေါ်နီလာခင်မျိုးနွယ်)၊ ဒေါ်သီတာခင်မျိုးစန်းတို့၏မိခင်၊ ဗိုလ်မှူးညဏ်ထက်အောင်-ဒေါ်ခင်သပြေအောင်၊ ကိုအောင်မျိုးမင်း-မခင်တိုးတိုးဝင်း၊ ကိုအောင်ကျော်ကျော်-မဆုမြတ်ဝေဇင်၊ ကိုသန့်စင်အောင်၊ ကိုကျော်ဇင်မျိုးလွင်-မသဲမွန်ထွန်း၊ ကိုအောင်မျိုးဇော်၊ ကိုမင်းသက်ကျော်၊ ကိုကြည်စိုးဟန်၊ မခင်ပြည့်ဖြိုး၊ မဆုရည်နု၊ ကိုကျော်စိုးမင်း၊ ကိုရဲဝင့်ဇော်တို့၏အဘွား၊ မောင်ဖြိုးမင်းထင်၊ မောင်သီဟထွန်း၊ မဆုအိန္ဒြေကျော်တို့၏ဘွားဘွားကြီးသည် ၁၄-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းမြ
### အသက်(၈၈)နှစ်

ဗိုလ်မှူးမျိုးကြည်မင်း(ငြိမ်း)၏မိခင်ကြီး ဒေါ်သိန်းမြသည် ၁၄-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းများ**

## ဒေါ်ယဉ်နု(ပြွန်တန်ဆာ) အသက်(၇၄)နှစ်
### (အထပြ၊ ငြိမ်း)
### အလက(၁)ဘိုကလေး၊ အထက(၂)မအူပင်၊ အထက ပြွန်တန်ဆာ

ပြွန်တန်ဆာမြို့၊ မြို့မ(၂)နေ(ဦးထွန်းဘ-ဒေါ်ငွေအောင်)တို့၏သမီး၊မြင်းခြံမြို့၊ စွန်းလွန်းရပ်ကွက်နေ (ဦးစက်ရှင်-ဒေါ်ခွေး)တို့၏သမီးချွေးမ၊ ကမာဖရုံကျေးရွာနေ ဦးလှကျော်-(ဒေါ်ခင်ညွန့်)၊ ပြွန် တန်ဆာမြို့နေ (ဦးပါ)-ဒေါ်ဝင်း၊ (ဦးကိုကြီး-ဒေါ်ခင်မြင့်)၊ဦးရွှေသိန်း-ဒေါ်တိုးကြည်တို့၏ညီမ၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်၊ ရတနာပုံလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ကိုရဲထွန်းနှင့်(ဒိုက်ဦး လျှပ်စစ်)-ဒေါက်တာထွန်းထွန်းဦး(နေခြည် သွားနှင့်ခံတွင်းဆေးခန်း)၊(ကိုထွန်းသူ)၊ မနုစ်ဆန်းထွန်းတို့၏မိခင်၊ မောင်အကာချမ်း၊ မသက်ထားဆွေတို့၏အဘွားသည် ၁၄-၆-၂၀၁၅ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ပြွန်တန်ဆာမြို့ အရှေ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၅ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရဲအုပ်သန်းဇော်
### ဒုရဲအုပ်လောင်း ၄၆/၂၀၀၂
### တိုင်းရဲအကူတပ်ဖွဲ့ခွဲ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့
### အသက်(၃၈)နှစ်

တိုင်းရဲအကူတပ်ဖွဲ့ခွဲ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းဇော်သည် ၁၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းအပတ်စဉ် ၄၆/၂၀၀၂ မှ**
**သူငယ်ချင်းများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်သိန်းခင်(ဂန့်ဂေါ်တောင်)
### သားဖွားဆရာမ(ငြိမ်း)
### အသက်(၈၂)နှစ်

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မ/၁၈၊ သာယာအေး(၁)လမ်းနေ (ဦးမိုး-ဒေါ်ရှာ)တို့၏ သမီးကြီး၊ ဦးမောင်တင်၊ ဦးဆလိုင်းမောင်ထွန်း၊ ဦးဆလိုင်းရွှေနီ၊ ဦးဆလိုင်းကျော်အောင်တို့၏အစ်မကြီး၊ဦးစောမြအောင်(မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်မြ-ဒေါ်တင်တင်ညို၊ ဒေါ်ခင်ခင်မြ (တပ်/ချည်ထည်၊ သမိုင်း)-ဦးစမ်းစင်တို့၏မိခင်၊ မိုင်မြမ္ဗူတင် (IRC)၊ မိုင်မြသဇင်တင် (ခေတ္တ-ကာတာ)၊ မိုင်မြသဲသဲတင် (ခေတ္တ-ဒူဘိုင်း)တို့၏အဘွားသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အင်းစိန်ရွာမ နှစ်ခြင်းခရစ်ယာန်အသင်းဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်မြိုင် (မြန်အောင်မြို့)
### ကုန်သွယ်ရေး(ငြိမ်း)
### အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ဘုရားငုတ္တိုအုပ်စု၊ ဘုရားငုတ္တိုကျေးရွာနေ (ဦးအေးမောင်-ဒေါ်စိန်သင်)တို့၏သမီးငယ်၊ ဘုရားငုတ္တိုရွာနေ (ဦးဘာဘူစိန်)-ဒေါ်စိန်ဝင်းတို့၏ ညီမ၊ မြန်အောင်မြို့နယ်၊ အင်ပင်မြို့၊ မြို့မလမ်းနေ (ဦးကျော်ဝ-ဒေါ်အုန်း)တို့၏ သမီးချွေးမ၊ မြန်အောင်မြို့၊ အောင်ဝတီ(က)လမ်းနေ (ဦးညိုမောင်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အထက-မြန်အောင်)၏ချစ်လှစွာသောဇနီး၊ စင်ကာပူနိုင်ငံနေ ဦးအေးစိုး-ဒေါ်သန်းသန်းစိုး၊ အမေရိကန်နိုင်ငံနေ ဦးပီတာထွန်းလွင်- ဒေါ်ဝေဝေမြင့်၊ မြန်အောင်မြို့နေ ဦးကျော်ဇေယျ-ဒေါ်စမ်းစမ်းအေး၊ ဦးချမ်းမြေ့စိုး-ဒေါ်သင်းသင်းအောင် (စာရင်းစစ်ရုံး၊ဘိုကလေး)၊ဦးအောင်စိုးမိုး(အင်ဂျင်နီယာမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) - ဒေါ်ဇင်မိုး (Government Relations Coordinator, Plan International Myanmar)တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၂-၆-၂၀၁၅ရက် နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် မြန်အောင်မြို့၊ မြို့မတဲကြီးကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါက်တာမောင်မောင်သိန်း
### အငြိမ်းစား တိုင်း ရ.ပ.က.န ဆရာဝန်
### (စစ်ကိုင်းတိုင်းဒေသကြီး)
### အသက်(၇၃)နှစ်

တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၂၇၉ (စီ-၄)နေ (ဒေါက်တာမိုးမိုးမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမြစန္ဒာသိန်း (ရန်ကုန်ကလေးဆေးရုံကြီး)၊ မစိုးသန္တာသိန်းတို့၏ဖခင်သည် ၁၄-၆-၂၀၁၅ရက်တွင်အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၅-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင်ရေဝေးကဘာရ်စတန်၌ဒါဖနာ ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း(ခ)
## ဦးတင်ထွန်းဦး
### အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန(ငြိမ်း)၊ တာမွေမြို့နယ်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၇နေ(ဦးလွန်းတင်-ဒေါ်မြတင်)တို့၏သား၊ ဦးတင်သိန်း-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်မျိုးချွန်-ဒေါ်ခင်စန်းအေးတို့၏အစ်ကိုကြီး၊(ဒေါ်ခင်စီ)၏ခင်ပွန်း၊ မောင်ဝဏ္ဏထွန်း၏ဖခင်သည် ၁၄-၆-၂၀၁၅ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစောနိုး
### သ/မ(ငြိမ်း)
### အသက်(၁၀၂)နှစ်

လှိုင်ကော်မြို့၊ ရှမ်း/၆၆၊ ရှမဝလမ်း၊ ရှမ်းစုရပ်ကွက်နေ (ဦးခူးဘီ-ဒေါ်အဟွာ)တို့၏သား၊ (ဒေါ်နော်မားစေ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးလှငွေး)-ဒေါ်နော်မလားနီ၊ ဦးစောဆန်နီ-ဒေါ်နော်ရိုးမာထူး၊ ဦးအောင်ဇော်-ဒေါ်နော်ချားရတီနိုး၊ ဦးသန်းထွဋ်စိန်-ဒေါ်နော်ဝီးနီနိုး၊ ဦးစောနိုင်-ဒေါ်နော်ဘေဘီနိုး၊ ဦးနေမျိုးနောင်-ဒေါ်နော်ဘဲ(လ်)လာနိုး၊ ဦးစောဘဲကော်-ဒေါ်နန်းမိုးမိုးဦးတို့၏ဖခင်ကြီး၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် လှိုင်ကော်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း(ဒေါ်ဥရု)၌ ဝတ်ပြုဆုတောင်းပြီး လေးမိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### သရက်မြို့ဇွယ်တော်မြတ်တင်ရွှေကလာပ်
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးနိုင် (ပြည်၊ သရက်)
### အသက်(၈၆)နှစ်

သရက်မြို့၊ ဈေးရပ်၊ ကုန်သည်လမ်းနေ (ဒေါ်မြညို)၏ခင်ပွန်း၊ (ဦးဘတင်-ဒေါ်နှင်းကြည်)တို့၏သား၊ ပြည်မြို့နေ(ဦးထွန်း-ဒေါ်ခင်မြင့်)၊ ဒေါ်ကြိတ်၊ ဦးတင်အောင်သိမ်း၊ ဗိုလ်မှူးကြီးသိန်းဆိုင်(ငြိမ်း)-(ဒေါ်ကြင်မြိုင်)၊ ဦးသောင်းညွန့်-ဒေါ်မြမြဝင်း(မန္တလေး)၊ဦးအောင်ဖေ-ဒေါ်လုံးတို့၏အစ်ကို/မောင်၊ ရန်ကုန်မြို့နေ ဦးလှိုင်သန်းမော်-ဒေါ်နုနုရီ၊ သရက်မြို့နေ ဦးတင်အောင်မြင့်- ဒေါ်သန်းသန်းငွေး၊ ရန်ကုန်မြို့နေ ဦးလှထူးကျော်-ဒေါက်တာလှမြတ်မွန်၊ မကွေးမြို့နေ ဦးတိုးကြွယ်လှိုင်-ဒေါ်သီတာလှိုင်တို့၏ဖခင်၊ ကိုရဲမျိုးမောင်-မအိမ့်ဆုမွန်၊ မနှင်းလဲ့အောင်၊ ကိုမိုးပြည်စိုး၊ မမြသဇင်၊ ဒေါက်တာရဲလှိုင်မြင့်၊ မရီမွန်ဦး၊ မောင်နိုင်ထွန်းလင်း၊ မောင်လှိုင်ဘုန်းမြတ်၊ မချမ်းမြေ့လှိုင်ဇာ၊ မချမ်းပြည့်လှိုင်ဇာတို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၅ရက်တွင် သရက်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်မောင် (အထကချောင်းဦးကျောင်းဆရာကြီး၊ ငြိမ်း)
### ချောင်းဦးမြို့
### အသက်(၈၆)နှစ်

မုံရွာမြို့၊ ဈေးလမ်းရုံးကြီးရပ်နေ ဆက်သွယ်ရေးတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းဦး(ငြိမ်း)-ဒေါ်မြင့်မြင့်တင်(အောင်သီဟသံဆိုင်)၊ ချောင်းဦးမြို့၊ မြို့မရပ်နေ ဗိုလ်ကြီးအောင်ချိုဦး(ငြိမ်း)၊ ဦးအောင်စိုးဝင်း-ဒေါ်ထားထားဦးတို့၏ဖခင်၊ (ဆရာမကြီးဒေါ်သိန်းနွဲ့)၏ခင်ပွန်း၊ ဗိုလ်ကြီးဝေဖြိုးအောင်-မပွင့်သဉ္ဇာဦး၊ ကိုဝေယံဦး၊ မသက်သက်မြတ်နိုးဦး၊ မောင်မိုးပိုင်စိုးတို့၏အဘိုး၊ မောင်ချမ်းဘုန်းနိုင်၏ဘိုးဘိုးကြီးသည် ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ချောင်းဦးမြို့နေအိမ်မှ မေဃဝန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးချို (လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနမှ ကထိက၊ ဆရာမ ဒေါ်လှလှမွန်၏မိခင် ဒေါ်အေးချိုသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စီမံခန့်ခွဲမှုပညာဌာနမှ**
**လုပ်ဖော်ကိုင်ဖက် ဆရာ/ဆရာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးချို (လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာနမှ ကထိက၊ ဆရာမ ဒေါ်လှလှမွန်၏မိခင် ဒေါ်အေးချိုသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**EMBA 11th Batch မှ**
**တပည့်များ**

## ဒေါ်အေးချို
### လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ ၄ လမ်း၊ အမှတ် ၄၇၆နေ ဦးငွေခိုင်-ဒေါ်ငွေလှတို့၏သမီး၊ ဦးသန်းညွန့်၏ဇနီး၊ ဒေါ်လှလှမွန် (စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးရည်မွန်-ဒေါ်အေးအေးခိုင်၊ ဒေါ်ချိုချိုမွန်တို့၏ချစ်လှစွာသောမိခင်၊ မောင်ရဲရင့်မွန်၏အဘွားသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဖိုးသော်တာ(ခ)
## ကိုငွေးကြွယ်
### CDC-29440
### N0.1-OILER
### EL Shipping Co.,Ltd.
### အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၅၇၄ (ရှစ်လွှာ)နေ(ဗိုလ်မှူးမိုးဟိန်း-ဒေါ်ရီရီ)တို့၏သား၊(ဗိုလ်မှူးတင်မြင့်-ဒေါ်တင်အေး)တို့၏သားသမက်၊ ဒေါ်လှလှရွှေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟအောင်(Uniteam)၊ မောင်သိန်းမင်းအောင် (BSN)တို့၏ ဦးလေးသည် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၆နာရီတွင် ဗီယက်နမ်နိုင်ငံ၊ THI-Vai) General Post သင်္ဘောပေါ်၌တာဝန်ထမ်းဆောင်ရင်းကွယ်လွန်သွားပါသဖြင့် ဗီယက်နမ်နိုင်ငံတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ရွှေတံဆိပ်မရခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးကိုယ်စားဂုဏ်ယူ

နေပြည်တော်　　ဇွန်　　၁၅

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ပြီးချိန် ဇွန် ၁၅ ရက် ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသော အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံဖုန်းဆက်၍ မြန်မာဘောလုံးအသင်းကစားသမားများအနေဖြင့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်နိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း။

ရွှေတံဆိပ်မရရှိခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်ခဲ့မှုအပေါ် မြန်မာပြည်သူတစ်ရပ်လုံးကိုယ်စား ဂုဏ်ယူမိပါကြောင်း၊ အသင်းသားများအားလုံးသည် ပြည်သူ သန်းငါးဆယ်ကျော်၏ ရင်ထဲမှ ချစ်ခြင်းမေတ္တာကို ရရှိထားပြီးဖြစ်ပါကြောင်း၊ မြန်မာအသင်းနည်းပြ ဦးကြည်လွင် ခေါင်းဆောင်သည့် ဘောလုံးသမားများနှင့် တာဝန်ရှိသူအားလုံး ပြည်သူများ၏ ချန်ပီယံများဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများကို ဆက်လက်ပြောကြားပေးပါရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ပြည်သူများတစ်ခဲနက်အားပေး



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဇွန် ၁၅ ရက် ည ၇ နာရီက မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများအားလုံးနည်းတူ ရန်ကုန်တိုင်းဒေသကြီးမှ ဘောလုံးဝါသနာအိုးများကလည်း ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ အယ်လ်အီးဒီဘုတ်မှတစ်ဆင့် ဤသို့ တစ်ခဲနက် အားပေးကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်　ဇွန်　၁၅**

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပပုံများကို ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် MRTV News Channel, MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






mmalin.npt @ gmail.com, www. facebook.com/MYANMAALINNEWS
R/488

